မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

Established in 1914

အတွဲ (၅၂) အမှတ် (၂၇၁)

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက် ၂၀၁၃ ခုနှစ်၊ ဇူလိုင် ၃ ရက်၊ ဗုဒ္ဓဟူးနေ့။

နိုင်ငံတော် အရေး(၃)ပါး

- ပြည်ထောင်စု မပြိုကွဲရေး။
- တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၃

၂၀၁၃ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၃

၂၀၁၃ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခယ်လ် မီယာစနီကိုဗစ်ချ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အိန္ဒိယနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု ဆက်လက်မြှင့်တင်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Gautam Mukhopadhaya အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Gautam Mukhopadhaya အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

တွေ့ဆုံရာ၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ခိုင်မာရေး၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု ဆက်လက်မြှင့်တင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

လက်ခံတွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်လည်း တက်ရောက်သည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာအလွတ်တန်းတိုက်ကွမ်ဒိုပြိုင်ပွဲတွင် မြန်မာအသင်းရွှေနှစ်၊ ငွေတစ်၊ ကြေးလေးခုရရှိ

ရန်ကုန် ဇူလိုင် ၂

အင်ဒိုနီးရှားနိုင်ငံ၌ ဇွန် ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့သော (၁၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလွတ်တန်း တိုက်ကွမ်ဒိုပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် တိုက်ကွမ်ဒို အားကစားအဖွဲ့သည် ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးလေးခု ဆွတ်ခူးခဲ့ပြီး အသက် ၁၉ နှစ်မှ ၂၉ နှစ် စီနီယာတန်း အသင်းလိုက်ပြိုင်ပွဲ၌ ဒုတိယဆုဖလားရရှိကာ အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဇော်ဝင်း ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၈ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

အမျိုးသမီး အသင်းလိုက် ကကွက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ယမင်းကေခိုင်၊ သက်မြတ်နိုးဝေနှင့် ချောကလျာဝင်းတို့အား ဆုရရှိသူများနှင့်အတူ တွေ့ရစဉ်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား

သတင်းနှင့်ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

အမျိုးသမီး နှစ်ယောက်တွဲ ကကွက်ပြိုင်ပွဲ၌ သော်ဇင်ဟန်နှင့် သက်မြတ်နိုးဝေတို့အတွဲက ရွှေတစ်ခု၊ အမျိုးသမီးအသင်းလိုက် ကကွက်ပြိုင်ပွဲ၌ ယမင်းကေခိုင်၊ သက်မြတ်နိုးဝေနှင့်

စာမျက်နှာ ၉ ကော်လံ ၅ ▲

မာတိကာ

သမ္မတအိုဘားမား နိုင်ငံရေးခိုလှုံခွင့်ကို ပိတ်ပင်နေဟု သတင်းဖွင့်ချသူ စနိုးဒန်း စွပ်စွဲပြောကြား — *စာမျက်နှာ - ၄*

လက်နက်အစိတ်အပိုင်းများ မှောင်ခိုသယ်ဆောင်သည့် ယာဉ်နှစ်စီးဖမ်းမိ — *စာမျက်နှာ - ၁၀*

ဆီရီနာဝီလျံ၏ ခြောက်လုံးမြောက် ဝင်ဘယ်ဒန်အိပ်မက် ပျက်ပြယ် — *စာမျက်နှာ - ၁၄*

မြန်မာပြည်အတွက် ဖြန့်ချိခွင့် တစ်ဦးတည်းကိုယ်စားလှယ်

Super Power

Electric Industry Co., Ltd.

Tel: 01 552594, 558386, 558422

Email: spowercompany@gmail.com/ info2@mspei.com

THE LEADING CABLE SOLUTIONS PROVIDER IN ASEAN

JJ-LAPP CABLE

www.jj-lappcable.com

MADE IN GERMANY

JJ-PUN



မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မိခင်ဖြစ်လာမည့် မြန်မာအမျိုးသမီးတို့၏ တာဝန်

မိဘတို့သည် နှလုံးသားပမာ ယုယမြတ်နိုးရသော ရင်နှစ်သည်းချာတို့ကို ဖြောင့်ဖြူးသာယာသော လမ်းကြောင်းပေါ်သို့ ရောက်ရှိရန်၊ အေးမြသောအရိပ်အာဝါသ ရရှိရန်တို့အတွက် ဖန်တီးပုံဖော်ပေးကြသည်။ ဖယောင်းသားပမာ နူးညံ့ပျော့ပျောင်းသော မိခင်နို့သက်ခံဘဝမှ စတင်ပြီး ရည်မှန်းချက်ပန်းတိုင်ရောက်သည်အထိ အမျိုးမျိုးပုံဖော်ပေးကြသည်။ မိခင်ဟူသော စကားနှစ်လုံးသည် လူတို့၏စိတ်ကို လွှမ်းမိုးချုပ်ကိုင်နိုင်စွမ်းရှိသည်။

မိဘတို့သည် သားသမီးတို့အား ရည်မှန်းချက်ပန်းတိုင်ရောက်ရှိသည်အထိ ရှင်သန်လှုပ်ရှားနိုင်ရန် သွန်သင်ဆုံးမ၍ လမ်းကြောင်းမှန်ပေါ်ရောက်ရှိသည်အထိ စွမ်းဆောင်ပေးကြသည်။ မိဘများ၏မေတ္တာသည် သိပ်သည်းပြည့်ဖြိုးထုထည်ကြီးမားလှသည်။ မိခင်တို့၏ နီစွေးသောနှလုံးသွေးသည် ချိုမြဖြူစင်သော နို့ရည်ကြည်များအဖြစ် ပြောင်းလဲသွားရသည်မှာ သားသမီးအပေါ်ထားရှိသည့် ကြီးမားသောမေတ္တာကြောင့်ပင်ဖြစ်သည်။ တိုးတက်နေသည့် နည်းပညာခေတ်ကြီးတွင် မည်သူမျှဖန်တီးနိုင်ခြင်းမရှိသော အတတ်ပညာကို မိခင်တို့၏ နှလုံးသွေးမေတ္တာ နှင့်သာ ဖန်တီးနိုင်ခြင်းသည် မိခင်တို့၏ မေတ္တာထုထည်က သက်သေထူလျက်ရှိသည်။ မိခင်တို့သည် မရိုးနိုင်သည့် ဂုဏ်ကျက်သရေဖြင့် မြင့်မြတ်သောလူသားဖြစ်သည်။

မြတ်စွာဘုရားသည် ဗုဒ္ဓအဖြစ်ရောက်တော်မူပြီး ခုနစ်ဝါမြောက်တွင် တာဝတိံသာနတ်ပြည်၌ ဝါဆို ဝါကပ်တော်မူသည်။ မယ်တော်ဖြစ်ခဲ့ဖူးသော မယ်တော်မာယာဒေဝီသည် တာဝတိံသာနတ်ပြည်တွင် သန္တုသိတနတ်သားဖြစ်နေရာ မယ်တော်အား အဘိဓမ္မာတရားဟောကြားခြင်းဖြင့် ကျေးဇူးဆပ်လိုသောကြောင့် မယ်တော်မိနတ်သားနှင့် နတ်ဗြဟ္မာအပေါင်းတို့အား တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားတော်မြတ်ကို ဟောကြားတော်မူခဲ့ပြီး ကျေးဇူးဆပ်ခဲ့သည်။ ပုဂံခေတ်တွင် မိခင်၏မေတ္တာဖြင့် ရာဇကုမာရ်သည် ရာဇဝင်တွင်ခဲ့သည်။ ထီးနန်းစည်းစိမ်နှင့်လွဲခဲ့ရသော သားတော်အား ဖခင်အပေါ် ဒေါသမပွား အမျက်မထားရန်၊ လိမ္မာစေရန် သွန်သင်ဆုံးမခဲ့သည့် စံပြမိခင် သမ္ဘူလဒေဝီဖြစ်သည်။ မိခင်ကောင်းကျေးဇူးကြောင့် ရာဇကုမာရ်ကျောက်စာသည် မြန်မာစာပေ အစကောင်းခဲ့သည်။

လူ့ဘောင်အဖွဲ့အစည်း၏ အမြုတေဟုဆိုရမည့် မိခင်နှင့်ကလေးများ၏ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျပြီး အေးချမ်းသာယာသော မိသားစုကမ္ဘာဖြစ်ရန် မိခင်နှင့်ကလေးများသည် အခြေခံအကျဆုံး ဖြစ်သည်။ မိခင်တို့သည် မွေးဖွားလာမည့် ရင်သွေးငယ်တို့အတွက် အမိဝမ်းတွင်းကလလရေကြည် တည်သည့်မှအစပြုပြီး စိုးရိမ်သောက မေတ္တာကြီးမားစွာဖြင့် မွေးဖွားပေးပြီး ပြုစုပျိုးထောင်ပေးကြရသည်။

မြန်မာလူမျိုးတို့သည် ဘာသာတရား၊ ကျင့်ဝတ်သီလများ စောင့်ထိန်းကြပြီး တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင်နှင့် ပေါင်းသင်းဆက်ဆံနေထိုင်ကြပြီး လူသားတန်ဖိုးနှင့် ယဉ်ကျေးမှုအစဉ်အလာများကိုလည်း လေးစားလိုက်နာကြသည်။ မိသားစု၏ ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်ကြသည်။ အနာဂတ် မျိုးနွယ်ဆက်များအပေါ် လုံခြုံစိတ်ချရသော မိသားစုဖြစ်ရန် တည်ဆောက်ပေးကြရမည်ဖြစ်သည်။ ယင်းတာဝန်ကို မိခင်များဖြစ်လာမည့် မြန်မာအမျိုးသမီးများက ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်သည်။ သမိုင်းအဆက်ဆက်၊ ခေတ်အဆက်ဆက် ထိန်းသိမ်းလာခဲ့သည့် မြန်မာအမျိုးသမီးတို့၏ ဟိရိဩတ္တပ္ပတရား လက်ကိုင်ထား၍ ဂါရဝေါစ၊ နိဝါတောစ မင်္ဂလာတရားတော်တို့နှင့် ကျင့်ကြံနေထိုင်သွားကြရမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

သဘာဝဘေးကြိုတင်ပြင်ဆင်မှုဆိုင်ရာ ပစ္စည်းများလွှဲပြောင်းပေးအပ်

နေပြည်တော် ဇူလိုင် ၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် ဇူလိုင် ၁ ရက် နံနက် ၁၁ နာရီက နေပြည်တော် ဟိုတယ်ဇုန် ဇမ္ဗူသီရိဟိုတယ်၌ ကျင်းပသော CARE MYANMAR အဖွဲ့အစည်းမှ သဘာဝဘေးကြိုတင်ပြင်ဆင်မှုဆိုင်ရာ ပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားရာတွင် သဘာဝဘေးအန္တရာယ်ကြောင့် လူ့အသက်အိုးအိမ်များ၊ အခြေခံအဆောက်အအုံများနှင့် သဘာဝပတ်ဝန်းကျင်များ ပျက်စီးဆုံးရှုံးနေရသဖြင့် သဘာဝဘေးကြိုတင်ပြင်ဆင်မှုဆိုင်ရာလုပ်ငန်းများကို အရေးတကြီး ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း၊ သဘာဝဘေး စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများအတွက် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဆင့် ဗဟိုကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ထောက်ပံ့ပေးသော ပစ္စည်းကိရိယာများကို ဘေးဒဏ်သင့်ပြည်သူများလက်ဝယ်သို့ ရောက်ရှိအောင် စနစ်တကျ ထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ပြန်လည်ပေးအပ်

ဆက်လက်၍ CARE MYANMAR အဖွဲ့အစည်းမှ ဌာနေကိုယ်စားလှယ် Mr. Brian Agland က ပစ္စည်းများ လွှဲပြောင်းပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စုစုပေါင်းငွေကျပ် ၂၉၂၂ သိန်းခန့် တန်ဖိုးရှိ မိသားစုသုံးပစ္စည်း (Family Kit) အထုပ် ၄၁၀၀၊ ရှေးဦးသူနာပြုသေတ္တာအလုံး ၁၈၀ နှင့် Lap-Top Printer နှင့် Fax- Phone သုံးစုံတို့ကို လွှဲပြောင်းပေးအပ်ရာပြည်ထောင်စုဝန်ကြီးကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်ခုပ်ပင်ဘူတာတွင် စာပို့ရထားများ ပြန်လည်ရပ်နားပေး၍ ခရီးသွားများနှင့် ဒေသခံပြည်သူများပျော်ရွှင်

နတ်မောက် ဇူလိုင် ၂

ပျဉ်းမနား-ကျောက်ပန်းတောင်းမီးရထားလမ်းပိုင်းတွင်ရှိသော နတ်မောက်မြို့နယ် လက်ခုပ်ပင်ဘူတာတွင် စာပို့ရထားစတင်ပြေးဆွဲသည့်အချိန်မှ ၁၉၉၄ ခုနှစ်မတိုင်မီကာလများအထိ စာပို့ရထားများရပ်နားခဲ့ဖူးသည်။ အကြောင်းကြောင်းကြောင့် ၁၉၉၄ ခုနှစ်နောက်ပိုင်း စာပို့ရထားများရပ်နားခြင်းမပြုတော့ဘဲ လော်ကယ်ရထားတစ်စီးသာ ရပ်နားခဲ့သည်။ စာပို့ရထားမရပ်တော့၍ ခရီးသွားရဟန်းသံဃာနှင့် ပြည်သူများသွားလာရေးဒုက္ခရောက်မှုကို သက်ဆိုင်ရာသို့ တင်ပြချက်အရ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာ ၂၀ ရက်က အမှတ် ၁၀၁၊ ၁၀၂ စာပို့ရထားများ လက်ခုပ်ပင်ဘူတာတွင် ရပ်နားပေးခဲ့သည်။ သို့ရာတွင် ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာ ၂၉ ရက်က စာပို့ရထားများရပ်နား

ပေးခြင်းမရှိတော့ကြောင်း သိရသည်။

စာပို့ရထား ပြန်လည်ရပ်နားပေးရေးနှင့် စပ်လျဉ်း၍ မြန်မာ့အလင်း သတင်းစာတွင် ရထားရပ်နားပေးရန် ရေးသားတင်ပြခြင်းနှင့် ကျေးရွာပြည်သူများအပါအဝင် မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က သက်ဆိုင်ရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ တင်ပြခဲ့ကြောင်းသိရသည်။ ယခုအခါ စာပို့ရထားရပ်နားပေးရေး ဒေသခံပြည်သူတို့၏ဆန္ဒကို ဖြည့်ဆည်းပေးသည့်အနေဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ဇူလိုင် ၁ ရက်မှစ၍ အမှတ် ၁၀၁၊ ၁၀၂ စာပို့ရထားများ ပြန်လည်ရပ်နားပေးပြီဖြစ်သည်။ ဒေသခံ၊ ရဟန်းသံဃာများနှင့်ပြည်သူများက အိုးစည်ဗုံမောင်းများဖြင့် ကြိုဆိုကြပြီး စိတ်ချမ်းသာပျော်ရွှင်နေသည့် မြင်ကွင်းကို တွေ့မြင်ခဲ့ရသည်။

"အခုလို မြန်မာ့မီးရထားက လက်ခုပ်ပင်ဘူတာမှာ စာပို့ရထားတွေ ပြန်လည်ရပ်နားပေးတဲ့အတွက် အစိုးရနဲ့ မြန်မာ့မီးရထားကို အထူးကျေးဇူးတင်ပါတယ်။ ဒီဘူတာကို ဈေးသာ၊ ကြက်လျှာ၊ ကြူအိုင်၊ လျှော်တောင်၊ ဖုန်ကုန်း၊ နငွေးချိုစတဲ့ရွာတွေက ရထားလာစီးကြပါတယ်။ စာပို့ရထားရပ်အောင် စီစဉ်ပေးတော့ သွားရေးလာရေး အဆင်ပြေလို့ ပျော်ရွှင်နေပါတယ်။ စီစဉ်ပေးသူအားလုံး တိုးတက်အောင်မြင်ပါစေလို့ ဆန္ဒပြုပါတယ်" ဟု ဒေသခံ ဦးသန်းလွင်က ပြောပြသည်။ (၁၂၇)

ပြည်သူ့ဘဝကျန်းမာရေးအတွက် သန့်ရှင်းသောလေရရှိရေးဖိုရမ် ကျင်းပ

ရန်ကုန် ဇူလိုင် ၂

ပြည်သူ့ဘဝ ကျန်းမာရေးအတွက် သန့်ရှင်းသောလေ ရရှိရေး Clean Air of our Right for Healthier Life ဖိုရမ်ကို ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ ဇွန် ၂၉ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပခဲ့သည်။ အခမ်းအနားတွင် ကျောက်မီးသွေးအဆိပ်သင့်မှုကြောင့် သေဆုံးသွားရသည့်သူများအတွက် တစ်မိနစ်ခန့် ငြိမ်သက်ဂါရဝပြုကြသည်။

ထို့နောက် စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်းဉက္ကဋ္ဌ ဦးဝင်းမျိုးသူက အမှာစကားပြောကြားပြီး သတ္တုတွင်းဝန်ကြီးဌာန အငြိမ်းစား အထွေထွေမန်နေဂျာ ဦးစောမိုးမြင့်က မြန်မာနိုင်ငံနှင့် ကျောက်မီးသွေးအကြောင်း၊ လုပ်ငန်းခွင်ကျန်းမာရေး ဦးစီးဌာန အငြိမ်းစားညွှန်ကြားရေးမှူး ဒေါက်တာသန်းထွန်းက လေထုညစ်ညမ်းခြင်းနှင့် ပြည်သူ့ကျန်းမာရေးအကြောင်းတို့ကို ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ Green Peace အဖွဲ့၏ ဖဲ့မော့မှတ်တမ်းဗီဒီယို ပြသပြီး ပြည်သူ့ပန်ကြားလွှာဖတ်ကြားခြင်းနှင့် တက်ရောက်သူများက မေးမြန်းခြင်းများကို ပြန်လည်ဖြေကြားသည်။

အဆိုပါ ဖိုရမ်ကို စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် ECODEV အဖွဲ့တို့ ပူးပေါင်းစီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်



ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

နေပြည်တော်
အဆင့်မြင့်ရုပ်ရှင်ရုံ
ဖုန်း- 251277
251288

မင်္ဂလာ (၂)
အဆင့်မြင့်ရုပ်ရှင်ရုံ

မင်္ဂလာရှိုင်းမွန်း
အဆင့်မြင့်ရုပ်ရှင်ရုံ

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Gautam Mukhopadhaya အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

လက်ခံတွေ့ဆုံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Gautam Mukhopadhaya အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီ သီရိဒ္ဒုံ ထိုင်းဘုရင့်တပ်မတော် ဗိုလ်လောင်းများနှင့်အတူ ရန်ကုန်မြို့၌ ကြည့်ရှုလေ့လာ

ရန်ကုန် ဇူလိုင် ၂

ထိုင်းနိုင်ငံ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီ သီရိဒ္ဒုံသည် ထိုင်းဘုရင့်တပ်မတော် ဗိုလ်လောင်းများနှင့်အတူ ဒေသန္တရဗဟုသုတရရှိရေး ခရီးစဉ်အဖြစ်လည်ပတ်ရန် ယနေ့နံနက် ၇ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြရာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Pisanu Suvanaiata နှင့်ဇနီး၊ ထိုင်းစစ်သံမှူးများနှင့် ဇနီးများ၊ သံရုံးမိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ထိုင်းဘုရင့်သမီးတော်နှင့်အဖွဲ့သည် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ ရောက်ရှိရာ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး တာဝန်ရှိသူတစ်ဦးက အမျိုးသားပြတိုက် အကြောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထိုင်းဘုရင့်သမီးတော်နှင့် အဖွဲ့သည် အမျိုးသားပြတိုက်အတွင်းရှိ ပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ထိုင်းဘုရင့်သမီးတော်နှင့်အဖွဲ့သည် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက ကြိုဆိုကြပြီး မြို့မဖခင်ကြီး ဦးဘလွင်ခန်းမ၌ ကျောင်းအုပ်ဆရာကြီးက ကျောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသားကျောင်းသူလေးများက မြန်မာ့ရိုးရာယဉ်ကျေးမှုအကပဒေသာဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ထိုင်းဘုရင့်သမီးတော်နှင့် ကျောင်းအုပ်ဆရာကြီးတို့သည် အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။

ယင်းနောက် ထိုင်းဘုရင့်သမီးတော်သည် ကျောင်းပရိဝုဏ်အတွင်း ကံ့ကော်ပင်ကို အမှတ်တရ စိုက်ပျိုးပေးပြီး ကျောင်းသား ကျောင်းသူလေးများ၏ ပညာသင်ကြားသင်ယူနေမှုနှင့် ကျောင်းစာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။ **(အပေါ်ပုံ)**

မွန်းလွဲ ၂ နာရီတွင် လေ့လာရေးအဖွဲ့သည် ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်သို့ရောက်ရှိကြရာ ပါမောက္ခချုပ် ဒေါက်တာဒေါ်လွင်လွင်စိုးက တက္ကသိုလ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ထိုင်းဘာသာဌာနမှူးက ထိုင်းဘာသာဌာနအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ထိုင်းဘာသာသင်ယူနေကြသော ကျောင်းသူလေးများက ထိုင်းသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ်နှင့် ထိုင်းဘုရင့်သမီးတော်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် နိုင်ငံခြားဘာသာတက္ကသိုလ်အတွင်း သင်ကြားသင်ယူနေမှုများနှင့် စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုပြီး ဘာသာရပ်ဆိုင်ရာစာအုပ်များ လှူဒါန်းသည်။

ယင်းနောက် စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းရှိ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်သို့ရောက်ရှိကြရာ ပြတိုက်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး မူးယစ်ဗဟိုရုံးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာနမှ ရဲမှူးဇော်မင်းဦးက ပြတိုက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ပြတိုက်အတွင်း လှည့်လည် ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် ဧည့်သည်တော် ထိုင်းဘုရင့်သမီးတော်နှင့် အဖွဲ့သည် ရွှေတိဂုံ စေတီတော်မြတ်ကြီးအား လှည့်လည် ဖူးမြော်ကြည်ညိုသည်။

ထို့နောက် အထူးလေယာဉ်ဖြင့် ဗန်ကောက်မြို့သို့ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၃

၂၀၁၃ ခုနှစ် ဇူလိုင် ၃ ရက်တွင်ကျရောက်သည့် ဘယ်လာရုစ် သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဗလာဒီမီမာကီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် အလုပ်သမားများအား သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်နေရာချထားရေးအတွက် လူတွေ့စစ်ဆေးခံရန် အသိပေးနှိုးဆော်ခြင်း

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့်အလုပ်သမားများကို အလုပ်နေရာများသို့ အမြန်ဆုံးဝင်ရောက်နိုင်ရေးချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိရာ လာရောက်လျှောက်ထားသူ ၈၂ ဦးရှိသည့်အနက် ၅၅ ဦးကို အလုပ်ခန့်ထားဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။

၃-၇-၂၀၁၃ ရက်နေ့နှင့် ၄-၇-၂၀၁၃ ရက်နေ့များတွင် ၉ နာရီအချိန် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၁၃)ရပ်ကွက်၊ မြနန္ဒာလမ်း၊ အမှတ်(၂၉၈)ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လုပ်သားများ လုပ်ငန်းခွင် ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း ဖုန်း-၀၁-၅၆၄၇၇၃ တွင် ပြည်တွင်းကုမ္ပဏီများနှင့် စက်ရုံ၊ အလုပ်ရုံများမှ လူတွေ့စစ်ဆေးပြီး အလုပ်ခန့်ထားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် အလုပ်သမားများအနေဖြင့် အထက်ဖော်ပြပါ လိပ်စာသို့ ဇူလိုင်လ ၃ ရက်နေ့နှင့် ၄ ရက်နေ့များတွင် အလုပ်အကိုင်ကိစ္စ လာရောက်ဆက်သွယ်ဆောင်ရွက်နိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန

နိုင်ငံတကာသတင်း

မင်ဒဲလားမွေးနေ့ပွဲ ကျင်းပသွားရန် စီစဉ်နေ

ဂျိုဟန်နစ္စဘတ် ဇူလိုင် ၂

လာမည့် ဇူလိုင် ၁၈ရက်တွင် ကျရောက်မည့် နယ်လ်ဆင်မင်ဒဲလား မွေးနေ့ပွဲအခမ်းအနားကျင်းပသွားရန် စီစဉ်လျက်ရှိကြောင်း တောင်အာဖရိကသမ္မတ ဂျက်ကော့ဇူးမားက ပြည်သူများသို့ ပြောကြားလိုက်သည်။

တောင်အာဖရိကသမ္မတဟောင်း နယ်လ်ဆင်မင်ဒဲလားသည် ကမ္ဘာ့နိုင်ငံရေးလောကတွင် လူသိများထင်ရှားကျော်ကြားပြီး လာမည့်မွေးနေ့တွင် အသက် ၉၅နှစ်ရှိလာမည်ဖြစ်သည်။ သို့သော်လည်း ၎င်းသည် ပရီတိုးရီးယားဆေးရုံတွင် တက်ရောက်ကုသမှုခံယူလျက်ရှိပြီး စိုးရိမ်နေရသည့် အနေအထားရှိနေဆဲဖြစ်သည်။ ဇွန် ၈ ရက်မှစပြီး အဆုတ်ရောဂါ အပြင်းအထန်ခံစားနေရသည်။

မစ္စတာမင်ဒဲလားသည် တောင်အာဖရိကနိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ် ပြုပြင်ပြောင်းလဲရာတွင် တက်ကြွစွာပါဝင်ခဲ့သူဖြစ်သည်။ ဒီမိုကရေစီတက်ကြွလှုပ်ရှားမှုကြောင့် ထောင်တွင်းအကျဉ်းကျခံရပြီးနောက် သမ္မတဖြစ်လာခဲ့သူဖြစ်သည်။ ၎င်းသည် တောင်အာဖရိကနိုင်ငံတွင် ၂၀၁၀ ကမ္ဘာ့ဖလားပွဲကျင်းပခွင့်ရရှိရန် ဦးဆောင်ကြိုးပမ်းခဲ့သူလည်း ဖြစ်သည်။ **(ဘီဘီစီ)**

ကမ္ဘောဒီးယား၌ ယာဉ်မတော်တဆမှုကြောင့် ပထမနှစ်ဝက်တွင် သေဆုံးသူ ထောင်ကျော်ရှိ

ဖနောင်ပင် ဇူလိုင် ၂

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ် ပထမခြောက်လအတွင်း ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူ ၁၀၅၄ ဦးရှိခဲ့ကြောင်း၊ ပြီးခဲ့သည့်နှစ် အလားတူကာလများနှင့် နှိုင်းယှဉ်ပါက သေဆုံးမှု နှစ်ရာခိုင်နှုန်း လျော့ကျလာခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဇူလိုင် ၂ ရက်တွင် ပြောကြားခဲ့သည်။

ယခုနှစ် ဇန်နဝါရီလမှ ဇွန်လကုန်အထိ ယာဉ်မတော်တဆမှုပေါင်း ၂၂၅၄ ခုရှိခဲ့သဖြင့် ယမန်နှစ်ကာလများထက် လေးရာခိုင်နှုန်းလျော့နည်းလာခြင်းဖြစ်သည်ဟု ပြည်သူ့ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဆိုထားသည်။ နောက်ဆုံးဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုမှာ ဇွန် ၁၈ ရက်က ဖြစ်ပွားခဲ့သော တောင်ကိုရီးယားလူမျိုး မိသားစုတစ်စု စီးလာသောကားကို ဘတ်စ်ကားတစ်စီးက ဝင်တိုက်မိခြင်းဖြစ်သည်။ အဆိုပါယာဉ်မတော်တဆမှုတွင် ကိုရီးယားလူမျိုးသုံးဦးနှင့် ကမ္ဘောဒီးယားတစ်ဦးသေဆုံးပြီး တရုတ်အမျိုးသမီးနှစ်ဦးအပါအဝင် အခြားခုနစ်ဦးဒဏ်ရာရရှိခဲ့သည်။

ပြီးခဲ့သည့်နှစ်က ကမ္ဘောဒီးယားနိုင်ငံ၌ ယာဉ်မတော်တဆမှုကြောင့် ၁၈၉၄ ဦး အသက်ဆုံးရှုံးခဲ့ရပြီး ယင်းမတော်တဆမှုများကြောင့် ကုန်ကျငွေ တစ်နှစ်အတွင်း အမေရိကန်ဒေါ်လာသန်း ၃၀၀ ကုန်ကျခဲ့သည်ဟု ပို့ဆောင်ရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။ **(ဆင်ဟွာ)**

ပြင်သစ်သမ္မတ မိုဟာမက်မော်စီ

အီဂျစ်၌ ကြီးမားသော ဆန့်ကျင်ဆန္ဒပြမှုဖြစ်ပွားစဉ် ဝန်ကြီးလေးဦး သမ္မတမော်စီ၏ဝန်ကြီးအဖွဲ့မှ နုတ်ထွက်

ကိုင်ရို ဇူလိုင် ၂

အီဂျစ်ဝန်ကြီးလေးဦးသည် နိုင်ငံအတွင်းကြီးမားသော ကန့်ကွက်ဆန္ဒပြမှုများဖြစ်ပွားပြီးနောက် သမ္မတမိုဟာမက်မော်စီ၏ ဝန်ကြီးများအဖွဲ့မှ နုတ်ထွက်သွားခဲ့ကြောင်း ထိပ်တန်းအစိုးရအရာရှိတစ်ဦး၏ ပြောကြားချက်ကို ဇူလိုင်၂ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

ခရီးသွားလုပ်ငန်းဝန်ကြီး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီး၊ ဆက်သွယ်ရေးဝန်ကြီးနှင့် ဥပဒေရေးရာဝန်ကြီးများသည် ၎င်းတို့၏ နုတ်ထွက်စာများကို ဝန်ကြီးချုပ်ထံသို့ တင်သွင်းခဲ့ကြောင်း ထိပ်တန်းအီဂျစ်အစိုးရအရာရှိတစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ ဇူလိုင် ၂ ရက်က ပြောကြားခဲ့သည်။

အဆိုပါ ဝန်ကြီးလေးဦးနုတ်ထွက်မှုသည် မြို့တော်ကိုင်ရိုနှင့် အခြားသော အီဂျစ်မြို့ကြီးများတွင် ဇွန် ၃၀ ရက်က သမ္မတမော်စီအား ဆန့်ကျင်သည့် ကြီးမားသော ဆန္ဒပြမှုများ ကြုံတွေ့ခဲ့ပြီးနောက် တစ်ရက်အကြာတွင် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ယင်းဆူပူအုံကြွမှုတွင် လူပေါင်း ၁၆ ဦးခန့်သေဆုံးခဲ့ပြီး ရာနှင့်ချီ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

သမ္မတမော်စီက လူဆွာမြို့၏ မြို့တော်ဝန်အဖြစ် အဒဲလ်အယ်လ်ခါယက်ကို ခန့်အပ်ခဲ့ပြီးနောက် ခရီးသွားလုပ်ငန်းဝန်ကြီး ဟာရှင်ဇာဇူးသည် ရာထူးမှ နုတ်ထွက်ရန် ကြိုးစားနေခဲ့သည်ဟု ဆိုသည်။ သို့သော်လည်း ဟာရှင်ဇာဇူးသည် မြို့တော်ဝန်ခါယက် နုတ်ထွက်သွားပြီးနောက် ပြီးခဲ့သည့်သီတင်းပတ်က အလုပ်သို့ ပြန်လည်ရောက်လာခဲ့သည်ဟု ဆိုသည်။ **(ပရက်စ်တီဗွီ)**

မောင်မွေး ရေးသားသည်

သမ္မတအိုဘားမား နိုင်ငံရေးခိုလှုံခွင့်ကို ပိတ်ပင်နေဟု သတင်းဖွင့်ချသူစနိုးဒန်း စွပ်စွဲပြောကြား

မော်စကို ဇူလိုင် ၂

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် နိုင်ငံရေးခိုလှုံခွင့် အခွင့်အရေးများကို တားဆီးနှောင့်ယှက်နေသူဖြစ်ကြောင်း အမေရိကန်ထောက်လှမ်းရေးသတင်းများ ဖွင့်ချသူ အက်ဒဝပ်စနိုးဒန်းက စွပ်စွဲပြောကြားလိုက်ကြောင်း ဝီကီလိခ်ထုတ်ပြန်ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

မစ္စတာစနိုးဒန်းအနေဖြင့် ရုရှားနိုင်ငံသို့ နိုင်ငံရေးခိုလှုံခွင့် လျှောက်ထားပြီး ဇွန် ၂၃ ရက်တွင် မော်စကိုသို့ ရောက်လာပြီးကတည်းက ပထမဆုံးအကြိမ် လူသိရှင်ကြားကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

စီအိုင်အေဝန်ထမ်းဟောင်း စနိုးဒန်းသည် မော်စကိုမြို့လေဆိပ် ဟိုတယ်၌ ရှိနေဆဲဖြစ်သည်။ ၎င်းအား အမေရိကန်က ထောက်လှမ်းရေးသတင်းများ ပေါက်ကြားမှုဖြင့် တရားစွဲဆိုသွားရန် အလိုရှိနေသည်။ သမ္မတအိုဘားမားအနေဖြင့် မစ္စတာစနိုးဒန်းနိုင်ငံရေးခိုလှုံခွင့်တောင်းခံထားသော နိုင်ငံများကို နိုင်ငံရေးခိုလှုံခွင့်မပေးရန် ဖိအားပေးနေကြောင်းလည်း စနိုးဒန်းက စွပ်စွဲပြောကြားလိုက်သည်။ **(ဘီဘီစီ)**

နိုင်ဂျီးရီးယားတောင်ပိုင်းအကျဉ်းထောင်တိုက်ခိုက်မှု အကျဉ်းသား ၁၇၅ ဦး လွတ်မြောက်သွား

နိုင်ဂျီးရီးယား ဇူလိုင် ၂

လက်နက်ကိုင်များသည် နိုင်ဂျီးရီးယားနိုင်ငံတောင်ပိုင်းရှိ အကျဉ်းထောင်တစ်ခုကို တိုက်ခိုက်ခဲ့ရာ လူနှစ်ဦးသေဆုံးပြီး အကျဉ်းသား ၁၇၅ ဦး လွတ်သွားခဲ့ကြောင်း ဇူလိုင် ၂ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

အဆိုပါတိုက်ခိုက်မှုသည် နိုင်ဂျီးရီးယားတောင်ပိုင်း အွန်ဒိုပြည်နယ်မြို့တော်အကူရီရှိ အကျဉ်းထောင်တစ်ခုတွင် ဇွန် ၃၀ ရက်ညက ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း နိုင်ဂျီးရီးယန်းထရီဘုနီသတင်းဌာနက ဇူလိုင် ၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

နောက်ပိုင်းတွင် လွတ်မြောက်သွားသည့် အကျဉ်းသားအချို့ကို ပြန်လည်ဖမ်းဆီးနိုင်ခဲ့ကြောင်း ထောင်မှူးတွန်ဒေးအိုလာရီပိုလာက ကြေညာခဲ့သည်။

ဇွန် ၃၀ ရက်ညက အကူရီအကျဉ်းထောင်မှလွတ်မြောက်သွားသူ အကျဉ်းသား ၁၇၅ ဦးအနက် ၄၉ ဦးကို ပြန်လည်ဖမ်းဆီးနိုင်ခဲ့ကြောင်း နိုင်ဂျီးရီးယားအကျဉ်းထောင်မှ ပြောရေးဆိုခွင့်ရှိသူ အိုပီဖာတီနီကွန်က ဇူလိုင် ၁ ရက်က ထုတ်ပြန်ချက်တစ်ရပ်သို့ ပြောကြားခဲ့သည်။

အဆိုပါ တိုက်ခိုက်မှုအတွက် မည်သည့်အုပ်စုကမျှ ၎င်းတို့၏ လက်ချက်ဖြစ်သည်ဟု တုံ့ပြန်ပြောကြားခြင်းမရှိကြောင်း၊ သို့သော်လည်း မျက်မြင်တွေ့ရှိသူများနှင့် ဒေသခံများ၏ ပြောကြားချက်အရ အလားတူတိုက်ခိုက်မှုများကို လုပ်ဆောင်နေသည့် ဘိုကိုဟာရမ်း စစ်သွေးကြွများဖြစ်မည်ဟု အဓိကယူဆထားကြသည်။

မေ ၇ ရက်က ဘိုကိုဟာရမ်း စစ်သွေးကြွများသည် နိုင်ဂျီးရီးယားအရှေ့မြောက်ပိုင်း ဘာမာမြို့ရှိ စစ်တန်းလျားများ၊ အကျဉ်းထောင်တစ်ခုနှင့် ဘူတာရုံများကို တိုက်ခိုက်မှုများ စတင်လုပ်ဆောင်ခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုများကြောင့် လူပေါင်း ၅၅ ဦး သေဆုံးခဲ့ပြီး အကျဉ်းထောင်မှ လွတ်မြောက်ရန် အကျဉ်းသား ၁၀၅ ဦးကို ကူညီထောက်ပံ့ပေးခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။ **(ပရက်စ်တီဗွီ)**

တရုတ်နှင့်ရုရှား ပူးတွဲစစ်ရေးလေ့ကျင့်မည့် ရေတပ်စစ်သင်္ဘောများ တရုတ်မှစတင်ထွက်ခွာ

ကျင်းတောင် ဇူလိုင် ၂

ရုရှားနှင့်တရုတ်တို့ ပူးတွဲစစ်ရေးလေ့ကျင့်ရန် သဘောတူညီခဲ့ပြီးနောက် တရုတ်ရေတပ်အုပ်စုသည် တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဒေါင်းပြည်နယ် ကျင်းတောင်ဆိပ်ကမ်းမှ ဇူလိုင် ၁ ရက်တွင် စတင်ထွက်ခွာသွားပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ရေတပ်စစ်သင်္ဘော ခုနစ်စင်းပါဝင်သော တရုတ်ရေတပ်အုပ်စုသည် ဇူလိုင် ၅ရက်မှ ၁၂ရက်အထိ ရုရှားရေတပ်နှင့် ပူးတွဲစစ်ရေးလေ့ကျင့်ရန်စီစဉ်ထားသည်။ ရှစ်ရက်ကြာ ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်စဉ် ပင်လယ်ပြင်လေကြောင်းကာကွယ်ရေး၊ ပင်လယ်ပြင်ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလေ့ကျင့်မှုများ အပါအဝင် ပူးတွဲစစ်ရေးလေ့ကျင့်သွားမည်ဟု ဆိုသည်။

တရုတ်နှင့်ရုရှားလက်နက်ကိုင်တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၂ ရက်တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ရေးလေ့ကျင့်မှုပြုလုပ်သွားရန်လည်း စီစဉ်ထားသည်။ **(ဆင်ဟွာ)**

အမိနိုင်ငံသို့ ပြန်လိုသည့်မလေးရှားနိုင်ငံရှိ မြန်မာအလုပ်သမားများအား လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ဆာလာရန်းနယ်မြေတွင် ရွှေ့ပြောင်းအလုပ်သမားအချို့ ဝိုင်းဝန်းတိုက်ခိုက်ခံရသည့်ဖြစ်စဉ်အပေါ် အခြေပြု၍ ဘာသာရေးနှင့် ဆက်နွှယ်သယောင် လုပ်ကြံဇာတ်လမ်းများ ဖန်တီးရေးသားကာ အင်တာနက်ပေါ်မှ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ခဲ့ကြသဖြင့် အလုပ်သမားအချို့ (အထူးသဖြင့် တရားမဝင်အလုပ်သမားများ) အနေဖြင့် ဘဝမလုံခြုံ၊ အသက်အန္တရာယ်ရှိသကဲ့သို့ ထင်မြင်ယူဆကာ ပြန်လာလိုကြခြင်း၊ မြန်မာနိုင်ငံအတွင်းရှိ မိဘ၊ ညီအစ်ကိုမောင်နှမများအနေဖြင့်လည်း ရပ်ဝေးမြေခြားတွင် ရောက်ရှိနေသူများအတွက် စိုးရိမ်ပူပန်ပြီး ပြန်လည်ခေါ်ယူလိုခြင်းများ ဖြစ်ပေါ်ခဲ့ရသည်။

သို့ဖြစ်ရာ ယခုကာလအတွင်း မြန်မာနိုင်ငံသို့ ပြန်လိုကြသည့် အလုပ်သမားများအား မြန်မာသံရုံးက C of I ထုတ်ပေးခြင်း၊ မလေးရှား လူဝင်မှုကြီးကြပ်ရေးဌာနသို့ ဧရာဝတီဖောင်ဒေးရှင်း၏အကူအညီဖြင့် သယ်ယူပို့ဆောင်ရေးနှင့် ရုံးလုပ်ငန်းဆိုင်ရာများ စုစည်းဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လျှောက်လွှာပုံစံနှင့် ကိုယ်ရေးအကျဉ်းတို့အား မြန်မာသံရုံးတွင် အခမဲ့ ထုတ်ယူလျှောက်ထားနိုင်သကဲ့သို့ မလေးရှားနိုင်ငံရှိ အပတ်စဉ်ထုတ်ဂျာနယ်အချို့၊ ဧရာဝတီဖောင်ဒေးရှင်းနှင့် ယုံကြည်စိတ်ချရသော လူမှုရေးစိတ်ဓာတ်ရှိသည့် မြန်မာနိုင်ငံသားအချို့၏ Website များမှ Download လုပ်ယူလျှောက်ထားနိုင်ရေး စီစဉ်ပေးထားကြောင်း၊ မြန်မာနိုင်ငံသား မှန်မမှန် လူတွေ့မျက်မြင် သိရှိနိုင်ရန် လူကိုယ်တိုင် လာရောက်လျှောက်ထားစေပြီး အထောက်အထားနှင့်မေးမြန်းစစ်ဆေး၍ မြန်မာနိုင်ငံသားဖြစ်သည်ဟု ပြည့်စုံမှန်ကန်ပါက နေ့ချင်းပြီး C of I များ ထုတ်ပေးကြောင်း သိရသည်။

ထို့ပြင် နေ့စဉ် သက်တမ်းတိုးလာရောက်လျှောက်ထားသူများမှာ ပျမ်းမျှအားဖြင့် တစ်ရက်လျှင် ၂၀၀ ခန့်ရှိပြီး နေ့ချင်းပြီး ထုတ်ပေးလျက်ရှိကြောင်း၊ ဗီဇာလာရောက် လျှောက်ထားသူများမှာ နေ့စဉ်ပျမ်းမျှ ၁၁၀ ခန့်ရှိပြီး ယနေ့တင် နောက်နေ့ရစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း သိရှိရသည်။

လုပ်ငန်းစဉ်များအားလုံးကို ပွဲစားဖြင့် ဆောင်ရွက်၍မရသကဲ့သို့ ပွဲစားလည်းမလိုကြောင်း၊ နေ့စဉ် လူအရေအတွက် လက်ခံမှုကန့်သတ်ထားခြင်း မရှိသည့်အတွက် ကာယကံရှင်ကိုယ်တိုင်ပါရမည့် အထောက်အထားစာရွက်စာတမ်းများဖြင့် လာရောက်ဆောင်ရွက်နိုင်ကြောင်း၊ သံရုံးအနေဖြင့် ဧရာဝတီဖောင်ဒေးရှင်းနှင့် ပူးပေါင်း၍ ပူထရာဂျာယားရှိ မလေးရှား လူဝင်မှုကြီးကြပ်ရေးဌာနသို့ ဒဏ်ငွေ ရင်းဂစ် ၄၀၀ ပေးဆောင်ပြီး သုံးရက်အတွင်း Special Pass ရရှိအောင် ဇွန် ၁၇ ရက်မှစတင်၍ မလေးရှားနိုင်ငံ၏ ရုံးလုပ်ထုံး စည်းမျဉ်းများနှင့်အညီ တစ်နေ့လျှင် လူ ၃၀ ဦးနှုန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်း

ကြိုဆိုနှုတ်ဆက်

ဇူလိုင် ၂ ရက်က အမေရိကန်နိုင်ငံ၏ (၂၃၇) ကြိမ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ညှော့ခံပွဲ တက်ရောက်လာသော နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီးနှင့်ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

သတင်းစာရှင်းလင်းပွဲအပြီး ပါမောက္ခ ခင်မောင်ဝင်းနှင့် ဝင်းဇော်ဦးတို့ ရင်းရင်းနှီးနှီး ဤသို့ နှုတ်ဆက်အားပေးစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

● *ကျောဖုံးမှ*

ဝင်းဇော်ဦးကို ချစ်တဲ့၊ ထောက်ပံ့ပေးချင်တဲ့ ဆေးကုမ္ပဏီတွေ၊ ပြည်သူတွေ၊ ဆရာဝန်တွေ စုစုပေါင်း ၁၅၀ ကျော် တက်ရောက်ခဲ့ပါတယ်။

သတင်းစာရှင်းလင်းပွဲမှာ ကျွန်တော်နဲ့အတူ ဦးနှောက်နဲ့ အာရုံကြောခွဲစိတ်အထူးကုပါမောက္ခ ဒေါက်တာဦးမြတ်သူ၊ ဓာတ်မှန်ပါရဂူ ဦးကျော်မြင့်၊ လမ်း(၃၀)ဆေးခန်းက ဓာတ်ခွဲခန်း အမှုဆောင်ဒါရိုက်တာ ဒေါက်တာ ဦးသိန်းသန်း၊ Novel ဆေးရုံမှ အကြံပေးပုဂ္ဂိုလ် ဒေါက်တာမြတ်သူမင်း၊ ကိုဝင်းဇော်ဦးနှင့် ထုံးပေါက်ချိုင်းရွာ အုပ်ချုပ်ရေးမှူး ဦးပေါ်ဌေးတို့ စင်မြင့်ပေါ်ကနေပြီး တစ်ဦးချင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။ ပါမောက္ခဦးမြတ်သူက acromegaly ရောဂါအကြောင်း သူ့ရဲ့ မြန်မာ acromegaly ရောဂါသည်တွေကို ခွဲစိတ်ကုသအောင်မြင်မှု အတွေ့အကြုံတွေကို ပြောပြပါတယ်။

ပါမောက္ခ ဦးမြတ်သူရဲ့ အဆိုအရတော့ မြန်မာပြည်မှာ acromegaly မရှားပါဘူး။ တစ်နှစ်ကို ၂၀-၂၅ ယောက် အောင်အောင်မြင်မြင် ခွဲစိတ်ကုသပျောက်ကင်းသွားပါတယ်လို့ ပြောသွားပါတယ်။ သူ့ရဲ့အတွေ့အကြုံ ရှင်းလင်းပြောကြားချက်တွေဟာ ဝင်းဇော်ဦးလို acromegaly ရောဂါသည်တွေအတွက် အားတက်စရာပါ။ ပါမောက္ခဦးမြတ်သူက ဘာတွေဆက်ပြောသလဲဆိုတော့ ဝင်းဇော်ဦးရဲ့အခြေအနေဟာ ကုသဖို့ အလွန်ကို ကောင်းပါသေးတယ်။ acromegaly မှာ အဆိုးဆုံးအခြေအနေ (၃)ရပ်ဖြစ်တဲ့ ဆီးချိုလည်းမရှိ၊ နှလုံးရောဂါမရှိ၊ မျက်စိမမှုန်သေးဆိုတော့ အတော့်ကို ကောင်းပါတယ်လို့ ပြောသွားပါတယ်။ စင်ကာပူက သွေးအဖြေတွေ ပြန်ရမှ ဝင်းဇော်ဦးကို ဘယ်လိုဆက်ကုရမလဲဆိုတာ စဉ်းစားပါမယ်လို့ ပြောသွားပါတယ်။ media ကလည်း တက်တက်ကြွကြွ မေးမြန်းပြီး ကျွန်တော်တို့အဖွဲ့ကလည်း စိတ်ရှည်လက်ရှည် အသေးစိတ်ရှင်းလင်းဖြေကြားပါတယ်။ ဝင်းဇော်ဦးကို ခွဲစိတ်ကုသလို့ တစ်စုံတစ်ခုဖြစ်သွားရင် ဘယ်လိုလုပ်မလဲလို့ တစ်ယောက်က မေးပါတယ်။ ကျွန်တော်တို့ကလည်း ဝင်းဇော်ဦးအတွက် စေတနာသန့်သန့်နဲ့ အထူးဂရုစိုက်ပြီး ကုသမှာပါ။ ခွဲစိတ်ဖို့လိုတယ်ဆိုလည်း အန္တရာယ်မရှိတဲ့ အခြေအနေမျိုးမှသာ ခွဲစိတ်ဖို့ စဉ်းစားမှာပါ။ ဒါလည်း ဝင်းဇော်ဦးနဲ့ မိသားစုအားလုံးကို သေသေချာချာ ရှင်းပြပြီး သူတို့သဘောတူမှ လိုအပ်တဲ့ကုသမှုကို လုပ်မှာပါလို့ ဖြေလိုက်ပါတယ်။ ဝင်းဇော်ဦးကတော့ ဆရာကြီးတို့ကို ယုံကြည်လို့ အပ်ထားတာပဲ၊ ဘာပဲလုပ်လုပ် သဘောတူတယ်လို့ ပြောပါတယ်။ ဆေးကုသမှု ကုန်ကျစရိတ် ဘယ်လောက်ကျမလဲလို့မေးတော့ ကျွန်တော်က ဘယ်လောက်ကျမလဲတော့ မသိပါဘူး။ ဒါပေမယ့် ဘယ်လောက်ပဲကုန်ကုန် အကန့်အသတ်မရှိ ထောက်ပံ့ကူညီပေးပါမယ်လို့ ဖြေလိုက်ပါတယ်။ အခုဆေးကုသမှုအတွက်တင်မကဘဲ ဝင်းဇော်ဦး ဆေးကုသရေး၊ အိမ်ပြန်ရောက်ရင် နောင်တစ်သက်လုံး ဝင်းဇော်ဦးနဲ့ မိသားစုအတူ နေထိုင်စားသောက်ဖို့ ငွေကြေးထောက်ပံ့မယ့် အစီအစဉ်များ လုပ်ဖို့လည်း စိတ်ကူးထားပါတယ်လို့လည်း ဆက်ပြောမိပါတယ်။

သတင်းစာရှင်းလင်းပွဲကို တက်လာတဲ့သူအားလုံးကတော့ ဝင်းဇော်ဦးအတွက် အထူးပဲဝမ်းသာကြပြီး အလှူငွေထည့်လှူ၊ ဓာတ်ပုံတွေလည်း ရိုက်ကြနဲ့ တကယ့်ကို ပီတိဖြစ်စရာပါ။ အခုလို ဝင်းဇော်ဦးကို တိုင်းသိပြည်သိဖြစ်သွားပြီ။ ဝင်းဇော်ဦးဟာ (၁) ရောဂါသည်တစ်ယောက်ပါ၊ (၂) ဝင်းဇော်ဦးရဲ့ အက်ခရိုမက်ဂလီ ရောဂါဟာ ကုလို့ရတဲ့ ရောဂါပါ၊ (၃) ဝင်းဇော်ဦးဟာ အချိန်မီ မကုသရင် အသက်ဆုံးသွားမှာပါဆိုတဲ့အချက်အလက်တွေဟာ မြန်မာ့အလင်းသတင်းစာရဲ့ (၂၄-၆-၂၀၁၃) နေ့စွဲပါ ဆောင်းပါးကြောင့်ပါ။ အချိန်မီ တိကျမှန်ကန်တဲ့ သတင်းတွေကို ဖော်ပြပေးတဲ့ မြန်မာ့အလင်းသတင်းစာကို အထူးကျေးဇူးတင်ကြောင်းပြောရင်းနဲ့ နိဂုံးချုပ်လိုက်ပါတယ်။

အလုံမြို့နယ်အတွင်း အနုကြမ်းစီးမှုဖြစ်ပွား

ရန်ကုန် ဇူလိုင် ၂

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်တွင် အမျိုးသားငါးဦးက အမျိုးသမီးများသာရှိသည့် တိုက်ခန်းအတွင်း အနုကြမ်းစီးမှုတစ်ရပ်အဖြစ် ဇူလိုင် ၁ ရက် ည ၈ နာရီကျော်ခန့်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အလုံမြို့နယ် ဆင်မင်းရပ်ကွက် စက်တွင်းလမ်း အမှတ် ၆၀ ခြောက်လွှာ(ဝဲ)ဘက်အခန်းတွင် နေထိုင်သူ အိမ်ရှင် ဒေါ်ငယ်(၄၃နှစ်)၊ သမီးမယမင်းအေး(၁၄နှစ်)၊ အိမ်အကူအမျိုးသမီး ဒေါ်အေးမုံ (၄၈ နှစ်) တို့ နေအိမ်၌ရှိနေစဉ် တံခါးခေါက်ရာမှ ဖွင့်ပေးမိလိုက်သည့်အတွက် အမည်မသိအမျိုးသားနှစ်ဦးက အိမ်ထဲသို့ဝင်လာပြီး အိမ်အကူဖြစ်သူဒေါ်အေးမုံ၏နောက်ကျောကို ဓားဖြင့်ထောက်ကာ အနုကြမ်းစီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ည ၇ နာရီလောက်ကတည်းက ထိုအဖွဲ့က တိုက်ပေါ်သို့တက်လာ တံခါးခေါက်ပြီး လူတစ်ယောက်၏အမည်ကိုမေးကြောင်း၊ အိမ်ရှင်တို့က မသိကြောင်းပြောသည့်အတွက် ပြန်ဆင်းသွားကြောင်း၊ ည ၈ နာရီကျော်လောက်တွင် နောက်တစ်ခေါက်တက်လာကာ သုံးယောက်က အပြင်မှာကျန်ခဲ့ပြီး နှစ်ယောက်က တိုက်ခန်းအတွင်း ဝင်ရောက်အနုကြမ်းစီးခဲ့သည်ဟု သိရသည်။

လမ်းအတွင်းမှ ဆယ်အိမ်စုမှူးတစ်ဦးက "ပြီးခဲ့တဲ့ နှစ်ရက်သုံးရက်လောက်ကတည်းက ဒီအခန်းကိုပဲ လာလာပြီး တံခါးခေါက်တယ်၊ နာမည်မေးတယ်၊ ကြိုတင်ကြံစည်တဲ့ပုံစံဖြစ်နေပါတယ်" ဟု သုံးသပ်ပြောကြားသည်။

အနုကြမ်းစီးခံရသည့် အပေါ်ဆုံးထပ် ခြောက်လွှာမြင်ကွင်း။

အိမ်ထဲသို့ ဝင်ရောက်ခဲ့သော အနုကြမ်းစီးသူတို့က သမီးဖြစ်သူ မယမင်းအေးအား မဲဖိုးထုတ်ထားသည့် ငွေကျပ် သိန်း ၃၀ ထုတ်ပေးရန်တောင်းဆိုခဲ့ကြောင်း၊ မရှိတော့ဘူး တစ်ယောက်ကိုပေးလိုက်ပြီပြောရာ ၎င်းအား အိပ်ခန်းအတွင်းဆွဲခေါ်သွားပြီး ဗီရိုအတွင်းမှ အမ်စီတစ်ကျပ်သားရှိ ရွှေကြိုးတစ်ကုံး၊ တစ်ကျပ်သားရှိ ရွှေလက်ကောက် တစ်ကွင်း၊ တစ်မတ်သားရှိ စင်ကာပူတံဆိပ်ပါ ရွှေဆွဲပြားတစ်ပြား၊ ရွှေတစ်မတ်သားရှိ ကျောက်ဖြူလက်စွပ် တစ်ကွင်း၊ ရွှေနားဆွဲ တစ်ရန်၊ ငွေစက္ကူရောရာ ငွေကျပ် ၁၇၀၀၀၀ ခန့် စုစုပေါင်း ငွေကျပ် ၁၈ သိန်းကျော်ခန့်အား ယူဆောင်ပြီး အိမ်အကူဖြစ်သူ ဒေါ်အေးမုံအား ဓားဖြင့် ထိုးထွက်သွားကြောင်း ဆိုသည်။

အနုကြမ်းစီးသူများ အိမ်ပေါ်မှ အဆင်းတွင် သမီးဖြစ်သူက အိမ်ပေါ်မှ အရပ်သို့ အော်ဟစ်အကူအညီတောင်းခဲ့ကြောင်း သိရသည်။

ရပ်ကွက်မှ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များရောက်လာပြီး အိမ်အကူ ဒေါ်အေးမုံအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှုခံယူစေခဲ့သည်။

အမှုအား အလုံမြို့နယ်ရဲစခန်းမှ အမှုဖွင့်ဆောင်ရွက်ခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား အမြန်ဆုံးဖမ်းမိနိုင်ရေးအတွက် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းမှုကြောင့် ည ၁ နာရီခန့်တွင် လှိုင်သာယာမြို့နယ်အတွင်းရှိ တည်းခိုခန်းတစ်ခု၌ ခိုအောင်းနေသူသုံးဦးကို ဖမ်းဆီးနိုင်ခဲ့သည်ဟု ရပ်ကွက်အတွင်းမှတာဝန်ရှိသူတစ်ဦးက ပြောပြချက်အရ သိရသည်။ **ကိုကြီးတင်**

တရုတ်ပြည်သူ သုံးသန်းကျော် ရေဘေးဒုက္ခကြုံ

တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ်၌ ဇူလိုင် ၁ ရက်အထိ မုန်တိုင်းနှင့်ရေကြီးမှုကြောင့် လူကိုးဦးသေဆုံးပြီး ခြောက်ဦးပျောက်ဆုံးနေကြောင်း ပြည်သူ့ရေးရာဦးစီးဌာနက ကြေညာသည်။ အဆိုပါပြည်နယ်၌ ဇွန် ၂၉ ရက်က ရွာသွန်းသော မိုးကြောင့် ဆူနင်း၊ နန်ချောင်း၊ မာရန်း၊ ချန်ဒူး၊ ဇီရန်းနှင့် နန်ကျင်းမြို့များနှင့်အတူ ပြည်နယ်အတွင်း ဒေသအသီးသီးမှ လူပေါင်း ၃ ဒသမ ၂၄သန်းကျော်ရေဘေးဒုက္ခကြုံနေရပြီး အိမ် ၃၅၆၂ လုံး ရေထဲမျောပါပျက်စီးခဲ့သည်။

အမေရိကန် Osprey လေယာဉ်များ ဂျပန်တွင် ဖြန့်ကြက်မည်

အမေရိကန်စစ်တပ်အနေဖြင့် ဇူလိုင်လကုန်ပိုင်းတွင် ဂျပန်နိုင်ငံ၌ Osprey အထူးလေယာဉ် ၁၂ စင်းကျော် ဖြန့်ကြက်ချထားလိမ့်မည်ဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။ ယင်းလေယာဉ်များသည် လကုန်ပိုင်းတွင် ယာမာဂူချီစီရင်စု အိုင်ဝါကူနီ အမေရိကန်လေတပ် အခြေစိုက်စခန်းသို့ ရောက်လာမည်ဖြစ်သည်။ ယင်းအထူးလေယာဉ်များကို စမ်းသပ်မှုများပြုလုပ်ပြီးပါက အိုကီနာဝါစီရင်စုရှိ ဖူတင်မား အမေရိကန်လေတပ် အခြေစိုက်စခန်း၌ ဖြန့်ကြက်ချထားမည်ဟု ဆိုသည်။ မြင့်မောင်စိုး-စုစည်းသည်

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျော်မင်း နိုင်ငံကူးလက်မှတ်(၈၅၄၁၅၄) စာအုပ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၃၆၃၄၅၉

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မိုးညှင်းခရိုင်အတွင်းရှိ မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့နယ်ခွဲ၊ မိုးကောင်းမြို့နယ်များမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု၊ ပြည်နယ် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော အောက်ပါလမ်းခင်းကျောက်မျိုးစုံနှင့် လုပ်ငန်းသုံးပစ္စည်းများအား မြို့နယ်အလိုက်၊ လမ်းအလိုက်၊ အပိုင်းအလိုက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

	အိတ်ဖွင့်တင်ဒါအမှတ်	အမှတ်(၁)(၂၀၁၃/၂၀၁၄ဘဏ္ဍာရေးနှစ်)
(၁)	၆"×၉"ကျောက်ကြီး	၃၀၆၀ ကျင်း
(၂)	ဘိလပ်မြေ	၄၆.၅ တန်
(၃)	သံချောင်းလုံး(ရွယ်စုံ)	၂.၃၆ တန်
(၄)	သဲကျောက်	၁၈၀၀ ကျင်း
(၅)	တင်ဒါလျှောက်လွှာစတင်ရယူနိုင်သည့်ရက်	၅-၇-၂၀၁၃ ရက်
(၆)	တင်ဒါလျှောက်လွှာရယူနိုင်သည့်နောက်ဆုံးရက်	၁၁-၇-၂၀၁၃ ရက်
(၇)	တင်ဒါတင်သွင်းရမည့်ရက်/အချိန်	၁၂-၇-၂၀၁၃ ရက် (ရုံးချိန်အတွင်း)
(၈)	တင်ဒါတင်သွင်းရမည့်နေရာ	ခရိုင်အင်ဂျင်နီယာမှူးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့
(၉)	အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံကို ရုံးချိန်အတွင်း မြို့နယ်အင်ဂျင်နီယာရုံးများတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။	မိုးညှင်းမြို့နယ် ဖုန်း-၀၇၄-၆၀၄၃၂၊ ဟိုပင်မြို့နယ်ခွဲ ဖုန်း-၀၇၄-၆၂၀၁၃၊ မိုးကောင်းမြို့နယ် ဖုန်း-၀၇၄-၄၀၀၀၃

ဆောင်းပါးနှင့် ပြည်တွင်းသတင်း

ပထမတန်းစား သဘောထား

ချစ်နိုင်(စိတ်ပညာ)

"လူတွေကို ဒုက္ခပေးနေသည်မှာ ရုပ်ဝတ္ထုပစ္စည်းမဟုတ်။ ရုပ်ဝတ္ထုအပေါ်မြင်တဲ့ လူရဲ့ သဘောထားအမြင်သာ ဖြစ်ပါတယ်။"

အက်ပ်တက်တပ်စ်

တစ်နေ့က တီဗွီအားကစားသတင်းတစ်ခုကို ကြည့်နေစဉ် တင်းနစ်ဗိုလ်လုပွဲတစ်ပွဲမှာ ရှုံးသွားတဲ့ကစားသမားတစ်ဦးဟာ မကျေနပ်ပေါက်ကွဲပြီး သူ့ရဲ့တင်းနစ်ရိုက်တံ ရက်ကက်ကို ကိုင်ပေါက်ရိုက်ချိုးနေတာမြင်လိုက်ရတယ်။ ပြင်ပမှာလည်း ဂေါက်သီးရိုက်ရင်း ဂေါက်ရိုက်တံကို စိတ်တိုတိုနဲ့ လွှင့်ပစ်တဲ့ ဂေါက်သမား တစ်ယောက်တွေ့ဖူးပါတယ်။ ဂျာနယ်စာမျက်နှာပေါ်မှာ လောကကြီးကို အပြစ်တင်ပုတ်ခတ်ရေးသားလို့ပဲ မဆုံးနိုင်တဲ့ စောင်းကန်းစောင်းကန်းကလောင်ရှင်အချို့ တွေ့နေရတယ်လေ။

သူတို့အဖြစ်ကို ကြည့်မြင်ရတာ ရယ်စရာ၊ ဖြစ်မှဖြစ်ရလေကွယ်လို့ သနားစရာ ခံစားရတယ်လေ။ တကယ်တော့ မိမိတို့ကိုယ်တိုင် စားပွဲကို လက်သီးနဲ့ထုမိတာတို့ဘာတို့၊ လောကကြီးကို မကျေမချမ်းဒေါပွဖူးတာရှိခဲ့တယ် မဟုတ်လား။ အခုပြန်တွေးကြည့်တော့ ပြုံးစိစိ၊ ရယ်စရာဖြစ်ပေမယ့် အဲဒီအချိန်တုန်းက တော်တော်ပူလောင်ခဲ့ရတာနော်။ လောကကြီးနဲ့ ဖက်ပြိုင်ပြီး ရန်ဖြစ်နေတာ ဘယ်လောက်အသိဉာဏ်နည်းလိုက်သလဲနော်။ နောက်မှသာ ပြန်မြင်မိတာနော်။

သင်ခန်းစာယူစရာကောင်းတဲ့ တကယ့်အဖြစ်အပျက်တစ်ခု ဆရာဟိန်းလတ်ဘာသာပြန်တဲ့ "အကောင်းပြုပြင် အကောင်းမြင်" စာအုပ်ထဲက ကောက်နုတ်ကိုးကားပြီး ပြောပြချင်တယ်။ မူရင်းရေးသူက မင်ဒီမတ်စ်ဆိုတဲ့ မထင်မရှားစာရေးသူလေးပါ။ ရွေးချယ်စုစည်းထုတ်ဝေသူက မတ်ခ်ဗစ်တာဟင်ဆန်နဲ့ ဒိန်ကလပ်ဆိုတဲ့ နှလုံးသားအာဟာရကြက်စွပ်ပြုတ်စာစဉ်တွေနဲ့ အောင်မြင်ခဲ့သူ အုပ်စုပါ။ ဖတ်ကြည့်ရအောင်-

"လွန်ခဲ့သော နှစ်အနည်းငယ်က စာအုပ်ဆိုင်တစ်ခုဖွင့်ရန် ရည်ရွယ်ပြီး ကျွန်မနှင့် ကျွန်မသူငယ်ချင်းတစ်ဦးတို့သည် နယူးယောက်တွင် စာအုပ်ဆိုင်ဖွင့်နည်းသင်တန်းသွားတက်ကြ၏။ ရက်သတ္တ တစ်ပတ်ကျော် သင်တန်းတက်ပြီးနောက် ကျွန်မတို့သည် အိမ်ပြန်ရန် အသင့်ဖြစ်နေကြ၏။ လေယာဉ်က ညဘက်မှ ထွက်မည်ဖြစ်၍ တစ်နေကုန်အငှားကားနှင့် လျှောက်လည်ရန် ဟန်ပြင်ကြ၏။

သင်တန်းခန်းမမှ အထွက်တွင် မိုးက စရွာသည်။ ဒီမိုးလောက်များ အပျော့ပေါ့ဆိုကာ ကျွန်မတို့ အလည်အပတ်ခရီးစဉ်ကိုမဖျက်ရန် ဆုံးဖြတ်ကြသည်။ သို့သော် ခက်တာက အငှားကားက တစ်စီးမျှအလွတ်မရှိ။ အားလုံးပင် ခရီးသည်တွေပါလာကြ၏။ ဒီအချိန်က နယူးယောက်က လမ်းသိပ်ကျပ်တဲ့ အချိန်။ လူတွေ အသွားအလာများ၍ အငှားကားရဖို့ မလွယ်မှန်း နောက်မှသိရ၏။ တစ်နာရီလောက်ကြာမှ သင်တန်းမှ ဗင်ကားတစ်စီးကို ခေါ်ရသဖြင့် ကားပေါ်တက်လာကြ၏။

အငှားကား စောင့်ချိန်၊ ဗင်ကားစောင့်ချိန်၊ လေဆိပ်သို့ လှုပ်လှဲလှုပ်လီ ကားမောင်းရချိန်တွေ စုပေါင်းလိုက်တော့ ကျွန်မတို့ လည်ချိန်ပတ်ချိန်မရှိတော့။ ထို့ကြောင့် လေဆိပ်သို့သာ တန်းမောင်းခဲ့ကြရ၏။ လေဆိပ်ရောက်တော့ ကျွန်မတို့ လေယာဉ်လက်မှတ်တွေ ရှာမရဟု သိရ၏။ ကြိုတင်လက်မှတ်ဝယ်ယူထားသူက ခပ်ပေါ့ပေါ့လုပ်ထား၍ ဖြစ်ဟန်တူသည်။ သို့သော် မကြာခင်မှာပင် လက်မှတ် တွေ တွေ့ပြီဟု ကောင်တာက ဆိုပြန်သည်။ လေယာဉ်ထွက်ချိန်က ကပ်နေပြီ။

ကျွန်မတို့နှစ်ယောက်လည်း လေယာဉ်ဆီသို့ ကမန်းကတန်းပြေးရ၏။ တံခါးဝအနီးသို့ရောက်တော့ အတော်ပင် အမောဆိုက်နေပေပြီ။ သို့သော် တော်သေးတာက လေယာဉ်က နာရီဝက်နောက်ကျမည်ဆို၍ ခုမှ ဟင်းချနိုင်၏။ ခုမှ ဗိုက်ကဆာလာ၍ သရေစာ ကမန်းကတန်းဝယ်စားကြရ၏။ လေယာဉ်ထွက်ချိန်ရောက်တော့ အဆင်သင့်ပြင်ကြရာ ရာသီဥတုဆိုးနေ၍ နောက်ထပ်တစ်နာရီ ထပ်နောက်ကျမည်ဟု သိရပြန်၏။

ကျွန်မတို့ နယူးယောက်တွင် မလည်ရသည်သာ အဖတ်တင်သွားသည်။ ခုထိပင် လေယာဉ်ပေါ် မရောက်ကြသေး။ ထို့ကြောင့် နှစ်ယောက်သား ထိုင်ကာ ထွေရာလေးပါးပြောပြီး အချိန်ဖြုန်းကြရ၏။

ကျွန်မတို့စကားပြောနေသည်ကို နံဘေးမှထိုင်နေသော အမျိုးသားကြီးက ကြားသွားကာ သူကပါ စကားဝိုင်းထဲ ဝင်လာ၍ ကျွန်မတို့နှင့်အဖွဲ့ကျသွား၏။

အမျိုးသားကြီးက စိတ်ဝင်စားအောင် ပြောတတ်သည်။ မကြာမီပင် သူ့ဘဝလမ်းကြောင်း ဖြတ်သန်းခဲ့ရပုံခရီးကြမ်းကို သူ့ထံမှ သိရ၏။ သူနှင့်နှိုင်းစာလျှင် ကျွန်မတို့ဘဝတွေက သိပ်ပြီးမကြမ်းလှ။ မဆိုးလှ။

> **ကျွန်မတို့သည် ပတ်ဝန်းကျင်အခြေအနေကို ရုတ်ခြည်းပြောင်းမပစ်နိုင်ကြပါ။ ထို့ကြောင့် ကျွန်မတို့ကသာ မိမိတို့ စိတ်နေစိတ်ထားတွေကို ပြောင်းရန်ကြိုးစားရမည်။ သို့မှသာ လိုက်လျောညီထွေ အဆင်ပြေစွာ နေထိုင်နိုင်မည်။ အကောင်းမြင်တတ်ပြီး အကောင်းလုပ်ပြဖို့သာ အရေးကြီးသည်။**

ကျွန်မသူငယ်ချင်းနှင့်ကျွန်မကမူ နောက်ကျခြင်းကြောင့် မည်မျှ စိတ်ပျက်စရာကောင်းပုံတွေကို ပြော၏။ ယခုလည်း အငှားကားစောင့်ရ၊ မိုးတိတ်တာစောင့်ရ၊ လေယာဉ်ပျံစောင့်ရနှင့် အချိန်တွေ အလဟဿ ကုန်ဆုံးရပုံတွေကို ညည်းညူကြ၏။

မကြာခင် လေယာဉ်ထွက်ချိန်နီးလာ၍ ခရီးသည်တွေ အသင့်ပြင်ကြ၏။ ဤတွင် အသံချဲ့စက်မှ ကြေညာချက်တစ်ခုထပ်ထွက်လာ၏။ လေယာဉ်က ထပ်နောက်ကျဦးမည်တဲ့။ ခရီးသည်အားလုံးပင် စိတ်ပျက်လက်ပျက်ဖြင့် ဟင်ခနဲ ဟာခနဲ ဖြစ်ကုန်ကြ၏။ ခရီးသည်အများစုက ဝန်ထမ်းတွေထံသွား၍ ပူညံပူညံလုပ်ကြ၏။ မကျေနပ်တာတွေ တစ်ယောက်တစ်ပေါက်ပြောကြ၏။ ဝန်ထမ်းတွေကမူ ပြေပြေလည်လည်ဖြစ်အောင် တောင်းပန်ချော့မော့နေကြရ၏။

အင်း-ကျွန်မတို့အခက်အခဲဟာ ဒီနေ့တစ်နေ့တည်းသာ။ ဝန်ထမ်းတွေအဖို့ကတော့ လူပေါင်းသောင်းခြောက်ထောင်၏ မကျေနပ်မှုတွေကို နေ့စဉ်ပင် ဒိုင်ခံဖြေရှင်းပေးနေရမည်။ သူတို့ကိုကြည့်ပြီး ကျွန်မစာနာမိ၏။

မကြာခင်မှာပင် ဝန်ထမ်းများက စားစရာသောက်စရာယူလာကာ ခရီးသည်တွေကိုကျွေး၏။ ကျွန်မသူငယ်ချင်းက ရုတ်ခနဲထကာ ဝန်ထမ်းများ အစားအသောက်ချပေးသည်ကို ဝင်ကူ၏။ ကျွန်မလည်း သူ့နည်းတူထပြီး ကူညီ၏။ ပင်ပန်းနွမ်းနယ်နေကြသော ခရီးသည်များကို အချိုရည်တို့၊ ရေတို့ ကျွန်မတို့ လိုက်ဝေငှပေး၏။ ခရီးသည်တွေ၏ ဒေါသက အနည်းငယ်ပြေလျော့ လာသည်။ ကျွန်မတို့လည်း ဟိုလူနှင့်စကားဝင်ပြော၊ ဒီလူနဲ့စကားဝင်ပြောဖြင့် မကြာမီ လူအတော်များများနှင့် ရင်းနှီးလာ၏။ စိတ်ညစ်စရာတွေ ခေတ္တမေ့သွား၏။

ခရီးသည်အများစုထံမှ အပြုံးတွေ ပြန်မြင်ရ၏။ စောစောက မျက်မှောင်ကြီးကြုတ်နေတာတွေ၊ တက်ခေါက်မကျေနပ်သံတွေက လျော့ပါးသွားလေသည်။ လောကခံကို ခံနိုင်ရည်ရှိသွားပုံရ၏။

တကယ်တော့ ကျွန်မတို့သည် ပတ်ဝန်းကျင်အခြေအနေကို ရုတ်ခြည်းပြောင်းမပစ်နိုင်ကြပါ။ ထို့ကြောင့် ကျွန်မတို့ကသာ မိမိတို့ စိတ်နေစိတ်ထားတွေကို ပြောင်းရန်ကြိုးစားရမည်။ သို့မှသာ လိုက်လျောညီထွေ အဆင်ပြေစွာ နေထိုင်နိုင်မည်။ အကောင်းမြင်တတ်ပြီး အကောင်းလုပ်ပြဖို့သာ အရေးကြီးသည်။ ဤသဘောတရားကို ကျွန်မတို့ အားလုံးသိကြပြီးသား။ သဘောတရားကို ကျွန်မတို့ ယခုလက်တွေ့ အသုံးချလိုက်ကြခြင်းပင် ဖြစ်၏။

မကြာမီ လေကြောင်းလိုင်းမှ ဝန်ထမ်းတစ်ဦးက ကျွန်မတို့နှစ်ဦးထံလျှောက်လာကာ ကျွန်မတို့ကူညီသည့်အတွက် အထူးကျေးဇူးတင်ကြောင်းပြော၏။ ထို့နောက် ကျွန်မတို့ထံမှ လေယာဉ်လက်မှတ်များကို ပြန်တောင်းသည်။ လေယာဉ်ဝန်ထမ်းအားလုံး၏ ကျေးဇူးတင်ခြင်းကို ပြသသည့်အနေဖြင့် ကျွန်မတို့ကို လေယာဉ်၏ ပထမတန်းစားအတန်းတွင် ပြောင်းလဲစီးခွင့်ပြုကြောင်း ပြော၏။ မကြာမီ လေယာဉ်ဆိုက်၏။ နဂိုက ရိုးရိုးတန်းခရီးသည်များဖြစ်ကြသော ကျွန်မတို့နှစ်ဦးသည် ယခုတော့ အလိုလိုပင် ပထမတန်းစားခရီးသည်တွေ ဖြစ်ကုန်ကြပြီ။

ဘာပဲဖြစ်ဖြစ် စိတ်ကောင်းလေးတစ်ခုထားခြင်း၏ အကျိုးကျေးဇူးပင် ဖြစ်ပါသည်။

မင်ဒီမတ်စ်

နယူးယောက်လေဆိပ်မှ ရိုးရိုးတန်းလေယာဉ်လက်မှတ်ခရီးသည် နှစ်ယောက်ဟာ ဘာမဆိုင်ညာမဆိုင်သူတို့မှာလည်း တာဝန်မရှိဘဲနဲ့ စိတ်ပျက်စိတ်ညစ်နေတဲ့ ခရီးသည်များရယ်၊ အဆူအပူအမာန်အမဲခံနေရရှာတဲ့ လေကြောင်းလိုင်းဝန်ထမ်းများရယ်၊ အနည်းငယ်ဖြစ်စေ သက်သာ၊ စိတ်ချမ်းသာအောင် စေတနာ့ဝန်ထမ်းကူညီပေးလိုက်တာလေးဟာ (လေယာဉ်စီးခနှစ်ဆသုံးဆပေးမှရတဲ့) ပထမတန်းစား၊ အထက်တန်းစားထိုင်ခုံနေရာအကောင်းစားများမှာ အခန့်သားလိုက်ပါသွားရပြီပေါ့နော်။

ကုသိုလ်ကံစေတနာဆိုတာ အဲဒီလိုချက်ချင်းလက်ငင်းအကျိုးပေးတတ်ပါတယ်။ ပြင်းပြထက်သန်တဲ့ဇောအဟုန်နဲ့ ဖြူစင်တဲ့မေတ္တာပေါ့။ ကျန်းမာပါစေ၊ ချမ်းသာပါစေဆိုတဲ့ ကာယကံမေတ္တာရဲ့ တန်ခိုးလေ။ ဒေါသနဲ့ မေတ္တာ သင်ကြိုက်ရာရွေးပါ။ ။

ပုဂ္ဂလိကဓာတ်ဆီ တန်းစီဝယ်ယူနေရ

ရန်ကုန် ဇူလိုင် ၂

ဇူလိုင် ၁ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့သိမ်ဖြူလမ်း အထက်ဘလောက်တွင် ကားတန်းရှည်ကြီး တန်းစီနေသည်ကိုတွေ့မြင်ရ၍ စူးစမ်းကြည့်မိသည်။ ဓာတ်ဆီထည့်ရန် တန်းစီနေခြင်းဖြစ်ကြောင်း သိရသည်။ ယခင်က မြန်မာ့ရေနံထွက်ပစ္စည်းအရောင်းဆိုင်မှ ဓာတ်ဆီဝယ်ယူခွင့်စာအုပ်များဖြင့် နေ့ရက်အလိုက် ကန့်သတ်ပေး၍ တန်းစီဝယ်ယူခဲ့ရသည်။ နောက်ပိုင်း ပုဂ္ဂလိကဓာတ်ဆီ၊ ဒီဇယ်ဆီအရောင်းဆိုင်များကို စိစစ်သတ်မှတ်ရောင်းချခွင့်ပြုခဲ့သဖြင့် ဈေးကွက်စီးပွားရေးစနစ်ဖြင့် လွတ်လပ်စွာရောင်းချဝယ်ယူကြရာ တန်းစီစောင့်ဆိုင်းဝယ်ယူရခြင်းမျိုး မရှိတော့ဘဲ လွယ်လင့်တကူ ဝယ်ယူနိုင်ခဲ့ကြသည်။

သို့သော်လည်း ပုဂ္ဂလိကဓာတ်ဆီ၊ ဒီဇယ်ဆီရောင်းသူများသည် အရည်အသွေးမပြည့်ဝသည့် ဓာတ်ဆီ၊ ဒီဇယ်ဆီများရောင်းချခြင်း၊ ခြင်တွယ်ပုံမှန်ကန်မှုမရှိခြင်းကို သက်ဆိုင်ရာက စစ်ဆေးတွေ့ရှိရ၍ အရောင်းဆိုင်အချို့ကို ပြစ်ဒဏ်အနေဖြင့် ယာယီပိတ်သိမ်းစေခဲ့သည်။ ယင်းအတွက် ဆိုင်အချို့ လျော့နည်းသွားခြင်းကြောင့် မှန်မှန်ကန်ကန် ပြည့်ပြည့်ဝဝ ဈေးနှုန်းမှန်မှန်ကန်ကန် ရောင်းချသည့်ဆိုင်များတွင် တန်းစီစောင့်ဆိုင်းကာဝယ်ယူနေခြင်းဖြစ်ကြောင်း သိရသည်။ ယခင်က တစ်ရက် ဓာတ်ဆီဂါလန် ၄၀၀ ကျော် ရောင်းချပေးခဲ့ရာမှ ယခုအခါ ဓာတ်ဆီဂါလန်၆၀၀၀အထိ တိုးတက်ရောင်းချပေးနေရကြောင်း ဆိုင်တာဝန်ခံတစ်ဦးက ပြောကြားသည်။ ဇူလိုင် ၁ ရက်က ၉၅ ပါဝါအောက်တိန်းဓာတ်ဆီ တစ်လီတာ ငွေကျပ် ၁၀၇၀၊ ၉၂ ပါဝါအောက်တိန်းဓာတ်ဆီ တစ်လီတာငွေကျပ် ၈၈၀၊ ဒီဇယ်ဆီရိုးရိုး တစ်လီတာငွေကျပ် ၈၈၀ နှင့် ပရီမီယံအဆင့်မြင့် ဒီဇယ်ဆီတစ်လီတာ ငွေကျပ် ၉၁၀ ဖြစ်ကြောင်း သိရသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

တစ်နေ့တည်း ဓာတ်လိုက်သေဆုံးမှုနှစ်ကြိမ်ဖြစ်

ရန်ကုန် ဇူလိုင် ၂

ဇွန် ၂၉ ရက်က ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သက်န်းကျွန်း ရဲစခန်းအပိုင်နယ်မြေ ရန်အောင် ရပ်ကွက် ဆောက်လုပ်ဆဲတိုက်၌ အမှိုက်များ ရှင်းလင်းရာမှ အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံးမှုနှင့် နှင်းဆီကုန်း(က)ရပ်ကွက် နှင်းဆီကုန်းလမ်းနှင့် နတ်စင်လမ်းထိပ်ရှိ ဓာတ်တိုင်၌ ဓာတ်ကြိုးအသစ်လဲလှယ်တပ်ဆင်ရာမှ မြို့နယ်လျှပ်စစ်ဝန်ထမ်းတစ်ဦး ဓာတ်လိုက်သေဆုံးမှု တစ်နေ့တည်းဖြစ်ပွားခဲ့သည်။

ပထမဖြစ်စဉ်မှာ ဇွန် ၂၉ ရက် နံနက် ၁၀ နာရီခန့်က သဃ်န်းကျွန်းမြို့နယ် ရန်အောင်ရပ်ကွက် ရန်ငြိမ်းလမ်း အမှတ် (၇)မြေကွက်တွင် ဆောက်လုပ်ဆဲ အထပ်မြင့်တိုက်၏ ဒုတိယထပ်ဒုတိယအခန်းတွင် ဉာဏ်လွင်ဦး (၂၄ နှစ်) ကံကော်သာဝိုင်းရပ်ကွက် ရွှေကျင်မြို့နယ်နေသူက ရှုပ်ပွပြန့်ကျဲနေသော အတိုအစများနှင့် အရှည် ၁၀ ပေခန့်ရှိ အင်္ဂလန်သံချောင်းကို တိုက်ခန်းအပြင်သို့ ဆွဲထုတ်စဉ် တိုက်အရှေ့ဘက်လမ်းဓာတ်တိုင်၌ သွယ်တန်းထားသော လျှပ်စစ်ဆားဗစ်ကြိုးနှင့် ထိမိဓာတ်လိုက်ခဲ့ပြီး သမံတလင်းပေါ်သို့ လဲကျသေဆုံးမှုဖြစ်ပွားခဲ့ရာ သဃ်န်းကျွန်းရဲစခန်းမှ တာဝန်မှူးဒုရဲအုပ်ငွေမိုးက တိုင်ကြားသဖြင့် ရဲစခန်းက စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဒုတိယဖြစ်စဉ်မှာ ဇွန် ၂၉ ရက် နံနက် ၁၀ နာရီကျော်က စ၍ သုဝဏ္ဏမြို့ရဲစခန်းအပိုင်နယ်မြေ နှင်းဆီကုန်း(က)ရပ်ကွက် နတ်စင်လမ်းတစ်လျှောက် မြို့နယ်လျှပ်စစ်ဝန်ထမ်းများသည် ဓာတ်အားလိုင်းတွင် လျှပ်စစ်ဝိုင်ယာကြိုး အသစ်လဲလှယ်တပ်ဆင်ရန် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်က မောင်ဝင်းဇော်(၃၂ နှစ်) လျှပ်စစ်အရန်လုပ်ငန်း၊ ပညာသည်အဆင့်(၃) မြို့နယ် EPC ရုံးနေသူက ဓာတ်တိုင်ပေါ်တက်ပြီး ပလာယာဖြင့် ဓာတ်ကြိုးကို ကိုင်မိရာမှ ဓာတ်ကြိုးထဲတွင် လျှပ်စစ်ဓာတ်အား စီးဝင်နေခြင်းကြောင့် ဓာတ်လိုက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ ဓာတ်လိုက်သူအား တာဝန်ရှိသူများက စံပြဆေးရုံကြီးသို့ အမြန်ဆုံးပို့ဆောင်ကုသစဉ် သေဆုံးသွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်ပြီး သုဝဏ္ဏရဲစခန်းက သေမှုသေခင်းအမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်ကြည်**

တောင်ငူ မြို့နယ်လုံးဆိုင်ရာ ပညာရေးကွန်ရက် ဖွဲ့စည်း

တောင်ငူ ဇူလိုင် ၂

တောင်ငူမြို့နယ်လုံးဆိုင်ရာပညာရေးကွန်ရက်ကြီးကို ဘာသာ၊ လူမျိုး၊ အသားအရောင်၊ အဖွဲ့အစည်းဟူ၍ ခွဲခြားခြင်းမရှိဘဲ ပညာရေးအပေါ် စိတ်စေတနာရှိသူများအားလုံး တန်းတူညီမျှပါဝင်နိုင်ရန်အတွက် ဇွန် ၃၀ရက် နံနက် ၉ နာရီက တောင်ငူမြို့ ကန်လမ်းရှိ ဟုတ်ဝမ်ခန်းမ၌ ပညာရေးကွန်ရက်ဖွဲ့စည်းခြင်းအခမ်းအနား ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ဘာသာရေးအဖွဲ့အစည်းများ၊ ဒေသခံလုပ်ငန်းရှင်များ၊ပရဟိတအသင်းအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ပါတီစုံမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ ပညာရေးကွန်ရက်ကြီးကို နာယကကိုးဦး အပါအဝင် အဖွဲ့ဝင် ၆၉ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး "လူထုအတွက် လူထုလက်ဖြင့် ထူမတ်နိုင်ဖို့ ဝိုင်းဝန်းစို့" ဟူ၍ ဆောင်ပုဒ်နှင့်အညီ ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

သူရ(တောင်ငူ)

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Gautam Mukhopadhaya အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံအား အခြေခံ၍ အရှေ့တောင်အာရှနှင့် ကုန်းလမ်း၊ ရေလမ်း ဆက်သွယ်မှုကို နှစ်နိုင်ငံအကျိုးစီးပွားအတွက် ဆောင်ရွက်ရေး၊ နှစ်နိုင်ငံပြည်သူအချင်းချင်း ဆက်သွယ်မှုတိုးမြှင့်ဆောင်ရွက်ရေး၊ အိန္ဒိယ-မြန်မာ ရေရှည်မိတ်ဆွေများအဖြစ် ဆက်သွယ်ဆောင်ရွက်ရေး၊ ယဉ်ကျေးမှုအခြေခံ မြင့်မားသော မြန်မာနိုင်ငံနှင့် ယဉ်ကျေးမှုကိုအခြေခံ၍ ရှိနှင့်ပြီးသော ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာအောင် တည်ဆောက်သွားရေး၊ နှစ်နိုင်ငံလွှတ်တော်များကြား အပြန်အလှန်အတွေ့အကြုံများဖလှယ်ရေး၊ နှစ်နိုင်ငံလွှတ်တော်ဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်လည်ပတ်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသိန်းဝင်း၊ ဗိုလ်မှူးကြီး မောင်မောင်ထူးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Gautam Mukhopadhaya **အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

◆ *ကျောဖုံးမှ*

လုပ်ဆောင်ကြရန်၊ ယင်းသို့ဆောင်ရွက်သည့်နေရာတွင် အဖြေကောင်းများ၊ အခြေအနေကောင်းများ ရရှိနိုင်ရေးအတွက် နှီးနှောဆွေးနွေးညှိနှိုင်းဆောင်ရွက်ကြရန်၊ စေတနာကောင်းသကဲ့သို့ ရလဒ်ကောင်းများရရှိရေးနှင့် အားလုံးပါဝင်နိုင်ရေးအတွက် စနစ်တကျနှင့် နည်းလမ်းတကျ ဆောင်ရွက်သွားကြရန်၊ ငြိမ်းချမ်းရေးဖော်ဆောင်သည့်နေရာတွင် ငွေကြေး၊ ပစ္စည်းအထောက်အပံ့များ လိုအပ်မည်ဖြစ်ရာ ပြည်ပနိုင်ငံ၊ အဖွဲ့အစည်းများက ပေးလိမ့်မည်ဟူသော မျှော်လင့်ချက်ကို အဓိကမထားဘဲ ပြည်သူများ၏ ဘဏ္ဍာ၊ နိုင်ငံ၏ဘဏ္ဍာ၊ ငွေကြေးများကို သုံးစွဲပြီး ငြိမ်းချမ်းရေးရအောင် ဆောင်ရွက်ကြရန်၊ ငြိမ်းချမ်းရေးရအောင် တည်ဆောက်သည့်အခါတွင် ဥပဒေနှင့် မညီလျှင်၊ ပြည်သူများ၏ ဘဝလုံခြုံရေးကို ထိပါးလာလျှင် သို့မဟုတ် ပြည်သူများ၏ ဘဝလုံခြုံရေးကို အကာအကွယ်မပေးနိုင်သည့် ဖြစ်စဉ်ဖြစ်ရပ်မျိုး ဖြစ်ပေါ်လာလျှင် ဖြေရှင်းနိုင်ရန် အဆိုပါ မကောင်းသောဘေးထွက်ဆိုးကျိုးများအတွက် ကြိုတင်လေ့လာသုံးသပ်ဆောင်ရွက်ကြရန်တို့ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ဆွေးနွေးခဲ့မှုသည် နိုင်ငံ၊ ပြည်သူနှင့် ငြိမ်းချမ်းရေးအတွက် လွန်စွာအကျိုးရှိသည့် ဆွေးနွေးမှုတစ်ခုဖြစ်သည်ကို လွှတ်တော်သို့ ပြန်လည်တင်ပြခြင်း ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

အောင်မြေသာစံ မဲဆန္ဒနယ်မှ ဦးကိုကြီး၏ **ပဲမျိုးစုံစိုက်သော တောင်သူများအတွက် စိုက်ပျိုးစရိတ်တစ်ဧကကျပ် ၇၀၀၀၀ နှုန်းအထိ တိုးမြှင့်၍ ချေးပေးနိုင်မှု ရှိ/မရှိနှင့် ယခင်နှစ်များက စိုက်ပျိုးစရိတ် မကျေခဲ့ပါက နောင်နှစ်သီးနှံချိန်ရောက်မှ ချေးငွေပေးဆပ်ခြင်းကို လက်ခံပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းများနှင့် စပ်လျဉ်း၍ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုးက ကိုယ်စားမေးမြန်းခဲ့ရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပြန်လည်ဖြေကြားခဲ့သည်။

ထိုသို့ဖြေကြားရာတွင် ပထမမေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါးသီးနှံတစ်ဧကလျှင် ကျပ်ငါးသောင်းနှုန်း၊ နွေစပါးသီးနှံတစ်ဧကလျှင် ကျပ်ရှစ်သောင်းနှုန်းနှင့် ယာသီးနှံတစ်ဧကလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် စုစုပေါင်းချေးငွေကျပ်(၅၅၇ ဒသမ ၈၅)ဘီလီယံ ထုတ်ချေးပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ မိုးစပါးနှင့် နွေစပါးသီးနှံ တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းနှင့် ယာသီးနှံတစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်းသို့ တိုးမြှင့်ထုတ်ချေးရန် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ စုစုပေါင်းချေးငွေကျပ်(၁၄၆၁)ဘီလီယံ ထုတ်ချေးရမည်ဖြစ်ရာ ယမန်နှစ်ကထက် စုစုပေါင်းချေးငွေရန်ပုံငွေ သုံးဆခန့်တိုးတက်လာမည်ဖြစ်သဖြင့် ဘဏ္ဍာငွေကန့်သတ်ချက်များ ရှိလာပါကြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားများသို့ ထုတ်ချေးငွေများသည် မြန်မာ့စီးပွားရေးဘဏ်ရှိ အများပြည်သူများ စုဆောင်းငွေမှ ထုတ်ချေးပေးခြင်းဖြစ်ပါကြောင်း၊ ယခုနှစ် ယာသီးနှံကို ယခင်ကျပ်တစ်သောင်းနှုန်းမှ ယခုကျပ်နှစ်သောင်းနှုန်းသို့ တိုးမြှင့်ထားပြီးဖြစ်၍ တစ်ဧကလျှင် ကျပ်ခုနစ်သောင်းနှုန်းသို့ တိုးမြှင့်ထုတ်ချေးပေးနိုင်ခြင်း မရှိသေးပါကြောင်း။

ဒုတိယမေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုး၊ ဆောင်း၊ မိုးကြိုရာသီအလိုက် ထုတ်ချေးငွေများမှာ နှစ်ချင်းဆပ် နှစ်တိုချေးငွေများဖြစ်ပါကြောင်း၊ ဒေသအလိုက် စိုက်ပျိုးချိန်မတူညီ၍ သီးနှံပေါ်ချိန်များလည်း မတူညီမှုများရှိပါကြောင်း၊ တောင်သူများ၏ ပေးဆပ်နိုင်မှုအရ ပြန်လည်ပေးဆပ်ရန်ကာလကို အနည်းဆုံး ခုနစ်လမှ ဆယ်လ (တစ်နှစ်)အထိ စောင့်ဆိုင်းကောက်ခံပေးလျက်ရှိပါကြောင်း၊ ငွေကြေးလည်ပတ်မှုရှိစေရန်အတွက် ကြွေးသစ်ထုတ်ချေးရန်မှာ ကြွေးဟောင်းများပြေကျေရန် အထူးလိုအပ်ပါကြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နည်းဥပဒေ အခန်း(၆)၊ နည်းဥပဒေ ၂၉ တွင် "ဘဏ်ကထုတ်ပေးခဲ့သော မည်သည့်ချေးငွေမျိုးကိုမဆို ချေးယူသူက အချိန်မှန်မှန် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျှင် ဘဏ်သည် ယင်းပျက်ကွက်သူအား ချေးငွေသစ်များ ထုတ်ပေးခြင်းကို ရပ်ဆိုင်းထားရမည်"ဟု ပြဋ္ဌာန်းထားရှိပါကြောင်း၊ သို့ပါ၍ ယခင်နှစ်များက စိုက်စရိတ်မကျေခဲ့သော တောင်သူများအတွက် နောင်နှစ်ပေါ်မည့် သီးနှံချိန်ရောက်မှ ချေးငွေပေးဆပ်ခြင်းကို လက်ခံပေး၍ မရနိုင်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

သီးနှံချေးငွေနှင့် ပတ်သက်၍ **ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင်**က "ဒီမေးခွန်းက တကယ်မေးသင့်တဲ့ မေးခွန်းပဲ၊ ကျွန်တော်တို့ဆီမှာ နွေစပါး၊ မိုးစပါးစိုက်ဖို့ဆိုရင် တစ်ဧကတစ်သိန်းနှုန်း စိုက်/ဘဏ်က ထုတ်ပေးထားတယ်၊ ဒါလယ်သမားတွေအတွက် သင့်တင့်တဲ့အထောက်အကူတစ်ခုတော့ဖြစ်တယ်၊ ဒါပေမယ့် ကိုင်းသမားပေါ့၊ ကျွန်တော်တို့ဘက်ကခေါ်တော့ ဆောင်းသီးနှံပေါ့။ အဲဒီဆောင်းသီးနှံစိုက်တဲ့ ကိုင်းစိုက်တဲ့လူတွေအတွက်ကျတော့ တစ်ဧကကိုသူတို့ ထပ်တိုးတဲ့နှုန်းအရတောင်မှ နှစ်သောင်းပဲပေးထားတာ၊ တကယ်တမ်းကျတော့ ဒါလုံလောက်တဲ့အထောက်အကူမဖြစ်ဘူး။ ဒါကတော့ ဒီထက်ပိုပြီးတော့ တိုးပြီးထုတ်ချေးသင့်တယ်လို့ထင်ပါတယ်။ ဒါဟာ ဆောင်းသီးနှံ၊ ပဲမျိုးစုံစိုက်တဲ့ တောင်သူတွေအတွက် ထိုက်သင့်တဲ့ အထောက်အပံ့မဖြစ်သေးတဲ့အတွက် ထပ်တိုးပေးသင့်တယ်လို့ မြင်ပါတယ်"ဟု ၎င်း၏အမြင်ကို ပြောပြခဲ့သည်။

ယနေ့အစည်းအဝေးတွင် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုက **၂၀၁၃ ခုနှစ် အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူ လူအများအား အချိန်မီဆေးကုနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်း**ကို တင်သွင်းခဲ့ရာ လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့သည်။

သူရဦးအောင်ကိုက ဥပဒေကြမ်းတင်သွင်းရာတွင် ၎င်းအကြောင်းအရာနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး၌ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီက အရေးကြီးအဆိုအဖြစ် တင်သွင်းခဲ့ပြီး လွှတ်တော်က ယင်းအဆိုကိုအတည်ပြုကာ ဥပဒေမူကြမ်းရေးဆွဲတင်ပြရန် တာဝန်ပေးအပ်ခဲ့ပါကြောင်း၊ ၎င်းဥပဒေကြမ်းတွင် အခန်းပေါင်း (၄)ခန်း၊ ပုဒ်မပေါင်း(၁၅) ခုပါရှိပြီး မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူများ အနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိမှုများနှင့် ကြုံတွေ့ရပါက အချိန်မီ ဆေးကုသနိုင်ရေးအတွက် ရည်ရွယ်ရေးဆွဲထားခြင်းဖြစ်ကြောင်းဖြင့် ထည့်သွင်းတင်ပြခဲ့သည်။

အစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင် ရပ်နားခဲ့ပြီး အစည်းအဝေးဆဋ္ဌမနေ့ကို ဇူလိုင် ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

❍ *ကျောဖုံးမှ*

လွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

ထို့နောက် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးစံထွန်းက ဆက်သွယ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အဆုံးအဖြတ်ရယူအတည်ပြုသည်။

ယင်းနောက် ဆက်သွယ်ရေးဥပဒေကြမ်းကို ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဝင်းသန်းက ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကျော်သူဦးက ထောက်ခံဆွေးနွေးသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက အဆိုအတည်ဖြစ်သည့်အတွက် ဆက်သွယ်ရေးဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်ရီက တင်သွင်းထားသည့် ထုတ်ပြန်ပြဋ္ဌာန်းပြီး၊ အာဏာတည်ပြီးဖြစ်သော "ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ"ကို တိကျစွာ လိုက်နာကျင့်သုံးရေးအတွက် လိုအပ်သော အစီအမံများနှင့် အရေးယူဆောင်ရွက်သွားရန် အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၇)ဦးတို့က ဆွေးနွေးကြသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာမြဦးက ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးမှုသည် ကျန်းမာရေးအန္တရာယ် သက်သက်မဟုတ်ဘဲ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲနွမ်းပါးမှုနှင့်လည်း သက်ဆိုင်ပါကြောင်း၊ ဆေးလိပ်သောက်သုံးမှုကြောင့် တစ်ကမ္ဘာလုံးတွင် လူခြောက်သန်းခန့်သေဆုံးလျက်ရှိပါကြောင်း၊ ထိုသို့သေဆုံးမှုအနက် သူတစ်ပါး၏ ဆေးလိပ်ငွေ့ရှူရှိုက်ခြင်းကြောင့် လူခြောက်သိန်းကျော် သေဆုံးလျက်ရှိပါကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီး ထိန်းချုပ်မှုကို ထိရောက်စွာ မဆောင်ရွက်လျှင် ၂၀၃၀ ခုနှစ်တွင် လူရှစ်သန်းခန့် သက်တမ်းမစေ့မီ သေဆုံးမည်ဟု ခန့်မှန်းထားပါကြောင်း၊ ယင်းသေဆုံးမှုများ၏ ရာခိုင်နှုန်း(၈၀)သည် ဝင်ငွေနည်းပါးသော နိုင်ငံများ၊ ဝင်ငွေအလယ်အလတ်နိုင်ငံများတွင် ဖြစ်မည်ဟု ကမ္ဘာ့ပညာရှင်များက ခန့်မှန်းထားပါကြောင်း။

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဆေးလိပ်သောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းများကို ဥပဒေများဖြင့် ထိန်းချုပ်အကောင်အထည်ဖော်နိုင်မှုကြောင့် ဆေးလိပ်သုံးစွဲမှုများလျော့နည်းလာပါကြောင်း၊ စီးကရက်ကုမ္ပဏီကြီးများကလည်း ရောင်းအားမြှင့်တင်မှုများကို နည်းမျိုးစုံဖြင့် ဆောင်ရွက်လာပါကြောင်း၊ အဆိုပါ ကုမ္ပဏီကြီးများသည် ၎င်းတို့နိုင်ငံတွင် လျော့နည်းသွားသော ဈေးကွက်အစား ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လာကြပါကြောင်း။

မြန်မာနိုင်ငံတွင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ယခုဆောင်ရွက်နေသည့် ဆေးလိပ်နှင့် ဆေးရွက်ကြီး ထိန်းချုပ်ရေးကို မြို့နယ်အားလုံးတွင် ကျယ်ကျယ်ပြန့်ပြန့် စဉ်ဆက်မပြတ် ဆောင်ရွက်ရန်၊ လူငယ်အားလုံးသို့ ဦးတည်ရန်၊ ဌာနပေါင်းစုံမှလည်း အသိရှိရှိဖြင့် ယခုထက်ပိုမို၍ ထိထိရောက်ရောက် ဆောင်ရွက်ရန်၊ လူမှုအဖွဲ့အစည်းများကလည်း ဆေးလိပ်နှင့် ဆေးရွက်ကြီး ထိန်းချုပ်ရေးတွင် အသင်းအဖွဲ့ဖွဲ့စည်းဆောင်ရွက်ရန်၊ စီးကရက်နှင့် ဆေးရွက်ကြီးထုတ်လုပ်မှု ဆောင်ရွက်နေသော စီးပွားရေးအဖွဲ့အစည်းများကလည်း မိမိတို့၏ အကျိုးအမြတ်ထက် လူသားများ၏ ကျန်းမာရေး၊ စီးပွားရေး၊ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးတို့အတွက်ပါ စဉ်းစားဆောင်ရွက်ရန်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း လွတ်လပ်စွာ ကုန်သွယ်မှုကိစ္စရပ်တွင် ဆေးလိပ်နှင့် အရက်ကို ခြွင်းချက်ဖြင့် မပါဝင်စေရန်နှင့် မှောင်ခိုရောင်းဝယ်မှု မပြုလုပ်နိုင်ရေးအတွက် သဘောတူညီချက်ချမှတ်ရန်၊ ကုလသမဂ္ဂ(UNESCO) အနေဖြင့် ဆေးလိပ်နှင့်အရက်ကို ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖွံ့ဖြိုးပြီးနိုင်ငံများက ရင်းနှီးမြှုပ်နှံမှု အင်တာနက်မှ e-Cigarette ကိစ္စများတို့ကို လိုအပ်သလို ဆောင်ရွက်သင့်ပါကြောင်းဖြင့် အကြံပြုဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

အဆိုကို လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲများသည့်အတွက် အဆိုအတည်ပြုကြောင်း ဆုံးဖြတ်သည်။

အစည်းအဝေးကို ညနေပိုင်း ကျင်းပပြီးစီးပြီး အစည်းအဝေးဆဋ္ဌမနေ့ကို ဇူလိုင် ၃ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃-၇-၂၀၁၃(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၆:၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
၆:၃၅ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ/အက
၇:၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း
၈:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၁၀:၀၀ ပြည်တွင်းသတင်း

နေ့လယ်ပိုင်း

၁၁:၃၅ လောကနီတိ(၁) **အိုးထိန်းသည်**
၁၂:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း

ညပိုင်း

၁၅:၀၀ ပြည်တွင်းသတင်း
၁၆:၀၀ ပြည်တွင်းသတင်း
၁၆:၁၅ အိန္ဒိယရုပ်ရှင် **သူကလျှာ ကိုယ်ကသွား** (ဇာတ်သိမ်း)
၁၆:၄၀ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၁၇:၀၀ ပြည်တွင်းသတင်း
၁၇:၄၅ **Road to 27th SEA Games** (ကျွမ်းဘား)
၁၈:၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း
၁၉:၀၀ ပြည်တွင်းသတင်း
၂၁:၀၀ ပြည်တွင်းသတင်း
- ၂၀၁၃ ခုနှစ် ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ စီစဉ်တင်ဆက်သည့် ယဉ်ကျေးခေတ်မီ မေပန်းချီ ဂုဏ်တင်ဝင့်ကြွား မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်မှုပြပွဲနှင့် ဖျော်ဖြေပွဲအစီအစဉ် (အပိုင်း-၁)

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် ဇူလိုင် ၂

ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦးနှင့် အဖွဲ့ဝင် ခုနစ်ဦးပါဝင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လာရောက်လေ့လာခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းလုပ်ငန်းများကို မှန်မှန်ကန်ကန် မျှမျှတတစဉ်းစား ထင်သာမြင်သာရှိအောင် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်နေပြီ

နေပြည်တော် ဇူလိုင် ၂

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၈ နာရီက လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနယ်မြေရှိ မြန်မာ-ဝမ်ပေါင်ကုမ္ပဏီအစည်းအဝေးခန်းမ၌ ကျင်းပရာ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှထွန်း တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ကော်မတီဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး၊ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ဒုတိယဝန်ကြီးများနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် မြန်မာ-ဝမ်ပေါင် ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကား ပြောကြားရာတွင် ကော်မတီ၏ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အဖွဲ့လေးဖွဲ့ဖြစ်သည့် သိမ်းဆည်းမြေယာစိစစ်ရေးအဖွဲ့၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့၊ လူမှုစီးပွားဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့နှင့် သာသနိက အဆောက်အအုံများ ရွှေ့ပြောင်းရေးနှင့် ပြန်လည်တည်ဆောက်ခြင်းအဖွဲ့တို့ဖြင့် ဆောင်ရွက်ပြီး နယ်မြေဒေသအလိုက် တိုင်းဒေသကြီး ဝန်ကြီးများကလည်း ကွင်းဆင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် အဖွဲ့အလိုက်လုပ်ငန်းများကို စနစ်တကျ မှန်မှန်ကန်ကန်ဖြင့် ရာနှုန်းပြည့်ပြီးစီးအောင် အချိန်အဟုန်မြှင့်ပြီး အားသွန်ခွန်စိုက် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ထို့အပြင် လုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်း နိုင်ငံတော်နှင့် ပြည်သူ့အကျိုး၊ လုပ်ငန်းရှင်များအကျိုး၊ နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းအောင် မှန်မှန်ကန်ကန်မျှမျှတတဖြင့် စဉ်းစားဆောင်ရွက်ကြရန်နှင့်ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးထိတွေ့ဆက်ဆံမှုများ အကြိမ်ကြိမ်ပြုလုပ်ပြီး လိုအပ်ချက်နှင့် အခက်အခဲများကို စေတနာအပြည့်အဝဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် အထူးလိုအပ်ပါကြောင်း။

ထို့အတူ လက်ပံတောင်းတောင်ကြေးနီစီမံကိန်း လုပ်ငန်းများကို ပွင့်ပွင့်လင်းလင်းဖြင့် သူ့ဘက် ကိုယ့်ဘက် မှန်မှန်ကန်ကန် မျှမျှတတစဉ်းစား၍ ထင်သာမြင်သာရှိအောင် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ရန်လည်း လိုအပ်နေပြီဖြစ်ပါကြောင်း၊ သို့မှသာ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး စားဝတ်နေရေး အဆင်ပြေကာ မိမိတို့၏ ဆောင်ရွက်ချက်နှင့်လုပ်ငန်းစဉ်များကို ကိုယ်တိုင်သိမြင်နားလည်၍ တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်လာမည်ဖြစ်ကြောင်း။

ထိုသို့ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်လာကြမှသာ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် တာဝန်ရှိသူများအားလုံးက မိမိတို့၏လုပ်ငန်းဆိုင်ရာ အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်ပြီး စနစ်တကျ မှန်မှန်ကန်ကန်ဖြင့် အားသွန်ခွန်စိုက် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းများအား အချိန်အဟုန်မြှင့်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာများကိုလည်းကောင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးက မြေယာလျော်ကြေးပေးရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီမံကိန်းစာချုပ်သစ် အမြန်ဆုံးပြန်လည်ချုပ်ဆိုရေးဆိုင်ရာများကို လည်းကောင်း ဆွေးနွေးမှာကြားကြသည်။

ဆက်လက်၍ သိမ်းဆည်းမြေယာစိစစ်ရေးအဖွဲ့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၊ လူမှုစီးပွားဆိုင်ရာအကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့နှင့် သာသနိက အဆောက်အအုံများ ရွှေ့ပြောင်းရေးနှင့် ပြန်လည်တည်ဆောက်ခြင်းအဖွဲ့တို့မှ အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် မြန်မာ-ဝမ်ပေါင်ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများနှင့် အစည်းအဝေးတက်ရောက်လာကြသူများက အဖွဲ့အလိုက် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်မှုအခြေအနေများကို လည်းကောင်း၊ သတ္တုလုပ်ငန်းဆိုင်ရာ နိုင်ငံတကာအတွေ့အကြုံများကိုလည်းကောင်း၊ စီမံကိန်းနယ်မြေအတွင်း ဖြစ်ပေါ်နေသည့် အကြောင်းအရာများနှင့် အတွေ့အကြုံများကို လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးထိတွေ့ဆက်ဆံ၍ နားလည်သဘောပေါက်အောင်ရှင်းလင်းပြောကြားကာ နှစ်ဦးနှစ်ဖက်ပြေလည်မှုရရှိအောင် ညှိနှိုင်းဆောင်ရွက်ခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်၍ ညှိနှိုင်းပြီး လုပ်ငန်းများကို အချိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဆွေးနွေးတင်ပြချက်များကို ပြန်လည်သုံးသပ်ဆွေးနွေးပြောကြားပြီး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အောင်မြင်မှုများ အထိုက်အလျောက်ရရှိနေပြီဖြစ်၍ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ အားကောင်းလျှင်မိမိတို့လုပ်ငန်းများရာနှုန်းပြည့် အောင်မြင်မည် ဖြစ်သောကြောင့် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့ဝင်များသည် ဆားလင်းကြီးမြို့နယ်ရှိ အထည်ချုပ်စက်ရုံ၌ စက်မှုဝန်ကြီးဌာနမှ သင်တန်းနည်းပြ ဆရာ ဆရာမ ၁၉ ဦးက အနီးကပ်ကြီးကြပ်၍ ဒေသခံသင်တန်းသားများအား ခြင်ထောင်ချုပ်လုပ်နည်း၊ အမျိုးသားဝတ်အကျႌနှင့် အမျိုးသမီးဝတ်အကျႌများ ချုပ်လုပ်နည်းတို့ကို လက်တွေ့အထည်ချုပ် သင်တန်းပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ မွန်းလွဲပိုင်းတွင် မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ကံကုန်းကျေးရွာအနီးရှိ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် မိုးကြိုးဆာလ်ဖျူရစ်အက်စစ်စက်ရုံသို့ ရောက်ရှိရာ စက်ရုံမှူးက စက်ရုံဆိုင်ရာအချက်အလက်များ၊ ခေတ်မီနည်းစနစ်များဖြင့် ဆာလ်ဖျူရစ်အက်စစ် ထုတ်လုပ်နေမှု၊ ထွက်ရှိမှု၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိအောင် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ထိန်းချုပ်ခန်း၌ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ဆာလ်ဖျူရစ် အက်စစ်စက်ရုံ၊ ထုတ်လုပ်မှုအဆင့်ဆင့်၊ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိအောင် စနစ်တကျ စွန့်ပစ်နေမှုနှင့် သိုလှောင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါ မိုးကြိုးဆာလ်ဖျူရစ် အက်စစ်စက်ရုံကို ပြည်ပသွင်းကုန်အစားထိုးနိုင်ရေး၊ စက်မှုကုန်ကြမ်း လုံလောက်မှုရရှိရေးနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုအထောက်အကူပြုရေးစသည့် ရည်ရွယ်ချက်များဖြင့် တည်ဆောက်ထားရှိကြောင်းနှင့် တစ်ရက်လျှင် ဆာလ်ဖျူရစ်အက်စစ် တန် ၅၀ နှင့် အိုလီယမ် တန် ၂၀ ထုတ်လုပ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ၏ မျိုးရိုးဗီဇအရ... အကျိုးအမြတ်ခွဲဝေခံစားခြင်း...

နေပြည်တော် ဇူလိုင် ၂

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနနှင့် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့အခြေစိုက် အာဆီယံဇီဝမျိုးစုံမျိုးကွဲ ဗဟိုဌာန (ASEAN Centre for Biodiversity-ACB) တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ၏ မျိုးရိုးဗီဇအရင်းအမြစ်များ ထုတ်ယူသုံးစွဲခြင်းနှင့် အကျိုးအမြတ်ခွဲဝေခံစားခြင်းဆိုင်ရာ ပထမအကြိမ် အမျိုးသားအဆင့် ညှိနှိုင်းဆွေးနွေးပွဲ (First Myanmar National Consultation onAccess to Genetic Resources and Fair and Equitable Sharing of Benefits-ABS) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်၈နာရီတွင် နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ကျင်းပရာ **(အပေါ်ယာပုံ)** ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းတက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင် မျိုးရိုးဗီဇအရင်းအမြစ်များ ထုတ်ယူသုံးစွဲခြင်းနှင့် အကျိုးအမြတ်

အမျိုးသားလွှတ်တော် အစိုးရ၏အ... စိစစ်ရေးကော်မတီနှင့် ပြည်ထောင်...

နေပြည်တော် ဇူလိုင် ၂

အမျိုးသား လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှ ပထမအကြိမ် ဆဋ္ဌမပုံမှန် အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့်မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများနှင့် ပထမပုံမှန်အစည်းအဝေးမှ ပဉ္စမပုံမှန်အစည်းအဝေးအထိဆောင်ရွက်ရန် ကျန်ရှိသည့်မေးခွန်းများ၊ အဆိုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် ဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/ ၂၀၁၃)အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင်

နေပြည်တော် ဇူလိုင် ၂

ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ရွေးချယ်တင်မြှောက်ခံခဲ့ရသည့် နိုင်ငံတော်အစိုးရသစ် တာဝန်ယူလျက်ရှိသော အချိန်ကာလအတွင်း နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးပျက်ပြားစေရန် မသမာသူများနှင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများက ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်အောင်ဖန်တီးခဲ့ကြသည်။ အဆိုပါ ဆူပူအကြမ်းဖက်မှုများအား ပြည်ထဲရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်း အသီးသီးက တရားဥပဒေနှင့်အညီ ဟန့်တားထိန်းချုပ်ပြီး လုံခြုံရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သကဲ့သို့ တရားဥပဒေစိုးမိုးရေး၊ ဒုစရိုက်တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဟန်ချက်ညီ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ပြည်သူပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ ဖြစ်စဉ်များတွင် အမှု ၃၈၇ မှု တည်ဆောက်နိုင်ခဲ့ပြီး တရားခံ ၁၅၀၀ ဦးကို အမှုဖွင့်စစ်ဆေးနိုင်ခဲ့

၂၀၁၂ ခုနှစ် ဇွန်လဆန်းပိုင်းမှစတင်ဖြစ်ပွားခဲ့သော ရခိုင်ပြည်နယ်ဖြစ်စဉ်များတွင် ဆူပူအကြမ်းဖက်မှုများကြောင့် ၂၀၁ ဦး သေဆုံးပြီး ၂၇၀ ဒဏ်ရာရရှိခဲ့သဖြင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့သည်။ ဖြစ်စဉ်များတွင် ပါဝင်ကျူးလွန်ကြသူများအား အမှု ၂၇၉ မှုတရားစွဲတင်ပြီး တရားခံ ၁၁၈၉ ဦးနှင့် တူမီးလက်နက် ၉၇၇ လက်တို့အား ဖော်ထုတ်အရေးယူခဲ့သည်။ အဆိုပါ အမှုများထဲမှ အမှု ၁၉၅ မှုနှင့် တရားခံ ၅၀၇ ဦးအား ပြစ်ဒဏ်ချမှတ်နိုင်ခဲ့ပြီး အမှု ၂၁ မှုမှ တရားခံရှစ်ဦးအား အမှုပိတ်သိမ်းနိုင်ခဲ့ကာ အမှု ၆၃ မှုမှ တရားခံ ၆၆၂ ဦးမှာ စစ်ဆေးဆဲဖြစ်သည်။ ပြစ်ဒဏ်ကျခံနေသည့် ၅၀၇ ဦးတွင် ၉၀ မှာ ပြစ်ဒဏ်မှလွတ်ခဲ့ပြီးဖြစ်၍ ၄၁၇ ဦး ပြစ်ဒဏ်ကျခံနေဆဲဖြစ်သည်။ အမှုစစ်ဆေးနေစဉ် ကာလအတွင်း တရားခံ ၁၂ ဦးသေဆုံးခဲ့ပြီး တရားခံ ၃၇ ဦးမှာ တရားခံပြေးများဖြစ်နေသဖြင့် အရေးယူနိုင်ရန် ဖော်ထုတ်ရှာဖွေဖမ်းဆီးနေဆဲဖြစ်သည်။

၂၀၁၂ ခုနှစ် မတ်လမှစတင်၍ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းတွင် ဆူပူဆန္ဒပြအကြမ်းဖက်မှုများဖြစ်ပွားခဲ့ရာ ဖြစ်စဉ်များတွင် ပါဝင်ကျူးလွန်သူများအား အမှုလေးမှုဖြင့် တရားစွဲတင်ပြီး တရားခံခုနစ်ဦးတို့အား အရေးယူခဲ့သည်။ အဆိုပါ အမှုများအတွင်း အမှုနှစ်မှုမှ တရားခံလေးဦးအား ပြစ်ဒဏ်ချမှတ်နိုင်ခဲ့ပြီး အမှုနှစ်မှုမှ တရားခံသုံးဦးမှာ စစ်ဆေးဆဲဖြစ်သည်။ ဖြစ်စဉ်မှ တရားခံ ၁၄ ဦးမှာ တရားခံပြေးများ ဖြစ်နေသဖြင့် အရေးယူနိုင်ရန် ဖော်ထုတ်ရှာဖွေဖမ်းဆီးနေဆဲဖြစ်သည်။

၂၀၁၂ခုနှစ် မေလ လဆန်းပိုင်းမှစတင်ပြီး မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသတွင်လည်း ရွှေတူးဖော်ရေးလုပ်ငန်းလုပ်ကိုင်နေသော ကုမ္ပဏီများနှင့် အသေးစားလုပ်ငန်းရှင်များအကြား မကျေနပ်မှုများကြောင့် ဆူပူဆန္ဒပြအကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်များတွင် အမှုခုနစ်မှုမှ ပါဝင်ကျူးလွန်သူ ၂၇ ဦးအား တရားစွဲတင်ပြီး အရေးယူခဲ့သည်။ အဆိုပါ အမှုများတွင် လေးမှုမှ တရားခံနှစ်ဦးအား ပြစ်ဒဏ်ချမှတ်နိုင်ခဲ့ပြီး ပြစ်ဒဏ်ကျခံဆဲတစ်ဦး၊ ပြစ်ဒဏ်ကျခံပြီး လွတ်မြောက်သူတစ်ဦးနှင့် စွဲချက်မတင်မီ ပြန်လွှတ်သူ လေးဦးရှိသည်။ ကျန်သုံးမှုမှ တရားခံ ၂၁ ဦးအား စစ်ဆေးဆဲ ဖြစ်သည်။

၂၀၁၃ ခုနှစ် မတ် ၂၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့၌ သာမန်စျေးအရောင်းအဝယ်ပြုရာမှ စကားများရန်ဖြစ်မှုအပေါ် လူစုလူဝေးများဖြင့် ဆူပူအကြမ်းဖက်သည့် ဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့သည်။ အဆိုပါဖြစ်စဉ်မှသည် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးနယ်မြေ ဝမ်းတွင်းမြို့နယ်၊ သာစည်မြို့နယ်၊ ရမည်းသင်းမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီးရှိ မြို့နယ်အချို့သို့ ကူးစက်ဖြစ်ပေါ်ခဲ့သည်။ အကြမ်းဖက်မှုဖြစ်စဉ်များမှ သေဆုံးသူ သံဃာတစ်ပါးအပါအဝင် ၄၃ ဦးနှင့် ဒဏ်ရာရရှိသူ ၆၄ ဦးရှိသည်။ ပါဝင်ကျူးလွန်သူများအား အမှု ၅၂မှုဖြင့် တရားစွဲတင်ပြီး တရားခံ ၉၅ ဦးတို့အား အရေးယူခဲ့သည်။ အဆိုပါအမှုများတွင် အမှုကိုးမှုမှ တရားခံ ၂၅ ဦးအား ပြစ်ဒဏ်ချမှတ်နိုင်ခဲ့ပြီး အမှု ၄၃ မှုမှ တရားခံ ၇၀ ဦးအား စစ်ဆေးဆဲဖြစ်၍ ပြစ်ဒဏ်ကျခံဆဲ ၂၅ ဦးဖြစ်သည်။ ဖြစ်စဉ်တွင် တရားခံ ၅၄ ဦးမှာ တရားခံပြေးများ ဖြစ်နေသဖြင့် အရေးယူနိုင်ရန် ဖော်ထုတ်ရှာဖွေဖမ်းဆီးနေဆဲဖြစ်သည်။

၂၀၁၃ ခုနှစ်၊ မတ်လအတွင်း ဖြစ်ပွားခဲ့သော ဆူပူမှုဖြစ်စဉ်များမှ

ပြည်တွင်းသတင်း

် မျိုးရိုးဗီဇအရင်းအမြစ်များ ထုတ်ယူသုံးစွဲခြင်းနှင့် ်ခွဲဝေခံစားခြင်းဆိုင်ရာ ပထမအကြိမ် အမျိုးသားအဆင့် ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

ဇူလိုင် ၂
န်းသိမ်းရေးနှင့်
ဝန်ကြီးဌာနနှင့်
ာမြို့အခြေစိုက်
ကွဲ ဗဟိုဌာန
for Biodiver-
ပါင်း၍ မြန်မာ
ရင်းအမြစ်များ
အကျိုးအမြတ်
ပထမအကြိမ်
ညှိနှိုင်းဆွေးနွေးပွဲ
ar National
ccess to Ge-
and Fair and
of Benefits-
အနားကို ယနေ့
နပြည်တော်ရှိ
်၌ ကျင်းပရာ
းကျင်ထိန်းသိမ်း
ပတ်ဝန်းကျင်
စ်တောရေးရာ
ထောင်စုဝန်ကြီး
ာက်၍ အဖွင့်
ရာတွင် မြန်မာ
ရင်းအမြစ်များ
အကျိုးအမြတ်

ခွဲဝေခံစားခြင်းဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန်အတွက် ဒေသအလိုက်ကိုက်ညီသည့် နိုင်ငံ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသော စွမ်းဆောင်ရည်တည်ဆောက်မှု စီမံကိန်းနှင့်ပတ်သက်၍ဆက်စပ်ဝန်ကြီးဌာနများ၊ အခြားအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အဆင့်မြင့်ပုဂ္ဂိုလ်များ ပါဝင်တက်ရောက်လာခြင်းသည် မြန်မာနိုင်ငံ၏ ဌာနဆိုင်ရာနှင့် အခြားအဖွဲ့အစည်းများအကြား စုပေါင်းတာဝန်ယူမှုသဘောကို ပေါ်လွင်စေပါကြောင်း။

အခြားသော ဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ မြန်မာနိုင်ငံ၌လည်း ဇီဝမျိုးစုံမျိုးကွဲများ၏ မူရင်းဒေသများ ပျက်စီးဆုံးရှုံးခြင်း၊ အလွန်အကျွံ ထုတ်ယူသုံးစွဲခံရခြင်း၊ သစ်တောများပြုန်းတီးခြင်း၊ သဘာဝသစ်တောတွေကို အခြားမြေအသုံးချမှုသို့ ပြောင်းလဲခြင်း၊ ကုန်းမြင့်ဒေသများမှာ မိရိုးဖလာ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်း၊ အဆိပ်အတောက်ဖြစ်စေသည့် ဓာတုစွန့်ပစ်ပစ္စည်းတွေကို မြစ်ချောင်း၊ ရေကန်နှင့် ပင်လယ်စသော ရေထုအတွင်း စွန့်ပစ်ခြင်း၊ စနစ်တကျပြုလုပ်ထားသည့် ငါးဖမ်းကိရိယာများ အသုံးပြုမှုအားနည်းခြင်း၊ မူလဇီဝမျိုးစုံမျိုးကွဲများအား ထိခိုက်စေနိုင်သည့် ပြင်ပမှမျိုးစိတ်များ တင်သွင်းခြင်း၊ တောရိုင်းတိရစ္ဆာန်များနှင့် ၎င်းတို့၏ခန္ဓာကိုယ်အစိတ်အပိုင်းများအား တရားမဝင်ရောင်းဝယ်ခြင်းတို့ကြောင့် ဇီဝမျိုးစုံမျိုးကွဲဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း။

ယနေ့ ကျင်းပသည့် ဆွေးနွေးပွဲသည် မျိုးရိုးဗီဇအရင်းအမြစ်များ ထုတ်ယူသုံးစွဲခြင်းနှင့် အကျိုးအမြတ်ခွဲဝေခံစားခြင်းဆိုင်ရာ မူဝါဒများနှင့် ဥပဒေရေးရာ ပြဋ္ဌာန်းချက်များ၊ အမျိုးသားအဆင့် မျိုးရိုးဗီဇထုတ်ယူသုံးစွဲခြင်းနှင့် အကျိုးအမြတ် ခွဲဝေခံစားခြင်းဆိုင်ရာ လမ်းပြမြေပုံများ ရေးဆွဲနိုင်ရေး၊ နာဂိုယာ သဘောတူညီချက်/ ကတိကဝတ်တွေ အကောင်အထည်ဖော်ရေး ဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရေးတို့အတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အာဆီယံဇီဝမျိုးစုံမျိုးကွဲဗဟိုဌာနမှ စီမံကိန်းညှိနှိုင်းရေးမှူး Mr. Anthony Charles Thomas M. Foronda က အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ဆွေးနွေးပွဲ အစီအစဉ်များကို ဆက်လက်ကျင်းပရာ ကုလသမဂ္ဂတက္ကသိုလ်၊ အဆင့်မြင့်ပညာ လေ့လာရေးသိပ္ပံ (UNU-IAS) မှ Mr. Geoffery Burton က မျိုးရိုးဗီဇအရင်းအမြစ်များ ထုတ်ယူသုံးစွဲခြင်းနှင့် အကျိုးအမြတ်ခွဲဝေခံစားခြင်းဆိုင်ရာ နာဂိုယာ နောက်ဆက်တွဲစာချုပ်ပါ အကြောင်းအချက်များကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍနှင့် ဇီဝနည်းပညာဆိုင်ရာကဏ္ဍများမှ မျိုးရိုးဗီဇအရင်းအမြစ်များ ထုတ်ယူသုံးစွဲခြင်းနှင့် အကျိုးအမြတ်ခွဲဝေခံစားခြင်းဆိုင်ရာ မူဝါဒနှင့် စပ်လျဉ်းသည့် အကြောင်းအချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနများမှကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကာ အမျိုးသားအဆင့် မျိုးရိုးဗီဇအရင်းအမြစ်များ ထုတ်ယူသုံးစွဲခြင်းနှင့် အကျိုးအမြတ်ခွဲဝေခံစားခြင်းဆိုင်ရာ မူဝါဒရေးဆွဲချမှတ်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ဆွေးနွေးပွဲကို ဇူလိုင် ၃ ရက်တွင် မျိုးရိုးဗီဇအရင်းအမြစ်များ ထုတ်ယူသုံးစွဲခြင်းနှင့် အကျိုးအမြတ်ခွဲဝေခံစားခြင်းဆိုင်ရာ အာဆီယံမူဘောင် သဘောတူညီချက်၊ အမျိုးသား ဥပဒေရေးရာမူဘောင်နှင့် အမျိုးသား မျိုးရိုးဗီဇအရင်းအမြစ်များ ထုတ်ယူသုံးစွဲခြင်းနှင့် အကျိုးအမြတ် ခွဲဝေခံစားခြင်းမူဝါဒဆိုင်ရာ လမ်းပြမြေပုံ ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်များဖြင့် ဆက်လက်ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ တီနှင့် ပြည်ထောင်စုအဆင့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းညှိနှိုင်းစည်းဝေး

ဇူလိုင် ၂
လွှတ်တော်
ာမခံချက်များ၊
ဝန်ခံချက်များ
ပထမအကြိမ်
ည်းအဝေးတွင်
် ကိုယ်စား
ခဲ့သည့်မေးခွန်း
ှ် အဆိုများနှင့်
ခဝေးမှ ပဥ္စမ
ထိဆောင်ရွက်
ခွန်းများ၊ အဆို
ပြည်ထောင်စု
လုပ်ငန်းညှိနှိုင်း
၂၀၁၃)အစည်း
လွဲ ၁ နာရီတွင်

နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံရေးရာ ကော်မတီ အစည်းအဝေးဆောင်၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ကော်မတီဥက္ကဋ္ဌ ဦးအောင်ထွန်းက ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဝန်ကြီးဌာနများအား ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြ မေးခွန်းများ မေးမြန်းခဲ့ပါကြောင်း၊ ကြယ်ပွင့်မပြမေးခွန်းများကို ဝန်ကြီးဌာနများမှ အချို့မေးခွန်းများကို စာဖြင့်ဖြေကြားခဲ့သော်လည်း အချို့မေးခွန်းများကို ဖြေကြားခြင်းမရှိသေးသည်ကို သိရှိရပါကြောင်း၊ ကြယ်ပွင့်ပြမေးခွန်းများအား လွှတ်တော်တွင် လာရောက်ဖြေကြားခဲ့သော်လည်း ဆောင်ရွက်မှုအပိုင်းကိုလည်း ဂရုစိုက်ဆောင်ရွက်ပေးစေလိုကြောင်း၊ ကော်မတီအနေဖြင့် ဝန်ကြီးဌာနများနှင့် ပေါင်းစပ်နိုင်ရန် အဖွဲ့ခွဲများ ဖွဲ့စည်းထားပါကြောင်း၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အစီရင်ခံစာပြုစု၍ လွှတ်တော်သို့ တင်ပြရမည်ဖြစ်ပါကြောင်း၊ မေးခွန်းများ၊ အဆိုများအပေါ် ဝန်ကြီးဌာနများက ဆောင်ရွက်မှုအပိုင်းမှာ ၅၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်နိုင်မှုကို တွေ့ရှိရပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များတင်ပြသည့် ပြည်သူတို့၏ လိုအပ်ချက်များကို မိမိတို့ကော်မတီအနေဖြင့် ဝန်ကြီးဌာနများအား ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိန်းက နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းများအား ထာဝရငြိမ်းချမ်းရေးရသည်အထိ ပြည်ထောင်စုအဆင့် ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်တွင် တင်သွင်း၊ မေးမြန်းခဲ့သော အဆို၊ မေးခွန်းရှင်များက ၎င်းတို့၏ မေးခွန်း၊ အဆိုများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ကော်မတီဝင်များက ဝန်ကြီးဌာနများနှင့် အသေးစိတ် အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားသည်။

(သတင်းစဉ်)

ဆးနိုင်ခဲ့

ိုင်းဒေသကြီးရှိ
ှးစက်ဖြစ်ပေါ်
်မှုဖြစ်စဉ်များမှ
်ပါးအပါအဝင်
ရရှိသူ ၆၄ ဦး
ွန်သူများအား
ွဲတင်ပြီး တရား
ရေးယူခဲ့သည်။
အမှုကိုးမှုမှ
ပြစ်ဒဏ်ချမှတ်
မှ တရားခံ ၇၀
ဖြစ်၍ ပြစ်ဒဏ်
ည်။ ဖြစ်စဉ်တွင်
ာရားခံပြေးများ
ယူနိုင်ရန် ဖော်
နဆဲဖြစ်သည်။
မတ်လအတွင်း
မှုဖြစ်စဉ်များမှ

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ အုတ်ဖိုမြို့နယ်၊ လက်ပံတန်းမြို့နယ်၊ ကြို့ပင်ကောက်မြို့နယ်၊ ဇီးကုန်းမြို့နယ်၊ နတ်တလင်းမြို့နယ်၊ မိုးညိုမြို့နယ်၊ သဲကုန်းမြို့နယ်နှင့် သေနပ်ပင်မြို့နယ်များသို့ ကူးစက်လာပြီး တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် မီးရှို့ဖျက်ဆီးခြင်းများ၊ ရုန်းရင်းဆန်ခတ် ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်ခဲ့သည်။ ဖြစ်စဉ်များတွင် ပါဝင်ကျူးလွန်သူများအား အမှု ၁၈ မှုဖြင့် တရားစွဲတင်ပြီး တရားခံ ၇၃ ဦးတို့အား အရေးယူခဲ့သည်။ အဆိုပါအမှုများတွင် အမှု ၁၇ မှုမှ တရားခံ ၆၅ ဦးအား စစ်ဆေးဆဲဖြစ်၍ အမှုတစ်မှုမှ တရားခံ ရှစ်ဦးအား စွဲချက်မတင်မီ ပြန်လွှတ်ပေးခဲ့သည်။ ဖြစ်စဉ်တွင် တရားခံ ၃၅ ဦးမှာ တရားခံပြေးများ ဖြစ်နေသဖြင့် အရေးယူနိုင်ရန် ဖော်ထုတ်ရှာဖွေ ဖမ်းဆီးနေဆဲဖြစ်သည်။

၂၀၁၃ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့၌ ဆွမ်းခံကြွလာသော ကိုရင်တစ်ပါးအား စက်ဘီးဖြင့် တိုက်မိရာက စတင်၍ ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်ခဲ့သည်။ ဖြစ်စဉ်များတွင် တစ်ဦးသေ၊ ကိုးဦးဒဏ်ရာရရှိခဲ့ပြီး ပါဝင်ကျူးလွန်ကြသူများအား အမှု ၁၈ မှုဖြင့် တရားစွဲတင်၍ တရားခံ ၄၈ ဦးတို့အား အရေးယူခဲ့သည်။ အဆိုပါ အမှုများအတွင်း အမှုတစ်မှုမှ တရားခံနှစ်ဦးအား ပြစ်ဒဏ်ချမှတ်နိုင်ခဲ့ပြီး အမှု ၁၇ မှုမှ တရားခံ ၂၉ ဦးအား စစ်ဆေးနေဆဲဖြစ်သည်။ ပြစ်ဒဏ်ကျခံဆဲ နှစ်ဦးရှိပြီး စွဲချက်မတင်မီ ပြန်လွှတ်သူ ၁၇ ဦးဖြစ်သည်။ ဖြစ်စဉ်အတွင်း တရားခံ ၇၂ ဦးမှာ တရားခံပြေးများဖြစ်နေသဖြင့် အရေးယူနိုင်ရန် ဖော်ထုတ်ရှာဖွေဖမ်းဆီးနေဆဲဖြစ်သည်။

၂၀၁၃ ခုနှစ် မေ ၂၈ ရက်တွင် ရှမ်းပြည်နယ် လားရှိုးမြို့၌ တိုင်းရင်းသူတစ်ဦး ဓာတ်ဆီလောင်း မီးရှို့ခံခဲ့ရမှုအပေါ် ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်ခဲ့သည်။ ယင်းအကြမ်းဖက်မှုဖြစ်စဉ်တွင် သေဆုံးသူ တစ်ဦးနှင့် ဒဏ်ရာရရှိသူ ခြောက်ဦးရှိသည်။ ဖြစ်စဉ်မှ ပါဝင်ကျူးလွန်ကြသူများအား အမှုကိုးမှုဖြင့် တရားစွဲတင်ပြီး တရားခံ ၆၁ ဦးတို့အား အရေးယူခဲ့သည်။ အဆိုပါအမှုများအတွင်း အမှုတစ်မှုမှ တရားခံတစ်ဦးအား ပြစ်ဒဏ်ချမှတ်နိုင်ခဲ့ပြီး အမှုရှစ်မှုမှ တရားခံ ၃၁ ဦးအား စစ်ဆေးဆဲဖြစ်သည်။ပြစ်ဒဏ်ကျခံဆဲ တစ်ဦးရှိပြီး စွဲချက်မတင်မီ ပြန်လွှတ်သူ ၂၉ ဦး ဖြစ်သည်။

သို့ဖြစ်၍ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို ပြည်သူလူထုနှင့်လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူပူးပေါင်းပါဝင်သောရဲလုပ်ငန်းစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ တင်ပြပါကာလအတွင်း ဖြစ်စဉ်များတွင် အမှု ၃၈၇ မှု တည်ဆောက်နိုင်ခဲ့ပြီး တရားခံ ၁၅၀၀ ဦးကို အမှုဖွင့်လှစ်စစ်ဆေးနိုင်ခဲ့သည်။ အမှု ၂၀၂ မှုမှ တရားခံ ၅၄၁ ဦးအား ထိရောက်ဟန့်တားနိုင်သည့် ပြစ်ဒဏ်ချမှတ်နိုင်ခဲ့သည်။ အမှု ၂၂ မှုမှာ ပြစ်မှုမထင်ရှားသဖြင့် စွဲချက်မတင်မီ အမှုပိတ်သိမ်းခဲ့သည်။ ထို့အပြင် အမှု ၁၅၃ မှုမှ တရားခံ ၈၈၁ ဦးအား ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတည်ဆောက်စစ်ဆေးဆဲဖြစ်ပြီး တရားခံပြေး ၂၀၂ ဦးအား ဖော်ထုတ် ဖမ်းဆီးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

▲ ***ရှေ့ဖုံးမှ***

ချောကလျာဝင်းတို့အတွဲက ရွှေတစ်ခု၊ အမျိုးသားတစ်ဦးချင်း ကကွက်ပြိုင်ပွဲ၌ သော်ဇင်ဟန်က ကြေးတစ်ခု၊ အမျိုးသမီးတစ်ဦးချင်း ကကွက်ပြိုင်ပွဲ၌ ယမင်းကေခိုင်နှင့် သက်မြတ်နိုးဝေတို့အတွဲက ကြေးတစ်ခုစီ၊ အမျိုးသားဖလိုင်းဝိတ်တန်း အတိုက်ပြိုင်ပွဲ၌ နိုင်ဒွေးရှိန်က ကြေးတစ်ခုနှင့် အမျိုးသမီးဖယ်သာဝိတ်တန်း အတိုက်ပြိုင်ပွဲ၌ မေစန္ဒာကျော်ဝင်းက ငွေတစ်ခုတို့ အသီးသီးဆွတ်ခူး အောင်ပွဲဆင်နိုင်ခဲ့သည်။ ၎င်းပြိုင်ပွဲတွင် ကမ္ဘာ့နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ကလပ်အသင်းများပါဝင် ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲအပြီးတွင် တိုက်ကွမ်ဒို ကကွက်နည်းပြဆရာ ဦးသက်ရှိန်နှင့် ကကွက်ကစားသမားလေးဦးတို့သည် အင်ဒိုနီးရှားနိုင်ငံ၌ Joint Training တစ်လ ပူးတွဲဆက်လက်လေ့ကျင့်သွားမည် ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

"မြန်မာအမျိုးသမီးများနေ့"
ဇူလိုင်လ (၃) ရက်

မြန်မာအမျိုးသမီးများနေ့ကိုဂုဏ်ပြု မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ၂၀၁၃ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးခေတ်မီ၊ မေပန်းချီ၊ ဂုဏ်တင့်ဝင့်ကြွား၊ မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲနှင့် တော်ဝင်စံထား မြန်မာနှစ်ပါးသွား ဖျော်ဖြေပွဲကြီးအား ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံကြီး၌ ဇွန် ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့သည်။

တင်ဆက်ပြသ

ယခုနှစ်သည် (၁၀)နှစ်ပြည့်မြောက်သည့်နှစ်ဖြစ်သဖြင့် တစ်မူထူးခြားစွာ ရုပ်ရှင်၊ သဘင်၊ ဂီတမှ အနုပညာရှင်၊ မော်ဒယ် ၁၁၇ ဦးတို့ဖြင့် စီစဉ်တင်ဆက်ခဲ့သည်။ ပြပွဲတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ ရိုးရာဓလေ့ကိုအခြေခံ၍ မြန်မာမှုပြုထားသည့် ဆင်ယင်ထုံးဖွဲ့မှုများကို ပါတိတ်၊ ဥယျာဉ်၊ ချည်လွှင်ပြင်၊ ပိုးကမ္ဘာ၊ ချိတ်မဟာဟူသော ခေါင်းစဉ်များဖြင့် ရောင်စုံသွေးကြွလှပတင့်တယ်စွာ အနုပညာရှင်များ၏ စွမ်းရည်များဖြင့် အဆိုအကအလှအပများကို ဇာတ်လမ်းဇာတ်ကွက်များ တွဲဖက်ကာ တင်ဆက်ပြသခဲ့သည်။

မြန်မာအမျိုးသမီးတို့စံထားရာ တော်လေးဝဝင် အမရာ၊ ကိန္နရီ မဒီ၊ သမ္ဘုလအမျိုးသမီး လေးဦးတို့ ပါဝင်သည့် တော်ဝင်စံထား၊ မြန်မာနှစ်ပါးသွား ခေါင်းစဉ်ဖြင့်လည်း မြန်မာ့ယဉ်ကျေးမှုသဘင်အကများနှင့်အတူ ရှေးမြန်မာအမျိုးသမီးတို့၏ ဆင်ယင်ထုံးဖွဲ့မှု၊ ကိုယ်ကျင့်သီလစောင့်ထိန်းမှု၊ မေတ္တာတရားကြီးမားမှု၊ သိမ်မွေ့အေးချမ်းမှုများအား နာမည်ကျော်သဘင်ပညာရှင်များ၊ ဟာသသရုပ်ဆောင်များက ဦးဆောင်ပြသကာ မျိုးဆက်သစ်များ အတုယူလိုက်နာနိုင်စေရန်နှင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအား ထိန်းသိမ်းတတ်စေရန် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကြီးမှူးပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာ စိုက်ထူ

ရန်ကုန် ဇူလိုင် ၂

၂၀၁၃ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာ စိုက်ထူပွဲအခမ်းအနားကို ဇွန် ၂၇ ရက် နံနက် ၆ နာရီခွဲ က ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီ ဘုရားလမ်းနှင့် ဦးထောင်ဗိုလမ်းထောင့်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များစုစုပေါင်း အင်အား ၇၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သင်းသင်းမြ၊ ဒေါ်ခင်အေးနွယ်နှင့် ခေတ္တဥက္ကဋ္ဌ ဒေါ်သောင်းမြတို့က မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာ ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းဒေသကြီး နာယက ဒေါ်ခင်သက်ဌေးက ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

စစ်ကိုင်းတက္ကသိုလ် မိုးရာသီသစ်ပင်စိုက်ပျိုး

နေပြည်တော် ဇူလိုင် ၂

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်အတူ ဇွန် ၂၉ ရက် နံနက်ပိုင်းက စစ်ကိုင်းတက္ကသိုလ် ၂၀၁၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်၍ ခရေပင်ကို စိုက်ပျိုးပေးကြပြီး သစ်ပင်များစုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ ကျင်းပသော နာဂတောင်တန်းဒေသရှိ ဆေးရုံများသို့ ဆေးရုံသုံးပစ္စည်းများနှင့် စာသင်ကျောင်းဆောင်များ အလှူငွေပေးအပ်ပွဲအခမ်းအနားသို့တက်ရောက်သည်။

ယင်းနောက် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ဆားတောင်ကျေးရွာ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်ပွဲသို့ တက်ရောက်ကြရာ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် တာဝန်ရှိသူများက ဆေးရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် သီတဂူဆရာတော်က ဆေးရုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်ပက်ဖျန်းပေးသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မုံရွာမြို့ရှိ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရောဝတီမြစ်ရေတိုက်စားမှုကြောင့် ညောင်ပင်သာရွာ၌ နေအိမ်အချို့ပြောင်းရွှေ့ခဲ့ရ

မန္တလေး ဇူလိုင် ၂

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ ညောင်ပင်သာကျေးရွာ ဧရာဝတီမြစ်ရေတိုက်စားမှုအခြေအနေကို မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်၊ ပုသိမ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၃၁ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ဝန်ကြီးနှင့်အဖွဲ့သည် ရေတိုက်စားမှုကာကွယ်ရေးအတွက် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်နေခြင်းတို့ကို ကြည့်ရှုစစ်ဆေး၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြသော ကျေးရွာပြည်သူများကို တွေ့ဆုံအားပေးခဲ့ကြောင်း၊ ရေတိုက်စားမှုကြောင့် ညောင်ပင်သာကျေးရွာတွင် ယခင်နှစ်က အိမ်ခြေ ၂၃ အိမ်ကို ရေလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ပြီး မြေဧက ၁၅ ဧကရေတိုက်စားခံခဲ့ရသည့်အတွက် ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်းခွင့်ပြုငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နေအိမ်များပြောင်းရွှေ့ရာ၌တွေ့ရှိရသည့်အခက်အခဲများသာမက မူလရွာဟောင်းရေနက်နေရာများတွင် သဲများ ဖုံးအုပ်နေသဖြင့် နုန်းတင်မြေနုပြုပြင်ရေးကိစ္စများ ယခုနှစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ညောင်ပင်သာကျေးရွာအသစ်နှင့် အဟောင်းနှစ်နေရာ၌ မြစ်ရေတိုက်စားမှုမှကာကွယ်ရန် မြေသားနံရံ မီတာ ၂၅၀ ကိုကျောက်စီ၊ သံချင်းချလုပ်ငန်းများနှင့် ရေနက်စီးကြောင်း ပြောင်းလဲရန် မျောတိုင်တန်းကျောက်ဖြည့်ရေကာ အလျားမီတာ ၂၀၀ တည်ဆောက်ပေးမည့်လုပ်ငန်းကိစ္စများကိုပုံစံများဖြင့် ရှင်းလင်းခဲ့သည်။

ထို့နောက် ဝန်ကြီးသည် ညောင်ပင်သာကျေးရွာတွင် ဆောင်ရွက်နေသော မြစ်ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းမှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

နှမ်းစပါးစံကွက်ရိတ်သိမ်း တင်း ၁၀၀ ကျော်ထွက်ရှိ

ပုသိမ်ကြီး ဇူလိုင် ၂

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သမ္မတောကျေးရွာအုပ်စု တောင်သူ ဦးဆန်းဝင်း၏ နွေစပါးစိုက်ခင်းငါးဧကတွင် သိပ္ပံနည်းကျစိုက်နည်းစနစ်နှင့်အညီ စိုက်ပျိုးထားသောနွေစပါးစိုက်ခင်းကို ဇူလိုင် ၁ ရက် နံနက်က စံကွက်ရိတ်သိမ်းရာ တစ်ဧက ပျမ်းမျှ ၁၃၉ ဒသမ ၄၈ တင်းနှုန်းထွက်ရှိခဲ့သည်။

စံကွက်ရိတ်သိမ်းပွဲသို့ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးလှမြင့်အောင်နှင့်အဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဦးစီးမှူးနှင့် အဖွဲ့သည် သမ္မတောကျေးရွာ တောင်သူဦးမျိုးသန့်၏နွေစပါးပုလဲသွယ်စပါး စိုက်ခင်းဧက ၃၀ သိပ္ပံနည်းကျစိုက်ပျိုးထားသည့် သက်တမ်း ၁၁၂ ရက်သားရှိ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုကြသည်။ပုသိမ်ကြီးမြို့နယ်တွင် ၂၀၁၂-၂၀၁၃ ခုနှစ် နွေစပါး ၂၁၄၃၅ ဧကနှင့် ပုလဲသွယ်နွေစပါး ၃၇၈ ဧက စိုက်ပျိုးထားရှိကြောင်း သိရသည်။ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

လက်နက်အစိတ်အပိုင်းများ မှောင်ခိုသယ်ဆောင်သည့် ယာဉ်နှစ်စီးဖမ်းမိ

စစ်ကိုင်း ဇူလိုင် ၂

လက်နက်မှောင်ခိုရောင်းဝယ်ရာတွင်အသုံးပြုသည့်ကားနှစ်စီးကို လက်နက်ဆက်စပ်အစိတ်အပိုင်းများနှင့်အတူ စစ်ကိုင်းမြို့တွင် ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၇ ရက်က စစ်ကိုင်းမြို့မ ရဲစခန်းမှူး ဒုရဲမှူး သိန်းဆွေ မြို့မရဲစခန်းမှူးတာဝန်ဆောင်ရွက်နေစဉ် လက်နက်မှောင်ခိုရောင်းဝယ်ပြုလုပ်သည့် ကားနှစ်စီး စစ်ကိုင်းမြို့ နန်းတော်ရာရပ်ကွက်ရှိ ကားဝပ်ရှော့တွင် ကားပြင်ရန်ရောက်ရှိနေကြောင်း သတင်းအရ ရဲစခန်းမှ ရဲအုပ်ငွေးဝင်းနိုင်၊ နယ်ထိန်းတပ်ကြပ်ကြီး မောင်မောင်စိုး၊ တပ်ကြပ်ကြီး ကျော်စိန်မြင့်၊ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ မန်ခိုလျှန်းမောင်းနှင်သော ၃ခ/. . . ပါဂျဲရိုးနက်ပြာရောင်ကားနှင့် ပေါင်လျှန်နန်း(ခ)လျှန်ပို့မောင်းနှင်သော ၄င/. . . ပါဂျဲရိုးနက်ပြာရောင် ကားနှစ်စီးကို ယာဉ်မောင်းများနှင့်အတူ ယာဉ်ပေါ်ပါသူ သိန်းအောင်တို့အား လက်ကိုင်ဖြိုဟ်တုဖုန်းတစ်လုံး၊ ရိုးရိုးလက်ကိုင်ဖုန်းနှစ်လုံးတို့နှင့်အတူ မသင်္ကာဖွယ်တွေ့ရ၍ကားများကို ရဲစခန်းသို့ မောင်းယူလာပြီး စစ်ဆေးခဲ့သည်။

ရဲစခန်းတွင် သက်သေများနှင့်အတူစစ်ဆေးရာ ၎င်းတို့ထံမှ ရရှိသည့် ဂြိုဟ်တုဖုန်းအတွင်းမှ နိုင်ငံခြားနှင့်ဆက်သွယ်သည့် ဖုန်းနံပါတ်များ၊ လက်နက်မျိုးစုံကို မှတ်တမ်းတင်ထားသည့်ဓာတ်ပုံတို့ကို တွေ့ရှိရသည်။ ဆက်လက်စစ်ဆေးရာတွင် လွန်ခဲ့သော ၁၀ ရက်ခန့်က အေကေ ၆၇၊ အမ် ၁၆ ၉မမ ပစ္စတိုနှင့်ကျည်များ တရုတ်နိုင်ငံမှဝယ်ယူပြီး ကလေး-တမူးမှတစ်ဆင့် အိန္ဒိယနိုင်ငံ မိုရေးမြို့သို့ ရောင်းချခဲ့ကြောင်း ထွက်ဆိုသဖြင့် ယာဉ်နှစ်စီးကို ရှာဖွေစစ်ဆေးရာ မောင်းပြန်ရိုင်ဖယ်များတွင် မှန်ပြောင်းတပ်ရာ၌အသုံးပြုသော အရှည်တစ်ပေရှိ L-ကီးဆိုက်စုံ ၂၀၊ ဝါရှာပြားနှင့်နတ်တို ငါးခု၊ သေနတ်ပြောင်းတပ်ဆင်ရာတွင် အသုံးပြုသည့် အလျား ၁၁ စင်တီမီတာ၊ အနံငါးစင်တီမီတာ ရွှေ့လျားချိန်စက် အောက်ခံနှစ်ခု၊ အလျား ၅ ဒသမ ၅စင်တီမီတာ၊ အနံနှစ်စင်တီမီတာရှိ မှန်ပြောင်း ရွှေ့လျားချိန်စက်အောက်ခံနှစ်ခု၊ မှန်ပြောင်းတိုက်ချွတ်ရာတွင် အသုံးပြုသည့် အဝါရောင် ပိတ်စခြောက်ခုတို့ကို ၃ခ/. . . ယာဉ်၏ ယာဉ်မောင်းခုံနောက်ကြောအောက်မှ တွေ့ရှိရ၍ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

လက်နက်နှင့် ဆက်စပ်သော အစိတ်အပိုင်းများ တွေ့ရှိရပြီး လက်နက်မှောင်ခိုရောင်းဝယ်သည့် မန်ခိုလျှန်း(ခ)ခိုလျှန် (၃၇ နှစ်) ထန်ဇန်းရွာ တီးတိန်မြို့နယ် ချင်းပြည်နယ်နှင့် ပေါင်လျှန်နန်း(၃၂ နှစ်) တန်ခွန်ရွာ တီးတိန်မြို့နယ်နေသူ သိန်းအောင် (၄၂ နှစ်) အမှတ်(၂) ချမ်းမြသာစည် မန္တလေးတို့အား ပုဒ်မ(ပ) ၂၉၅/၂၀၁၃၊ ပုဒ်မ ၁၉(စ)အရ အမှုဖွင့်အရေးယူသည်။

ထို့အပြင် ဒုရဲမှူး ဦးသိန်းဆွေက တရားလိုပြုလုပ်၍ ၎င်းတို့လက်ဝယ်မှ ဂြိုဟ်တုဖုန်းကိုအသုံးပြု၍ လက်နက်ရောင်းဝယ်သော လုပ်ငန်းလုပ်ကိုင်ခဲ့သည့်အတွက် အီလက်ထရွန်နစ်ဆက်သွယ်ရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၃ ဖြင့် အမှုဖွင့်ထားသည်။

အလားတူ မြို့နယ်လဝက ဦးစီးမှူး ဦးပေါ်ဇော်ခိုင်က တရားလိုပြုလုပ်ပြီး မှတ်ပုံတင်အတုများ ကိုင်ဆောင်ကြသည့် ပေါင်လျှန်နန်းအား (ပ)၃၀၀/၂၀၁၃၊ ပုဒ်မ ၄၂၀/၄၆၈ ဖြင့်လည်းကောင်း၊ မန်ခိုလျှန်းအား (ပ) ၃၀၁/၂၀၁၃၊ ပုဒ်မ ၄၂၀/၄၆၈တို့ဖြင့်လည်းကောင်း အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(၁၃၇)

မြို့နယ်သတင်းတိုများ

သီတဂူစက္ခုဒါနဆေးရုံတွင် အခမဲ့မျက်စိခွဲစိတ်ကုသပေး

ကလေး ဇူလိုင် ၂

ကမ္ဘာ့သာသနာပြု သီတဂူဆရာတော်၏ ဦးဆောင်မှုဖြင့် တစ်နိုင်ငံလုံးတွင် ဖွင့်ပြီး၊ဖွင့်ဆဲ၊ဖွင့်လတ္တံ့ သီတဂူစက္ခုဒါနဆေးရုံတော်ပေါင်းမှာ ၂၂ ခုရှိပြီး ဖြစ်သည့်အနက် ကလေးမြို့ အောင်သစ္စာရပ်ကွက် သီတဂူစက္ခုဒါနဆေးရုံတော်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

အဆိုပါ ကလေးမြို့ သီတဂူစက္ခုဒါနဆေးရုံတော်တွင် အဌမအကြိမ်အဖြစ် ဇွန် ၁၂ ရက်မှစ၍ မျက်စိဝေဒနာရှင် ၃၀၀၀ ကျော်ကို မှတ်ပုံတင်စာရင်းလက်ခံရရှိပြီး အထူးကုဆရာဝန် ဒေါက်တာ မိမိခင်က မျက်စိဝေဒနာရှင်ပေါင်း ၁၈၅၀ ကို စမ်းသပ်ပေးပြီး ဇွန် ၂၂ ရက်မှ ၂၈ ရက်အထိ အထူးကုဆရာဝန် ဒေါက်တာမြအောင်နှင့် လက်ထောက်ဆရာဝန် ဒေါက်တာခင်အုန်းဟန်တို့က မျက်စိဝေဒနာရှင်ပေါင်း ၃၀၃ ဦးတို့ကို ခွဲစိတ်ကုသပေးခဲ့သည်။

ကလေးမြို့ သီတဂူစက္ခုဒါနဆေးရုံတော်တွင် ပထမအကြိမ်မှ အဌမအကြိမ်အထိ စမ်းသပ်လူနာပေါင်း ၆၈၁၁ ဦးရှိပြီး ခွဲစိတ်လူနာပေါင်း ၁၅၆၆ ဦးတို့ကို အခမဲ့ခွဲစိတ်ကုသပေးနိုင်ပြီး သီတဂူဆရာတော်ကိုယ်တိုင် မျက်စိဝေဒနာရှင်များကို လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ဂျူနိုင်း**

မန္တလေးသစ်သီးဈေး အရောင်းအဝယ်အေး

မန္တလေး ဇူလိုင် ၂

မန္တလေးမြို့ ဈေးချိုတော်တောင်ဘက် မန်းမြန်မာပလာဇာအနီးရှိ သစ်သီးဆိုင်တန်းများတွင် အရောင်းအဝယ်အေးလျက်ရှိသည်။ “အခုလက်ရှိပေါ်တဲ့ သရက်သီးကတော့ မျိုးစုံပေါ့၊ အဲဒီထဲမှာက စိန်တလုံး၊ ပတ္တမြားငမောက်၊ ကြက်မောက်သီး၊ နဂါးမောက်၊ မင်းကွတ်သီး၊ နာနတ်သီးတွေရှိတယ်။ အဲဒီထဲမှာ ကျွန်မတို့ဆိုင်မှာ အဝယ်များတာကစိန်တလုံးနဲ့ပတ္တမြားငမောက်အဝယ်များတယ်။ မင်းကွတ်သီးနဲ့ ကြက်မောက်သီးလည်း ရောင်းရပါတယ်။ အခုရက်ပိုင်းကတော့ အရောင်းအဝယ်နည်းနည်းအေးနေတယ်”လို့ သစ်သီးဆိုင်တန်းတွင် ရောင်းချသူ မတင်တင်အေးက ပြောပြသည်။ **မောင်မောင်**

ပရိုဘောက်စ်ကား အင်ဂျင်အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

ပြင်ဦးလွင် ဇူလိုင် ၂

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မန္တလေး-ပြင်ဦးလွင် အတက်လမ်းတွင် ပရိုဘောက်စ်ကားတစ်စီးအင်ဂျင်အပူလွန်ကဲ၍ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဇွန် ၂၇ ရက် နံနက် ၈ နာရီခွဲက မန္တလေး-ပြင်ဦးလွင် အတက်လမ်း မိုင်တိုင်အမှတ် ၂၅/ ၄၂ ကြား၌ ယာဉ်မောင်း ဦးရီမွန် (၄၀ နှစ်)သည် ခရီးသည်အမျိုးသားတစ်ဦး၊ အမျိုးသမီးလေးဦးတင်ဆောင်မောင်းနှင်လာသည့် ယာဉ်အမှတ် BB/. . . ပရိုဘောက်စ်(အဖြူရောင်)သည် အင်ဂျင်အပူလွန်ကဲကာ မီးလောင်ကျွမ်းသဖြင့် ပြင်ဇာရဲစခန်းမှ ရဲအုပ်ထိန်လင်းနှင့်ရဲတပ်ဖွဲ့ဝင်များ၊ ရတနာပုံမီးသတ်တာဝန်ခံ ဦးဝင်းဆွေနှင့်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်တစ်စီးဖြင့် ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ **တင်မောင်(ကိုယ်ပွား)**

နှစ်လုံးထီဒိုင်ဖမ်းမိ

မန္တလေး ဇူလိုင် ၂

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအနောက်ရပ်ကွက် ၃၇×၃၈ လမ်းကြား၊ ၈၃×၈၄ လမ်းကြား ရွှေတံငါဝင်းအတွင်းရှိ ဦးဝင်းဇော်မြင့် (၅၂ နှစ်)၏နေအိမ်၌ နှစ်လုံးထီလောင်းကစားနေကြောင်း သတင်းရရှိသဖြင့် ဇွန် ၂၈ ရက် နံနက် ၁၁ နာရီက မန္တလေးခရိုင် မှုခင်းအကူဌာနစုမှ ဒုတိယရဲအုပ် ဝင်းမင်းထွန်းနှင့်အဖွဲ့ဝင်များ၊ အမှတ်(၉)ရဲစခန်းမှ ဒုတိယရဲအုပ် မျိုးမင်းကြူဦးစီးသောအဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ ဦးဝင်းဇော်အား နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများနှင့် ငွေစက္ကူရောရာ ၂၉၀၀၀၀ တို့နှင့်အတူ သိမ်းဆည်းရမိခဲ့သဖြင့် အမှတ်(၉)ရဲစခန်းက အမှုဖွင့်အရေးယူနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

ဇွန် ၃၀ ရက်က နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ခုတင်(၁၀၀၀) ဆေးရုံ၌ နေသိဒ္ဓိရပ်ကွက်ရှိ သဒ္ဓမ္မဝေပုလ္လပရိယတ္တိစာသင်တိုက်ဆရာတော်(ဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ဒီဃနိကာမဝိဒူ)ဘဒ္ဒန္တဦးစာရိတ္တနှင့် တပည့်သာဝက များမှ (၂၃၃)အကြိမ်မြောက် အာဟာရဒါနလှူဒါန်းစဉ်။

ကျော်သူရ

ချင်းတွင်းမြစ်ကြောင်းအတွင်း တရားမဝင်သစ်ခွဲသားများ သယ်ဆောင်လာသည့် ကုန်တင်ရေယာဉ်များကိုအရေးယူ

ချင်းတွင်းမြစ်ကြောင်းအတွင်းမှ ကုန်တင်ယာဉ်များ။

မော်လိုက် ဇူလိုင် ၂

အထက်အညာဒေသမှ စုန်ဆင်းလာသော ချင်းတွင်းမြစ်ကြောင်းသွား ကုန်တင်ရေယာဉ်များသည် တရားမဝင်သစ်ခွဲသားများ သယ်ယူပို့ဆောင်လျက်ရှိကြောင်း သတင်းများထွက်ပေါ်လာခဲ့ပြီးနောက် အဖွဲ့စုံပူးပေါင်း၍ ဇွန် ၂၉ ရက်ကစတင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် ရေယာဉ်ဆိပ်ကမ်းတွင် စစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

"ဇွန် ၂၉ ရက်က စတင်စစ်ဆေးနေတာပါ။ ပထမနေ့က သစ်တင်လာတဲ့ ကုန်တင်ယာဉ်နှစ်စင်းကို ဖမ်းဆီးရရှိပါတယ်။ ဒုတိယနေ့ကျတော့ နောက်ထပ်သုံးစင်းထပ်မံဖမ်းဆီးရရှိပါတယ်။ အခုဆိုရင် ဖမ်းဆီးရမိတဲ့ ရေယာဉ်ဟာ စုစုပေါင်းငါးစင်းရှိသွားပြီ"ဟု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးစိုးမြင့်က ဆက်လက်ပြောပြသည်။

ချင်းတွင်းမြစ်ကြောင်း၌ သွားလာပြေးဆွဲလျက်ရှိသော ကုန်တင်ရေယာဉ်အများစုသည် မုံရွာဆိပ်ကမ်းမှ လူသုံးကုန်မျိုးစုံနှင့် ပစ္စည်းမျိုးစုံ၊ စက်သုံးဆီမျိုးစုံတို့ကို အဆန်ကုန်စည်များအဖြစ် တင်ဆောင်ပြေးဆွဲနေသော်လည်း ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်ဒေသများမှ ပြန်လည်စုန်လာသည့်အခါတွင် အစုန်ကုန်စည်ရှားပါးပြတ်လပ်မှုကြောင့် ယင်းကဲ့သို့ သစ်ခွဲသားများကို တရားမဝင်သယ်ဆောင်လာရခြင်းဖြစ်ကြောင်း ကုန်တင်ရေယာဉ်ပိုင်ရှင်တစ်ဦးက ပြောပြသည်။"တရားမဝင် သစ်ခွဲသားတွေ သယ်ဆောင်လာတဲ့ ရေယာဉ်ငါးစင်းကို အရေးယူထားပါတယ်။ သစ်ခွဲသားတွေဆိုတော့ ထိုင်းထွာစိစစ်မှတ်တမ်းရယူနေရတဲ့အတွက် ဖမ်းဆီးရမိတဲ့ သစ်ပမာဏကို အတည်ပြုပြောဆိုဖို့ခက်ခဲပါတယ်"ဟု တိုင်းဒေသကြီး သစ်တောရေးရာဦးစီးဌာနရုံးမှ အကြီးတန်းအရာရှိတစ်ဦးကပြောကြားသည်။

အဆိုပါ ချင်းတွင်းမြစ်ကြောင်းအတွင်း၌ တရားမဝင်သစ်သယ်ဆောင်လာသော ရေယာဉ်ငါးစင်းအနက် အောင်ကျော်သူ ရေယာဉ်နှင့် ရန်နိုင်ဝင်း(သစ်သားခွံ) ရေယာဉ်နှစ်စင်း၏ အမည်များကို ဖမ်းဆီးပူးပေါင်းအဖွဲ့မှ ထုတ်ဖော်ပြောကြားပြီး ကျန်ရေယာဉ်သုံးစင်း၏ အမည်များကို ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိကြောင်း သိရသည်။

ဩဇာ(မုံရွာ)

ခြင်ဆေးခွေထွန်းညှိရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွား

တောင်တွင်းကြီး ဇူလိုင် ၂

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ မောင်းတိုင်(၂)ရပ်ကွက် အပိုင်း(၆) ငမင်လမ်းတွင် ဇူလိုင် ၂ ရက် နံနက် ၇ နာရီခွဲက မီးလောင်ကျွမ်းမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကိုလှိုင်ဘွား၏နေအိမ်တွင် ခြင်ဆေးခွေထွန်းညှိရာမှ စတင်မီးလောင်ကျွမ်းခြင်းဖြစ်ပြီး မီးလောင်ရာနေရာသို့ တောင်တွင်းကြီးမြို့နယ်မီးသတ်တပ်ဖွဲ့၊ မောင်းတိုင်(၂)ရပ်ကွက်၊ ရွှေအိုးရပ်ကွက်တို့မှ မီးသတ်ယာဉ်တစ်စီးစီ စုစုပေါင်း မီးသတ်ယာဉ်သုံးစီးနှင့်အတူ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်ရပ်ကွက်သူ ရပ်ကွက်သားများက စုပေါင်းငြိမ်းသတ်ခဲ့သဖြင့် **(ယာပုံ)** နံနက် ၈ နာရီက မီးငြိမ်းသွားခဲ့သည်။

အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် လူနေအိမ်တစ်လုံးပျက်စီးဆုံးရှုံးသွားခဲ့သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ကိုလှိုင်ဘွားအား မြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မြင့်သူထွန်း(မကွေးကိုယ်ပွား)

မှန်လုံအမြန်ယာဉ် သစ်ပင်ဝင်တိုက်

လက်ပံတန်း ဇူလိုင် ၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ ဝွေးတောက်ကွင်းကျေးရွာအနီး မိုင်တိုင်အမှတ် ၈၁/၁ နှင့် ၈၁/၂ အကြား ဇွန် ၃၀ ရက် ညနေ ၆ နာရီခန့်က ရန်ကုန်ဘက်မှ ပြည်ဘက်သို့ သက်မိုး မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ် ၆က/. . . အောင်သစ္စာအမြန်မှန်လုံကားသည်အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသစ်ပင်သို့ဝင်တိုက်ပြီး ကားမှာ ရန်ကုန်ဘက်သို့ဦးခေါင်းပြန်လည်ကာ ကားခေါင်းပိုင်းပျက်စီးပြီး ခရီးသည်ခုနစ်ဦး ဒဏ်ရာများရရှိခဲ့သည်။ ဒေါ်မြသန်း (၅၁ နှစ်)ကမ်းနားလမ်း မအီမြို့နှင့် ကိုမောင်မောင်နိုင်(၃၇ နှစ်) ကျောက်ဖြူမြို့နှစ်ဦးသည် ပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် တင်ပို့ကုသထားရပြီး ကျန်ခရီးသည်ငါးဦးသည် ပြင်ပလူနာအဖြစ် ကုသမှုခံယူလျက်ရှိသည်။ ယာဉ်တိုက်မှုနှင့်စပ်လျဉ်း၍ ယာဉ်မောင်းသက်မိုး သံတွဲမြို့နေသူအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အောင်ဆင့်

လှိုင်သာယာ၌ ကျောင်းသားတစ်ဦး ရေနစ်သေဆုံး

ရန်ကုန် ဇူလိုင် ၂

လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ်လမ်း ဝါဝါဝင်းကုမ္ပဏီရှေ့ရှိ ကျုံးမြောင်းအတွင်း၌ ဇွန် ၃၀ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က (၁၇ နှစ်)ခန့်ရှိ လူငယ်တစ်ဦး ရေနစ်သေဆုံးသွားကြောင်း သိရသည်။

အဆိုပါ မောင်သက်ကိုကို (၁၇ နှစ်)သည် လှိုင်သာယာ အထက(၃) တက္ကသိုလ်ဝင်တန်းပညာသင်ကြားနေသူဖြစ်ပြီး ရေနစ်နေကြောင်းသိရသဖြင့် ရှာဖွေရာ အလောင်းကို ပြန်လည်တွေ့ရှိရ၍ မြို့နယ်ပြည်သူ့ဆေးရုံ၌ PR-02 ဖြင့် လက်ခံစစ်ဆေးလျက်ရှိပြီး သောင်ကြီးရဲစခန်းမှ စခန်းမှူး ချစ်ကိုကိုက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သန်းထိုက်(လှိုင်သာယာ)

ပလက်ဖောင်းပေါ်တွင် အမျိုးသမီးတစ်ဦးသေဆုံးနေ

ရန်ကုန် ဇူလိုင် ၂

ဇွန် ၃၀ ရက် နံနက် ၉ နာရီက ကျောက်တံတားမြို့နယ်ရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်သန်းဝင်း တာဝန်ဆောင်ရွက်နေစဉ် ကျောက်တံတားမြို့နယ် (၁)ရပ်ကွက် ဆူးလေဘုရားလမ်းမ-၆၅ ရှေ့ပလက်ဖောင်းတွင် အမျိုးသမီးတစ်ဦးသေဆုံးနေကြောင်း သတင်းအရ စခန်းမှူး ဒုရဲမှူးမျိုးမြင့်ကြိုင်က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူသည်(၅၀ နှစ်)ခန့်ရှိ အခြေအနေမဲ့ အမျိုးသမီးတစ်ဦး(စုံစမ်းဆဲ)ဖြစ်ပြီး ပြင်ပဒဏ်ရာရရှိထားခြင်းတစ်စုံတစ်ရာ မတွေ့ရှိရသဖြင့် ရန်ကုန်ဆေးရုံကြီးသို့တင်ပို့ရာ ရန်ကုန်ဆေးရုံကြီး ပီအာရ် ၂၁၇ ဖြင့် လက်ခံထားပြီး ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်မဟုတ်စစ်ဆေးနိုင်ရန် ဒုရဲအုပ်အောင်သန်းဝင်း၏ တိုင်တန်းမှုကို ကျောက်တံတားမြို့နယ် ရဲစခန်းက အမှုဖွင့်ပြီး အမှုစစ်စခန်းမှူး ဒုရဲမှူး မျိုးမြင့်ကြိုင်က စစ်ဆေးလျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပူတာအိုခရိုင်အတွင်းရှိ မြို့နယ်များမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရမည့် ပြည်ထောင်စု၊ ပြည်နယ် လမ်း/တံတား လုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော အောက်ပါလမ်းခင်းကျောက်မျိုးစုံနှင့် လုပ်ငန်းသုံးပစ္စည်းများအား မြို့နယ်အလိုက်၊ လမ်းအလိုက် အပိုင်းလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

အိတ်ဖွင့်တင်ဒါအမှတ်	အမှတ်(၁)(၂၀၁၃/၂၀၁၄ ဘဏ္ဍာရေးနှစ်)
(၁) ဘိလပ်မြေ	၁၅၆ တန်
(၂) သံချောင်းလုံးရှယ်စုံ	၂၁.၅ တန်
(၃) ကျောက်ရှယ်စုံ	၃၅၆၅ ကျင်း
(၄) သဲကျောက်	၂၆၉၀ ကျင်း
(၅) သဲ	၇၂၀ ကျင်း
(၆) တင်ဒါလျှောက်လွှာစတင်ရယူနိုင်သည့်ရက်	- ၄-၇-၂၀၁၃ ရက်
(၇) တင်ဒါလျှောက်လွှာရယူနိုင်သည့်နောက်ဆုံးရက်	- ၁၀-၇-၂၀၁၃ ရက်
(၈) တင်ဒါတင်သွင်းရမည့် ရက်/အချိန်	- ၁၁-၇-၂၀၁၃ ရက် (ရုံးချိန်အတွင်း)
(၉) တင်ဒါတင်သွင်းရမည့်နေရာ	- ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပူတာအိုခရိုင်၊ ပူတာအိုမြို့
(၁၀) အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံကို ရုံးချိန်အတွင်း ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။	- ပူတာအိုခရိုင် ဖုန်း-၀၉-၈၄၀၀၁၂၈၊ ၀၉-၄၉၇၅၉၀၂၉

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
နေပြည်တော်ပျဉ်းမနားမြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် ပျဉ်းမနားမြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသသောလူနာများအား ကုသပေးရန် လိုအပ်သောဆေးဝါးများ (FDAအသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၈-၇-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၇-၈-၂၀၁၃ ရက် ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီး
ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော် ပျဉ်းမနားမြို့၊
လယ်ဝေးလမ်းဟောင်း၊မြင်းရတနာအနီး
ဖုန်း-၀၆၇-၂၂၃၀၉၊၀၆၇-၂၂၅၁၁(Ext.105)၊

ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၅)
ဝါဆိုသင်္ကန်းကပ်လှူခြင်းနှင့်
တတိယအကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား
ဖိတ်ကြားခြင်း

ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၅)ဆင်း သူငယ်ချင်းများမှ ဝါဆိုသင်္ကန်းကပ်လှူခြင်းနှင့် တတိယအကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ၂၇-၇-၂၀၁၃ ရက်(စနေနေ့) နံနက် ၁၀နာရီတွင် ရွှေတိဂုံဘုရားမြောက်ဘက်မုခ် စ.စ.စ ဓမ္မာရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ မိမိတို့ တတ်အားသရွေ့ လှူဒါန်းငွေများကို (KBZ Bank,Hlaing Branch, A/C No.0441220004843, A/C Name U Soe Min + 2) သို့ ငွေလွှဲထည့်သွင်းနိုင်ပါသည်။

တတိယအကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်ဆုယူမည့် ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၅)ဆင်းများ၏ သားသမီးများသည် မိမိတို့ကျောင်းမှ ထုတ်ပေးသည့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် အခြေခံပညာအထက်တန်း(အောင်) အမှတ်စာရင်းမူရင်း/မိတ္တူကို အောက်ဖော်ပြပါလိပ်စာ Tel/Fax; E-mail သို့ ၂၀-၇-၂၀၁၃ရက် နောက်ဆုံးထား၍ ပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

လိပ်စာ- ဦးစိုးမင်း၊ တိုက် ၂၃၊ အခန်း ၁၀၂၊ ယုဇနလမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

Tel/Fax:01-681579, E-mail. Myayeikmon @ myanmar.com.mm

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အုန်းပင်လမ်း၊ အမှတ် ၇၀၊ ပထမထပ်(B)တိုက်ခန်းအား ဒေါ်မေမေသန်း ၆/ထဝန(နိုင်)၁၀၆၂၇၆ ထံမှ ကျွန်မ ဒေါ်မြတ်သူဇာဝင်း ၁၂/သကတ (နိုင်) ၁၄၉၄၇၉ က ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်မထံ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်မြတ်သူဇာဝင်း**

ဖုန်း-၀၉-၅၀၃၃၇၇၄
အမှတ်(၁)သစ်စက်ဝင်း၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့

အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ကမာရွတ်၊ TTC, Grade-6 (A) မှ မောင်ပြည့်ဘုန်းကြွယ်၏ အမည်မှန်မှာ မောင်ပြည့်ဘုန်းနိုင် ဖြစ်ပါသည်။

မောင်ပြည့်ဘုန်းနိုင်

စာအုပ်စာပေ လူ့မိတ်ဆွေ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက် အမှတ်-၁၃၃၉ အမည်ပေါက် ဦးမျိုးမင်းထွန်း၏ မြေကွက်ကို ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ခင်ခင်သန်း ၁၂/တမန(နိုင်) ၀၇၃၁၀၇ က မြေကွက်စလစ်(မူရင်း)နှင့် ငွေသွင်းချလန်(မူရင်း)များ ပျောက်ဆုံးသွားပါ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊
မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ မြေကွက် အမှတ်-၁၈၈၃ အမည်ပေါက် ဦးဘိုးတင့် ၁၂/သခန (နိုင်) ၀၅၁၂၉၉ ၏ မြေကွက်ကို လက်ရှိဝယ်ယူ ပိုင်ဆိုင်သူ ဦးကျော်နိုင်အေး ၉/မခန(နိုင်) ၀၁၁၈၀၅ က မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း) တင်ပြပြီး မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာ တင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန


ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပြည်တွင်းသတင်း

ပိုလ်တထောင်မြို့နယ် ၅၁ လမ်း၌ ပြည်သူ့အိမ်ရာကွန်ဒိုနှစ်လုံး မကြာမီဆောက်မည်

ရန်ကုန် ဇူလိုင် ၂

ရန်ကုန်တိုင်းဒေသကြီး ပိုလ်တထောင်မြို့နယ် ၅၁ လမ်း ပြည်သူ့အိမ်ရာကို မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနက မိတ်ဖက် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်များနှင့် အကျိုးတူပူးပေါင်း၍ ၁၂ ထပ်မြင့် အဆင့်မြင့်ကွန်ဒိုနှစ်လုံး ပြန်လည်ဆောက်လုပ်ပြီး မူလနေထိုင်သူမိသားစု ၂၂၄ စုတို့အား ပထမထပ်မှ စတုတ္ထထပ်အထိ နေအိမ်ခန်းများ ပြန်လည်နေရာချထားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

တိုက်ခန်းဟောင်းများပေါ်တွင် မူလနေထိုင်သူများ ပြောင်းရွှေ့နေထိုင်ရေးအတွက် သက်ဆိုင်ရာမှ အိမ်ထောင်စု တစ်စုလျှင် နေအိမ်ငှားရမ်းစရိတ်အဖြစ် နှစ်နှစ်စာငွေကျပ် ၃၆ သိန်းကို တစ်လုံးတည်းထုတ်ပေးပြီး အခန်းရွှေ့ပြောင်း ပေးလျက်ရှိကြောင်း သိရသည်။

ကွန်ဒိုအဆောက်အအုံ ပြီးစီးပါက မဲနှိုက်စဉ်က ရရှိထားသော ၎င်းတို့၏အခန်းများတွင် အမည်ပေါက်ပြန်လည်နေထိုင်ခွင့်ရရှိမည်ဖြစ်၍ ၎င်းတို့အနေဖြင့် လက်ရှိ နေထိုင်သူများ နစ်နာမှုမရှိအောင် ဆောင်ရွက်ပေးခဲ့ပြီး အဆောက်အအုံကိုလည်း အကျိုးအမြတ်အများကြီးမယူဘဲ အကောင်းဆုံးဖြစ်အောင် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း တာဝန်ယူဆောက်လုပ်မည့် မန်နေဂျင်းဒါရိုက်တာ ဦးအောင်မင်းက ပြောကြားသည်။ ယခင်တိုက်ခန်းတစ်ခန်းလျှင် စတုရန်းပေ ၃၈၀၊ ၄၀၀ သာရှိခဲ့ပြီး ယခုပြန်ရမည့်တိုက်ခန်းသည် စတုရန်းပေ၆၀၀ ပေ (၂၀×၃၀) တိုက်ခန်းများ ဖြစ်ကြောင်း၊ အိပ်ခန်း နှစ်ခန်း၊ ရေအိမ် နှစ်လုံး၊ ရေချိုးခန်း၊ မီးဖိုခန်းများ ဖွဲ့စည်းပေးပြီး ရေချိုးခန်း ငါးပေအမြင့်၊ ရေအိမ်သုံးပေ အမြင့်နှင့် မီးဖိုခန်းကြမ်းခင်းအပြည့် ကြွေပြားများ ကပ်ပေးသွားမည်ဖြစ်ကြောင်း၊ မိတ်ဖက်တာဝန်ယူ ဆောက်လုပ်သူ ဦးနိုင်ဝင်းက ရှင်းလင်းပြောကြားသည်။

အဆိုပါ ကွန်ဒိုတည်ဆောက်သည့် အောင်မြင်ပြည့်စုံကုမ္ပဏီနှင့် နဝရတ်မြေကုမ္ပဏီတို့က တိုက်သာယာလှပရေးကော်မတီသို့ တစ်တိုက်လျှင် ငွေကျပ်သိန်း ၃၀၀ လှူဒါန်းထားကြောင်း သိရသည်။ **ရွှေထူး**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂-၇-၂၀၁၃ ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၆၈၅၀၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၄၄၇၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၇၈ - ၉၈၅	ကျပ်
ဥရောပ	တစ်ယူရို	၁၂၆၃ - ၁၂၈၁	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၄ - ၇၇၆	ကျပ်
ထိုင်း	တစ်ဘတ်	၃၂. ၁ - ၃၂. ၅	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆ - ၁၆. ၆၃	ကျပ်
တရုတ်	တစ်ယွမ်	၁၅၅ - ၁၅၈	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၆-၃၁၁	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၈၆၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၈၇၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၇၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၁၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၅၀၀ - ၆၅၀၀	ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၁၁၀၀ - ၂၈၀၀	ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၂၇၀၀ - ၄၈၀၀	ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၄၈၀၀ - ၁၂၀၀၀	ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၃၀၀၀ - ၅၂၀၀	ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀ -၃၂၀၀၀	ကျပ်
၇။	ငါးသလောက်	တစ်ပိဿာ	၆၇၀၀ -၁၉၀၀၀	ကျပ်
၈။	ကြက်	တစ်ပိဿာ	၅၀၀၀ -၁၀၀၀၀	ကျပ်
၉။	ဝက်	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀	ကျပ်
၁၀။	အမဲ	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀	ကျပ်
၁၁။	ဆိတ်	တစ်ပိဿာ	၈၀၀၀ -၁၂၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နွေဆန်	တစ်အိတ်	၁၇၂၀၀
၂။	ပေါ်ကွဲ	တစ်အိတ်	၂၁၅၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၃၀၀၀-၂၉၀၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၅၅
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၃၉၀-၄၄၅
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၀၀-၁၇၀၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၂၅-၁၁၅၀
၉။	အာလူး(ဟဲဟိုး)	တစ်ပိဿာ	၇၅၀-၉၀၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၁၉၀၀-၁၉၅၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀-၄၃၀၀
၁၂။	သကြား	တစ်ပိဿာ	၈၅၀-၉၈၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ဆွမ်းစားဆောင် ဆောက်လုပ်ရန် လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၂

အစိုးရ ပထမပြန်စာမေးပွဲနှင့် သာမဏေကျော်စာမေးပွဲများတွင် သာသနာ့အာဇာနည်ရဟန်းသာမဏေများ ပေါ်ထွက်လာစေရန် ၁၃၇၀ ပြည့်နှစ်မှ စတင်တည်ထောင်ခဲ့သော မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် လေးကျွန်းမာရ်အောင် စာသင်တိုက်အတွင်း စာသင်သားသာမဏေများ ပြားလာသဖြင့် သီးခြားဆွမ်းစားဆောင် ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၁၂၀ ကုန်ကျမည်ဖြစ်ကြောင်း ဆရာတော်ဘဒ္ဒန္တဝိသုတ အရှင်မြတ်ထံမှသိရသည်။ ဗုဒ္ဓဘာသာဝင် အလှူရှင်များ ဖုန်း-၀၉-၄၃၁၉၇၁၇၆၊ ၀၉-၇၃၅၅၀၅၅၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ရွှေထူး**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရန်ကုန်စက်မှုဇုန်)၊ မြေကွက်အမှတ်(၂၀၈)အရ မြေဧရိယာ၂ဒသမ၅၁၄ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တစ်ဦးတည်းပိုင်ဆိုင်ကြောင်း ကတိပြုသူဦးစိုးဝင်းထွန်း ၁၄/မမက(နိုင်)၀၀၄၅၃၈ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် သဘောတူပြီးဖြစ်သည့်အတွက် စရန်ငွေကို ၂၂-၆-၂၀၁၃ရက်က ဦးစိုးဝင်းထွန်း၏ ကိုယ်စား ၎င်း၏ညီဦးအောင်မျိုးထွန်း ၁၄/မမက(နိုင်)၁၄၅၁၂၃ထံသို့ ပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ထိုမြေ၏ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ သို့မဟုတ် ထိုမြေအရောင်းအဝယ်ကိစ္စကို ကန့်ကွက်ပိုင်ခွင့်ရှိသည့် အထောက်အထားမူရင်းများနှင့်အတူ ယခုကြော်ငြာချက်ပါရှိသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ စာဖြင့် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ဖော်ပြပါအရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်ဝင်း
တရားလွှတ်တော်ရှေ့နေ၊ အမှတ်စဉ်-၅၀၄၀
အမှတ် ၅၅၊ အခန်း ၂၂၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၄၃၀၁၄

ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၆-၂၀၁၃ရက်နှင့် ၁-၇-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့ခွဲ(၂) ဗန်းမော်(စင်းခန်း)မှ အိတ်ဖွင့်တင်ဒါ ကြော်ငြာတွင် တင်ဒါလျှောက်လွှာရယူနိုင်သည့် နောက်ဆုံးရက် ၇-၉-၂၀၁၃ရက် အစား ၇-၇-၂၀၁၃ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

မြန်မာနိုင်ငံဆရာဝန်အသင်း၊ အကျိုးစီးပွားကာကွယ်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသင်းပိုင်မြေနေရာအကျိုးရှိစွာအသုံးချရေးကိစ္စ အများစုဆန္ဒခံယူပွဲသို့

မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားခြင်း

မြန်မာနိုင်ငံဆရာဝန်အသင်း၊ အကျိုးတူစီးပွားထိန်းသိမ်းကာကွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းသူအသင်းသား ကိုယ်စားလှယ်များ(အသင်းအဖွဲ့များမှ တရားဝင်ရွေးချယ်ပေးပို့လာသော ကိုယ်စားလှယ်များ)အား ရှင်းလင်းတင်ပြခြင်းနှင့် အများစုဆန္ဒ(လျှို့ဝှက်မဲစနစ်) ခံယူဆုံးဖြတ်ခြင်းအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တက်ရောက်ခွင့်ရှိသူများနှင့် ဖိတ်ကြားထားသူများအားလုံး**(မပျက်မကွက်)**တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၀၁၃ခုနှစ် ဇူလိုင် ၁၃ရက်
ကျင်းပမည့်အချိန် - နံနက် ၁၀း၀၀ နာရီ
ကျင်းပမည့်နေရာ - ခန်းမဆောင်(အေ)၊ ၂၄၉၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

အကျိုးစီးပွားထိန်းသိမ်းကာကွယ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)

ကန့်ကွက်နိုင်ပါသည်။

ဓါတ်ပုံမြေကွက်အမှတ်(9EASTERN ...) FIRST CLASS ...

အသက်သည်သွေး

Han-Mi
Daw Phyu Phyu Aung

ဆရာ ဦးအောင်ကိုကိုလတ် (B.A Korean) Y.U.F.L ဦးစီးသင်ကြားသော
KBJ KOREAN LANGUAGE CENTER
EPS-TOPIK စာမေးပွဲဖြေဆိုပြီး ကိုရီးယားသွားမည့်သူများအတွက်
EPS-TOPIK တန်းခွဲသစ်နှင့် စကားပြောတန်းခွဲများ စမည်။
EPS တန်းခွဲ၊ တနင်္လာ၊ဗုဒ္ဓဟူး၊သောကြာ - ညနေ 6:00 နာရီ ~ 8:00 နာရီ
EPS အောင်မြင်ပြီးသူများအတွက် စကားပြော တန်းခွဲ၊
အင်္ဂါ ကြာသပတေး၊ စနေ
မနက် 10:00~12:00
ညနေ- 03:30~05:30
H.P : 09-51-66258; 09-430-97510

ရွှေ့လျားစနစ်အဖွဲ့ ဖမ်းဆီးရရှိမှု အခြေအနေ

ပဲခူး ဇူလိုင် ၂

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် စစ်တောင်း-ဒိုက်ဦးလမ်းဆုံရှိ စားသုံးမှုကာကွယ်ပေးရေးနှင့် တရားမဝင်ကုန်သွယ်မှု တားဆီးနှိမ်နင်းရေးအဖွဲ့ မိုဘိုင်းတင်းအဖွဲ့ ၂ သည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စီးပွားကူးသန်းဝန်ကြီးဌာန၊ အကောက်ခွန်ဌာန၊ ကုန်သည်ကြီးများနှင့်စက်မှုလက်မှုလုပ်ငန်းရှင်ကြီးများအသင်းကိုယ်စားလှယ်နှင့် ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်းကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့ဖြင့် တရားမဝင်ကုန်စည်ဖမ်းဆီးမှုများကို ဇွန် ၉ရက်မှစတင်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

အကြံပြုပြောကြား

ယခုအခါ ဖမ်းဆီးရရှိသည့် အမှုပေါင်း ၆၀ မှုဖြစ်ပြီး စုစုပေါင်း ခန့်မှန်းခြေတန်ဖိုးသည် ငွေကျပ် ၁၃၈၈၄၃၇၅၀ ဖြစ်ကြောင်း သိရသည်။ တရားမဝင်ကုန်သွယ်သူများသည် ရာသီဥတုကိုအကြောင်းပြု၍လည်းကောင်း၊ မော်တော်ယာဉ် တစ်စီးကို ရှာဖွေစစ်ဆေးနေစဉ် ကွေ့ဝိုက်ကျော်လွှားမောင်းပြေး၍ လည်းကောင်း၊ အချို့မှာပရိုဘောက်စ်ကဲ့သို့သောယာဉ်ငယ်များတွင် အရောင်ရှိသော မှန်များကာရံ၍ မုပ္ပလင်နှင့်ဘုရားကြီးမြို့အကြား ခေါက်တုံ့လူးလား ကဲ့ယူသယ်ဆောင်နေခြင်းဖြင့် ရှာဖွေခြင်းကို တိမ်းရှောင်သူအချို့ရှိရာ ဒေသခံများက ဝေါမြို့နယ်ရဲစခန်းနှင့် ဘုရားကြီးကျေးရွာအနီးရှိ ရွှေသံလွင်လမ်းအသုံးပြုကောက်ခံရေးစခန်းတို့တွင် လိုအပ်သလို ထိန်းချုပ်မှုအစီအစဉ် များထားရှိပါက ပိုမို၍ စေ့စေ့စပ်စပ် ဖမ်းဆီးရမိနိုင်ကြောင်း အကြံပြုပြောကြားကြသည်။

(၁၂၁)

လယ်ဝေးမြို့နယ်တွင် တိုင်းရင်းဆေးပညာပေးဟောပြော

လယ်ဝေး ဇူလိုင် ၂

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် တိုင်းရင်းဆေးကုဌာနမှ တိုင်းရင်းဆေးပညာပေးဟောပြောခြင်းနှင့် ပတ်ဝန်းကျင်ရှိ ဆေးဖက်ဝင် ပရဆေးပင်များအကြောင်း ဟောပြောပွဲကို ဇွန် ၂၁ ရက်က အင်ဘုမူလတန်းလွန်ကျောင်းနှင့် မြို့မမူလွန်ကျောင်းတို့၌ ကျင်းပသည်။ **(ယာပုံ)**

သရုပ်ပြဟောပြော

ဟောပြောပွဲတွင် လယ်ဝေးမြို့နယ် တိုင်းရင်းဆေးကုဌာနမှ ဆေးခန်းမှူး ဒေါ်အေးအေးက တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ဝမ်းပျက်ဝမ်းလျှောအကြောင်းကို လည်းကောင်း၊ တိုင်းရင်းဆေးမှူး ဒေါ်ခိုင်ခိုင်သင်းက ဆေးဖက်ဝင်ပရဆေးပင်များအကြောင်းနှင့် သွေးလွန်တုပ်ကွေးရောဂါအကြောင်း၊ ဒေါ်နှင်းသီတာမျိုးက အရသာ ခြောက်ပါးအကြောင်းတို့ကိုလည်းကောင်း ရုပ်ပုံကားချပ်ဖြင့် လက်တွေ့သရုပ်ပြဟောပြောသည်။

အလားတူပင် လယ်ဝေးမြို့နယ် တိုင်းရင်းဆေးကုဌာနမှ ဆေးခန်းမှူးနှင့်အဖွဲ့သည် ဇွန် ၁၄ ရက်က ဗဟိုမူလွန်ကျောင်း၊ ဇွန်၁၈ရက်က အထက(၁)လယ်ဝေးနှင့် ဇွန် ၁၉ ရက်က အထက(၂)လယ်ဝေးတို့၌ တိုင်းရင်းဆေး ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ကိုကိုရှုပ(နေပြည်တော်)**

ပြည်တွင်းသတင်း

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆိုင်းဘုတ်စိုက်ထူခြင်းအခမ်းအနား မော်လမြိုင်မြို့၌ကျင်းပ

မော်လမြိုင် ဇူလိုင် ၂

၂၀၁၃ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသမီးများနေ့ဆိုင်းဘုတ် စိုက်ထူခြင်းအခမ်းအနားကို မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ရုံးရှေ့၌ ဇူလိုင် ၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အစီအစဉ်အရ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ဇနီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ထားမြင့်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္កဋ္ဌ ဒေါ်စန်းစန်းလွင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၏ဇနီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ တာဝန်ခံဒေါ်မြင့်မြင့်လွင်နှင့် ပြည်နယ်လူမှုရေးဝန်ကြီး၏ဇနီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့တာဝန်ခံ ဒေါ်အုန်းသန်းတို့က ဆိုင်းဘုတ်ကိုဖဲကြိုးဖြတ်ပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ရွှေကြိုးဆွဲ၍ ဖွင့်လှစ်ပေးခဲ့သည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ထားမြင့်က ဘင်ခရာနှင့်ပန်းဖွားအဖွဲ့များကို ဂုဏ်ပြုငွေပေးအပ်သည်။

ဆိုင်းဘုတ်စိုက်ထူပွဲအခမ်းအနားသို့ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပညာရေးကောလိပ်နှင့် သူနာပြုသင်တန်းကျောင်းမှသင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ကမ္ဘာ့ရတနာဘဏ်လီမိတက် (အများနှင့်သက်ဆိုင်သောကုမ္ပဏီ)(ယခင်မွေးမြူရေးနှင့်ရေလုပ်ငန်းဘဏ်)၏ (၆၄)ခုမြောက်ဘဏ်ခွဲကို ၂-၇-၂၀၁၃ရက်၌ ဝေါမြို့တွင် ဖွင့်လှစ်နိုင်ခြင်းအတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆတက်ထမ်းပိုး တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးမြင့်လွင် သမာဓိ ပဲပွဲရုံ
ဦးသက်လွင် ထွန်းရတနာ ဆန်စက် ဆီစက်
ဦးငွေအောင် အောင်စိုးမိုး ဆန်စက် ဆီစက်
ဦးစောလှိုင် အောင်သုခ ဆန်စက်
ဦးကျော်ဝင်း ပစ်တိုင်းထောင် ဆန်ပွဲရုံ
ဦးဝင်းမိုလ် ရွှေဖြိုး ဆန်ပွဲရုံ
ဦးအောင်ဇော် အောင်တံခွန် ဆန်စက်
ဦးဇော်လွင် အောင်တံခွန် ပဲပွဲရုံ
ဦးမင်းသိန်း ရွှေဇီးကွက် ဆန်စက်

နိုင်ငံတကာအားကစားသတင်း

မန်ယူနဲ့ ရှန်းနေတို့ရဲ့ အနာဂတ်ခရီး

ကမ္ဘာ့ထိပ်တန်းကလပ်တွေဖြစ်တဲ့ ဘာစီလိုနာ၊ ပီအက်စ်ဂျီ၊ ရီးရဲမက်ဒရစ် စတဲ့အသင်းတွေကအပြိုင်အဆိုင်ကမ်းလှမ်းခြင်းခံနေရတဲ့ မန်ယူတိုက်စစ်မှူးရှန်းနေဟာ သူ့ရဲ့အနာဂတ်ဆုံးဖြတ်ချက်အတွက် နည်းပြမိုယက်စ်နဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်တော့မှာဖြစ်ပါတယ်။

အဲဒီဗာတန်အသင်းမှာ ရှန်းနေ ကစားခဲ့စဉ်က နည်းပြဒေးဗစ်မိုယက်စ်နဲ့ ပြဿနာတွေဖြစ်ပွားခဲ့တာနဲ့ပတ်သက်ပြီး ရှန်းနေက အခုထိ အမှတ်တရ ရှိနေဆဲဖြစ်တာမို့ အခု မန်ယူနည်းပြဖြစ်လာမယ့် ဒေးဗစ်မိုယက်စ်နဲ့ ရေရှည်မှာ ပြဿနာတွေဖြစ်ပေါ်နိုင်တယ်လို့ မီဒီယာတွေက ဖော်ပြနေပြီး ရှန်းနေအသင်းက ထွက်ခွာတော့မယ်လို့ ဆိုနေကြပါတယ်။

တကယ်တော့ ရှန်းနေဟာ ပြီးခဲ့တဲ့ ၂၀၁၀ ခုနှစ်ကတည်းက မန်ယူကနေ ထွက်ခွာဖို့ နည်းပြဖာဂူဆန်ထံ တောင်းဆိုနေခဲ့တာဖြစ်ပါတယ်။ အဓိကအချက်အနေနဲ့ အသင်းတစ်သင်းတည်းမှာ ရေရှည်မကစားလိုတဲ့ဆန္ဒဖြစ်ပေါ်နေပြီး အတွေ့အကြုံအသစ်တွေရယူလိုတဲ့ ဆန္ဒလည်း ဖြစ်ပေါ်နေတယ်လို့ ဆိုပါတယ်။ ရှန်းနေဟာ ၂၀၁၀ ပြည့်နှစ်အောက်တိုဘာလကတည်းက ပီအက်စ်ဂျီအသင်းနဲ့ အဆက်အသွယ်ရှိခဲ့တာဖြစ်ပြီး ဆွေးနွေးမှုတွေတောင် ပြုလုပ်ခဲ့တယ်လို့ ဖော်ပြထားပါတယ်။ ဒါပေမယ့် မန်ယူနည်းပြဖာဂူဆန်ရဲ့ စည်းရုံးမှုကြောင့် ရှန်းနေဟာ မန်ယူအသင်းမှာ ဆက်လက်ကစားနေခဲ့တာဖြစ်ပါ တယ်။

ပြီးခဲ့တဲ့ဘောလုံးရာသီမှာတော့ မန်ယူအသင်းကို အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီရောက်ရှိလာပြီးကတည်းက ရှန်းနေရဲ့ ဦးစားပေးအဆင့်ကျဆင်းခဲ့တာမို့ အသင်းပြောင်းရွှေ့လိုတဲ့ ဆန္ဒတွေ ပြင်းပြလာခဲ့ပါတယ်။ ဒါ့အပြင် အဓိကပွဲတွေမှာ ရှန်းနေ ပါဝင်နိုင်ခြင်း မရှိတာတွေကလည်း မန်ယူကထွက်ခွာဖို့ တွန်းအားပေးသလိုဖြစ်စေခဲ့ပါတယ်။ နောက်ပြီး ဖာဂူဆန်အနားယူသွားတာကလည်း ရှန်းနေအတွက် ဆုံးဖြတ်ချက်ကို ခိုင်မာစေဖို့ တွန်းအားပေးသလိုဖြစ်ခဲ့ပါတယ်။ ရှန်းနေဟာ ၂၀၀၂-၂၀၀၃ ဘောလုံးရာသီမှာ မန်ယူအသင်းကို စတင် ရောက်ရှိခဲ့ပြီး ၂၀၁၂-၂၀၁၃ ဘောလုံးရာသီအထိ မန်ယူအတွက် ဂိုးပေါင်း ၁၅၆ ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။ ။

မိုးမြင့်လင်းလက် ရေးသားသည်

ဆီရီနာဝီလျံ၏ ခြောက်လုံးမြောက် ဝင်ဘယ်ဒန်အိပ်မက်ပျက်ပြယ်

ကမ္ဘာ့နံပါတ်တစ်တင်းနစ်မယ် ဆီရီနာဝီလျံသည် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ဂျာမနီမှ ဆာဘိုင်းလစ္စကီးအား ရှုံးနိမ့်သည်။ ဆီရီနာသည် ယင်းပြိုင်ပွဲမှထွက်ခဲ့ရပြီဖြစ်၍ ခြောက်လုံးမြောက် ဝင်ဘယ်ဒန်ဖလား ဆွတ်ခူးနိုင်ရေး အိပ်မက်မှာလည်း အဆုံးသတ်သွားပြီဖြစ်သည်။ ရှာရာပိုဗာ၊ အဇာရင်ကာ၊ ရော်ဂျာဖက်ဒရားနှင့် ရာဖေးလ်နာဒယ်တို့လည်း မထင်မှတ်ဘဲ ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခဲ့ရသည်။

ပေါလင်ဟို စပါးသို့ရောက်ရန် နီးစပ်လာ

ဘရာဇီးကွင်းလယ်ကစားသမား ပေါလင်ဟိုသည် ဘရာဇီးကလပ် ကိုရင်သီယန်ကလပ်မှ ထွက်ခွာလာပြီဖြစ်ရာ စပါးအသင်းက ပေါင် ၁၇ သန်းဖြင့် စာချုပ်ချုပ်ရန်မျှော်လင့်ထားသည်။ ပေါလင်ဟိုက ၎င်းအနေဖြင့် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲပြီးလျှင် ၎င်း၏အနာဂတ်နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချရမည်ဖြစ်ကြောင်း၊ စပါးအသင်း၏ ကမ်းလှမ်းမှုကို လက်ခံထားပြီဖြစ်ကြောင်း လွန်ခဲ့သောလကပြောကြားခဲ့သည်။

ပြင်သစ်တိုက်စစ်မှူး ဆာနိုးဂိုး အာဆင်နယ်ခေါ်ယူ

အာဆင်နယ်အသင်းက အော့ဇေးကလပ်မှ ပြင်သစ်လူငယ်တိုက်စစ်မှူး ယာယာဆာနိုးဂိုးကို ခေါ်ယူစာချုပ်လိုက်ပြီဖြစ်သည်။ အသက် ၂၀ သာရှိသေးသည့် တိုက်စစ်မှူးဆာနိုးဂိုးသည် အော့ဇေးကလပ်တွင် ၂၄ ပွဲကစားရာတွင် ၁၁ ဂိုးအထိ သွင်းယူပေးထားသည်။ လက်ရှိတူရကီနိုင်ငံ၌ ကျင်းပနေသော ယူ ၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြင်သစ်အသင်းနှင့်အတူ ကစားလျက်ရှိသည်။

ကောင်းမြတ်သူ စုစည်းသည်

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
စက်ပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါစက်ပစ္စည်းများကို နိုင်ငံခြားသုံးငွေ USD ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

(က) Fiber Equipments - 1 Lot
(ခ) 2KW FM Transmitter Spare Parts - 1 Lot
(ဂ) 2KW FM Transmitter & Accessories - 5 Set

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၃-၇-၂၀၁၃) ရက်နေ့မှစတင်၍ နေ့စဉ် နံနက် (၉း၃၀) မှ (၄း၃၀) အတွင်း ရုံးဖွင့်ရက်များတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်တပ်ကုန်းတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၄-၈-၂၀၁၃)ရက်နေ့ နံနက် (၉း၃၀) မှ (၄း၃၀)အတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်တပ်ကုန်းရုံးရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ချိန်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၁၁၊ ၀၆၇-၇၉၁၃၅

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မိုဘိုင်းတိုးချဲ့စီမံကိန်းအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ရုံးချုပ်အခြေစိုက် မိုဘိုင်းဆက်သွယ်ရေးစခန်း(ရန်ကုန်)စီမံကိန်းအတွက် ပစ္စည်းပေးသွင်းခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ပေးရန် ပြင်ပလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

၂။ (က) ၆၃၀ ကေဗွီအေထရန်စဖော်မာ ဝယ်ယူတပ်ဆင်ခြင်း၊
(ခ) ၅၀၀ ကေဗွီအေ(Caterpillar Gen Set)ဝယ်ယူတပ်ဆင်ခြင်း၊

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ၃-၇-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

တင်ဒါပုံစံပိတ်ရက်နှင့်အချိန် - ၁၆-၇-၂၀၁၃ ရက် ညနေ ၄း၃၀ နာရီ

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
အမှတ် -၇၄၊ အရှေ့ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

သနိုးဒွေး နှင့် ရောင်းရင်းများ ဂျပ်ထိုက်ထိုး မျောင်းသာ (ရေကူး)
Ph : 241863, 380141, 09-43043109

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း
Ph: 01-375970, 0951 72098, 0950 47816

Discount 5% to 30%

အကောင်းဆုံးမှာနေချင်တဲ့စေတနာအပြည့်နဲ့....

GREAT FATHER LAND

- PAE နေစ်ဖြင့် လုံးချင်း၊ ဟိုတယ်၊ မိုတယ်၊ စက်ရုံ၊ အလုပ်ရုံ၊ ကျောင်း၊ ဆေးရုံများကို အထူးဈေးနှုန်းချိုသာစွာဖြင့်တည်ဆောက်ပေးခြင်း-
- အဆင့်မြင့်ကွန်ဒိုမီနီယံ၊ ဓါတ်လှေခါးပါတိုက်ခန်းများ၊ အဆောက်အဦပါမြေကွက်များနှင့်မြေကွက်သီးသန့်များကိုရောင်းချပေးခြင်း-
- အဆောက်အဦတစ်လုံးလျှင်(၁၅)သိန်းဝန်းကျင်ဖြင့် (၂၄)နာရီအတွင်း တည်ဆောက်ပြီးစီးနိုင်သည့်(တန်ဖိုးနည်းအိမ်များ)-
- ရွှေတောင်ကြားလမ်းမကြီး၊ ဗဟန်းမြို့နယ်ရှိ မြေကွက်နှင့်အဆင့်မြင့်လုံးချင်းများကိုရောင်းချပေးခြင်း-
- သန်လျင်မြို့နယ်ရှိ မြေကွက်များနှင့်အဆင့်မြင့်လုံးချင်းများကိုရောင်းချပေးခြင်း-
- Wallpaper များကို အထူးဈေးနှုန်းချိုသာစွာဖြင့် ဒီဇိုင်းအမျိုးပေါင်းများစွာကို အိမ်တိုင်ရာရောက်အလှဆင်ပေးခြင်းနှင့် အိမ်တွင်းကျက်သရေဆောင် အလှဆင်ပန်းအိုးများကို လက်လီ၊လက္ကားဖြင့်ဖြန့်ဖြူးရောင်းချပေးခြင်း-
- ဥရောပနိုင်ငံမှတင်သွင်းသောအိမ်နံရံကပ်အလှဆင် Live Plaster များကို Wallpaper များကဲ့သို့လှပခြားနားသော ဆန်းပြားမှုများဖြင့်အလှဆင်ပေးခြင်း-
- လှပတင့်တယ်ခန့်ညားသော အိမ်တွင်းအလှဆင်ပရိဘောဂများကို အထူးဈေးနှုန်းချိုသာစွာဖြင့်ရောင်းချပေးခြင်း-
- ကြွေပြားများ၊ ရေချိုးခန်းသုံးအလှဆင်ပစ္စည်းများ၊ အခြားအိမ်တွင်းအလှဆင်ပစ္စည်းအမျိုးမျိုးများဖြင့် အလှဆင်ပေးခြင်းများကို လူကြီးမင်းတို့စိတ်တိုင်းကျဖြစ်အောင်အထူးဝန်ဆောင်မှုပေးနေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်၊

အဆင့်မြင့်တန်ဖိုးနည်းအိမ်ရာများ၊အဆင့်မြင့်တိုက်ခန်းများ၊ကွန်ဒိုမီနီယံတိုက်ခန်းများနှင့် လုံးချင်းအိမ်ရာများကိုဝယ်ယူလိုပါကအောက်ပါလိပ်စာနှင့်ဖုန်းနံပါတ်များသို့ဆက်သွယ်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်၊

ဆက်သွယ်ရန်
အမှတ်(၂၁၉/၂၂၁)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
01-398 909, 01-398 911, 01-398 929

သီးတစ်ပင်လုံး လိုရာသုံး

သီးပင်သည် ရွက်ကြွေပင်ကြီး ဖြစ်ပြီးလုံးပတ်သည်နှစ်ပေမှလေးပေ အထိရှိသည်။ အမြင့်သည်ပေ၃၀မှ ၄၀ရှိတတ်သည်။ သနပ်ခါး၊ ရှောက်၊ သံပရာ၊ ဥသျှစ်တို့နှင့်မျိုးရင်းတူအပင် ဖြစ်သည်။အခေါက်သည်ထူ၍ကြမ်း သည်။ မွဲခြောက်ခြောက် အရောင် ရှိသည်။ အကိုင်းအခက်များပေါ် တွင် ပြောင်လက် သန်မာသော ဆူး ချွန်ကြီးများရှိသည်။ အရွက်သည် သနပ်ခါးရွက်နှင့်တူသည်။ ရွက်ပြား သည်မာကျောပြောင်ချောနေပြီး သေး ငယ်သော ခွေးသွားစိပ်ကလေးများ သည် ရွက်၏အနားတွင်ရှိသည်။ အပွင့်သည် အဖြူရောင်ဖြစ်ပြီး တပေါင်း၊ တန်ခူးလများတွင် ပွင့် လေ့ရှိသည်။ ကဆုန်နှင့်နယုန်လများ တွင် အသီးသီးလေ့ရှိပြီးအရွယ်သည် ဥသျှစ်သီး အငယ်စား သို့မဟုတ် ပန်းသီးအရွယ်ခန့်ရှိပြီး ဥသျှစ်သီး ကဲ့သို့ပင် အခွံမာ၍ထူသည်။ အသီး ၏အတွင်းသားသည်ပျော့၍ အစေ့ များသည်။ အစေ့မှာရှည်မျောမျော ပုံသဏ္ဌာန်ရှိသည်။

မြန်မာနိုင်ငံ အနှံ့အပြားတွင် ပေါက်ရောက်သည်။ မိုးခေါင်ရေရှား ဒေသများတွင် စားသုံးသီးနှံပင် အဖြစ် စိုက်ပျိုးကြသည်။ အသီး၊ အခေါက်၊ အရွက် အစိတ်အပိုင်း အားလုံးကို အသုံးပြုနိုင်သည်။

သီးသီးသည် ချို ချဉ်အရသာ ရှိသည်။ အသီးမှည့်အတွင်းမှ အသား အနှစ်ကို ထန်းလျက်၊ သကြားတို့နှင့် ရော၍စားသုံးကြသည်။ ဥသျှစ်သီး ကဲ့သို့ ဖျော်ရည်ပြုလုပ်သောက်သုံးနိုင် သည်။ ကောင်းစွာမမှည့်သေးသော အသီးရင့်များကို ဆားရည်စိမ်၍ စားသုံးနိုင်သည်။ သီးသီး၏ အတွင်း သားကို ကျောက်ကျောလည်း ပြုလုပ် စားသုံးကြသည်။

သီးသီးတွင် လန်းဆန်းစေသော အစွမ်းသတ္တိရှိသဖြင့် အားဆေး အဖြစ်လည်း စားသုံးကြကြောင်းသိရ သည်။ ဝမ်းကိုက်ရောဂါများအတွက် အသုံးပြုနိုင်ပြီး သွားဖုံးရောဂါ၊ လည် ချောင်းရောဂါများအတွက်လည်း ဆေးဖက်ဝင်သော အသီးဖြစ်သည်။ သီးသီးတွင်ရေဓာတ်၊ ပရိုတင်းဓာတ်၊ သံဓာတ်နှင့် ဗီတာမင်စီတို့ပါဝင်ပြီး အချဉ်ဓာတ်နှုန်းသည် မမှည့်သေး သော အသီးတွင် ၇ ဒသမ ၆ ရာခိုင် နှုန်းနှင့် အသီးမှည့်များတွင် ၂ ဒသမ ၃ရာခိုင်နှုန်းပါဝင်ကြောင်းသိရသည်။

မြန်မာဆေးကျမ်းများ အလိုအရ သီးသီးအနှစ်ကို သကြား သို့မဟုတ် ပျားရည်ဖြင့် ရော၍လျက်ပေးသော် အဆိပ်ပြေသည်။ သီးသီးအစိမ်းရည် ကို တစ်နေ့တစ်ကြိမ်သောက်ပါက ပန်းနာရင်ကျပ်ပျောက်ပြီး သီးသီး အစိမ်းရည်တွင် ပိတ်ချင်းသီးမှုန့် အနည်းငယ်ထည့်၍ ပျားရည်နှင့် ရောလျက်ပါက ကြို့ထိုးနာနှင့် အန်သော ရောဂါပျောက်သည်။ သီးသီးမှည့် အရည်ဖျော်သောက် ပါက ဝမ်းနာရင်နာပျောက်ကင်း ကြောင်း သိရသည်။

သီးသီးနှင့်မတည့်သော အစား အစာများမှာ စတော်ဘယ်ရီသီးနှင့် စားတော်ပဲတို့ဖြစ်ပြီး တွဲဖက်မစား မိအောင် အထူးဂရုပြုဆင်ခြင်ရ မည်ဖြစ်သည်။

သီးခေါက်ကို သနပ်ခါးခေါက် ကဲ့သို့ပင် အသုံးပြုနိုင်သည်။ အညာ ဒေသတွင် သနပ်ခါးအစား သီး ခေါက်ကို သွေးလိမ်းကြကြောင်းသိရ သည်။ အနှစ်သည် နည်းနည်းညို သော်လည်း လိမ်းထားပါက အသား အရေကို အထူးအေးမြစေသည်။ ဝက်ခြံ၊ တင်းတိပ်တို့ကို ပျောက် ကင်း စေနိုင်သည်။ နွေရာသီတွင် မိတ်ထွက်ပါက သနပ်ခါးတုံးနှင့် သီးခေါက်ရောသွေး၍ ဆား နည်းနည်းထည့်ပြီး လိမ်းပေးနိုင် သည်။ သီးခေါက်ကို လေထိုးနာ ပျောက်ဆေး ဖော်စပ်ရာတွင်လည်း အသုံးပြုကြကြောင်း မြန်မာ ဆေးကျမ်းများတွင် ဖော်ပြထား သည်ကို တွေ့ရသည်။

သီးရွက်ကို အစာကြေ လေနိုင် ဆေး ဖော်စပ်ရာတွင် အသုံးပြုကြ သည်။ အသြော်ဝင်လျှင် သီးရွက်နှင့် သနပ်ခါးရွက်ကို ရောထောင်းပြီး ရလာသော အရည်ကို သောက်ပေး ပါက သက်သာပျောက်ကင်းကြောင်း သိရသည်။ **ဇင်ဇင်မင်းလွင်**

တောင်ငူမြို့နယ်လုံးဆိုင်ရာ ပညာရေးကွန်ရက်ဖွဲ့စည်း

တောင်ငူ ဇူလိုင် ၂

တောင်ငူမြို့နယ်လုံးဆိုင်ရာပညာ ရေးကွန်ရက်ဖွဲ့စည်းခြင်း အခမ်းအနား ကို ဇွန် ၃၀ရက် နံနက် ၉ နာရီက တောင်ငူမြို့ ဟုတ်ဝမ်ခန်းမ၌ ကျင်းပ သည်။ အခမ်းအနားတွင် သဘာပတိ အဖြစ် တိုင်းဒေသကြီးပညာရေးမှူး (ငြိမ်း)ဆရာကြီးဦးစံတင်က ဆောင်ရွက် ပြီး အခမ်းအနားမှူးအဖြစ် ဦးရဲမွန် နှင့်ဦးစံထွန်းအောင်တို့က ဆောင်ရွက် ကြသည်။

ဆက်လက်၍ တောင်ငူမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ရှိန်နှင့် တိုင်းဒေသကြီး ပညာရေးမှူး (ငြိမ်း) ဆရာကြီးမြင့်ဆွေ တို့က အမှာစကားပြောကြားပြီး နာယကအဖွဲ့ဝင်ကိုးဦးနှင့် ဘဏ္ဍာရေး အဖွဲ့၊ သတင်းပြန်ကြားရေးအဖွဲ့၊ အထောက်အကူပြုအဖွဲ့၊ နိုင်ငံတကာ ဆက်ဆံရေးအဖွဲ့နှင့် ရုံးအဖွဲ့ဆပ် ကော်မတီငါးဖွဲ့တို့ကို အများသဘော တူ ရွေးချယ်ဖွဲ့စည်းကြသည်။ ဆက် လက်၍ အထွေထွေအတွင်းရေးမှူး အဖြစ် ဒေါက်တာဘဆွေ၊ အတွင်း ရေးမှူး(၁)အဖြစ် ဦးလှမျိုးဝင်း၊ အတွင်းရေးမှူး(၂)အဖြစ် ဦးနန္ဒတို့ ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ ဝင် ၆၀ တို့ကို ရွေးချယ်ဖွဲ့စည်းခဲ့ ကြောင်း သိရသည်။ **(၁၁၅)**

ဆောင်းပါးနှင့်နယ်သတင်း

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် ဇွန် ၂၂ ရက် နံနက် ၈ နာရီက မိုးရာသီ သစ်ပင်စိုက်ပွဲတော် ကျင်းပသည်။ ဒလမြို့နယ် ညောင် ချောင်းကျေးရွာ အမကကျောင်းနှင့် ရွာလမ်းမများတစ်လျှောက်တွင် ကျွန်းပင် ၁၀၀၊ ယူကလစ်ပင် ၆၀၀၊ စိန်ပန်းပင် ၃၀၀၊ ပျဉ်းမပင် ၄၀၀၊ ကုက္ကိုပင် ၁၀၀ စုစုပေါင်း သစ်ပင် ၁၅၀၀ကို ဌာနဆိုင်ရာများ၊ ပြည်သူများနှင့် NGO အဖွဲ့အစည်းများ ပူးပေါင်းပြီး စိုက်ပျိုးပေးခဲ့ကြသည်။

ယခင် စိုက်ပျိုးမှုများအနေဖြင့် ဇွန် ၁၃ ရက်က ဒလမြို့နယ် အလက (၁)နှင့် ဗိုလ်မင်းရောင်လမ်းတွင် သစ်ပင်မျိုးစုံ ၅၅၀၊ ဇွန် ၁၈ ရက်က ကျန်စစ်သားရပ်ကွက်၊ မြဝတီမင်းကြီးလမ်းနှင့် ညောင်ငုတ္တိ ရွာအဝင်လမ်းတွင် သစ်ပင်မျိုးစုံ ၈၀၀ ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအုပ်ချုပ် ရေးမှူး ဦးထွန်းထွန်းဝင်း(လက်ထောက်ညွှန်ကြားရေးမှူး) ဦးဆောင်ပြီး စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
လုပ်ငန်းသုံးစက်ပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်လိုအပ်သော လုပ်ငန်း သုံး စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က)	Desktop Computer	၆ လုံး
(ခ)	Laptop Computer	၂၀ လုံး
(ဂ)	Copier A3	၁ လုံး
(ဃ)	D-800 Nikkon Camera	၁၀ လုံး
(င)	Lens	၃ လုံး
(စ)	Air Conditioner(5.0 HP)	၄ လုံး
(ဆ)	D-7100 Nikkon Camera	၅ လုံး
(ဇ)	Lens	၂ လုံး
(ဈ)	Computer Core i7 Dell Optiplex 990 DT	၁ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၇-၂၀၁၃ရက်မှ ၃၁-၇-၂၀၁၃ရက်အထိ နေ့စဉ် ၉း၀၀ နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁-၈-၂၀၁၃ရက် နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	**တင်ဒါပုံစံများတင်သွင်းရန်လိပ်စာ**
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း	**ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်**
ပြန်ကြားရေးဝန်ကြီးဌာန	**ထုခွဲရောင်းချရေးကော်မတီ**
ရုံးအမှတ်(၇)၊ နေပြည်တော်	**ပြန်ကြားရေးဝန်ကြီးဌာန၊**
ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈	**ရုံးအမှတ်(၇)၊ နေပြည်တော်**
	ဖုန်း-၀၆၇-၄၁၂၃၂၇

ကလေးနာမည်ပေးနာမည်ကျော်ဆရာကြီး
ရာဇာဇော်ဝင်း(LL.B.) နှင့်သာဆက်သွယ်ပါ

ရှေးမူမပျက်ခေတ်မှီလှပသောနာမည်လှလှလေးများကိုဖုန်းသာ ဆက်လိုက်ပါ ကင်ပွန်းတပ်ရက်/ မင်္ဂလာမော်ကွန်း/ ဇာတာ/ ဂဏန်းဗေဒင် အဟောများ/ နက္ခတ် အဟောများ/ မိဘနာမည်တွဲသုံး ပုံလမ်းညွှန်/ တစ်သက်တာ ဟောစာတမ်းများ/ နာမည်ပေးပါရဂူဆရာကြီးနှင့်ဆက်သွယ်လျှင် ထူးချွန်သောကလေး ဖြစ်စေရန်အာမခံသည်။ ရင်သွေးငယ်၏ အနာဂတ် အလုံးစုံ ပါဝင်သောအကြားအမြင်ဟောစာတမ်း ပါဦးမည် ကလေးအတွက်အစုံပါသည်။ လာရွေး ၆၀၀၀ိ/ အိမ်ပို့ ၇၀၀၀ိ နယ်သို့စာတိုက်မှပို့မည်လူကြီးလိုရာမေး/ ကိုယ်ဝန်ဆောင်မိခင်ရက်ကောင်းရွေးစာအုပ်ချုပ်၍ပို့သည်။

အမှတ်(၄၆) မြေညီထပ် (၉၃)လမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့။

☎ 01-394727, 01-399426, 09-73009994, 09-5152521 (ပိတ်ရက်မရှိ)

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော F.D.Aအသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံစတင်ရောင်းချမည့်ရက်** - ၃-၇-၂၀၁၃ ရက် (တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃၀-၇-၂၀၁၃ ရက်၊ ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီး
ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၅၇၂၀၇၊ ၀၁-၅၄၃၈၈၈

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
လုပ်ငန်းသုံးပုံနှိပ်စက်နှင့် စက်အရန်ပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ် လျက်ရှိသည့် လုပ်ငန်းသုံးပုံနှိပ်စက်နှင့် စက်အရန်ပစ္စည်းများကို အောက်ပါအတိုင်း ဝယ်ယူလို ပါသည်-

(က)	**Web Offset Printing Machine (4 Colour)**	**၁ လုံး**
(ခ)	**Spare Parts for Orient Web Offset**	**၂၈ မျိုး**

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၇-၂၀၁၃ရက်မှ ၃၁-၇-၂၀၁၃ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁-၈-၂၀၁၃ရက် နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	**တင်ဒါတင်သွင်းရန်လိပ်စာ**
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း	**ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်**
ပြန်ကြားရေးဝန်ကြီးဌာန	**ထုခွဲရောင်းချရေးကော်မတီ**
ရုံးအမှတ်(၇)၊ နေပြည်တော်	**ပြန်ကြားရေးဝန်ကြီးဌာန**
ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈	**ရုံးအမှတ်(၇)၊ နေပြည်တော်**
	ဖုန်း-၀၆၇-၄၁၂၃၂၇

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေး စီမံကိန်းများဌာနမှတည်ဆောက်မည့် အောက်ဖော်ပြပါ ဓာတ်အားခွဲရုံများအတွက် လိုအပ်သော ဓာတ်အားခွဲရုံပစ္စည်းများအား(Turnkey Tender) နိုင်ငံခြားငွေဖြင့် တင်ဒါခေါ်ဆို ဆောင်ရွက် လိုပါသည်-

(၁) မြစ်ကြီးနား(၁)နှင့် မြစ်ကြီးနား(၂)ဓာတ်အားခွဲရုံအတွက် လိုအပ်သောပစ္စည်းများ

(၂) မိုးကုတ်ဓာတ်အားခွဲရုံအတွက်လိုအပ်သောပစ္စည်းများ

တင်ဒါပုံစံရောင်းချမည့်ရက် -၁-၇-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် -၃၁-၇-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် -၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

အိတ်ဖွင့်တင်ဒါပြင်ဆင်ချက်

၁။ ၁၆-၆-၂၀၁၃ရက်က မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ကြော်ငြာခဲ့သော ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ရေနံ့သာ အနာကြီးရောဂါကုဆေးရုံ၏ အိတ်ဖွင့် တင်ဒါပိတ်ရက်ကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၂၆-၆-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၆-၇-၂၀၁၃ ရက်၊ ညနေ ၄ နာရီ

၃။ အသေးစိတ်ကိုသိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
ရေနံ့သာအနာကြီးရောဂါကုဆေးရုံကြီး
မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊
ဖုန်း-၀၉-၆၅၀၂၅၈၃

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
အိတ်ဖွင့်အဆိုပြုလွှာခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလက်အောက်ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်များတွင် အသုံးပြုရန်အတွက် လိုအပ်သောသဘာဝဓာတ်ငွေ့ကို လက်ရှိ မြန်မာ့ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းပိုင် ဓာတ်ငွေ့ပိုက်လိုင်းသို့အရောက် တန်ဖိုး (D.D.P Yangon)ဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသော ပြည်တွင်း/ပြည်ပ ရင်းနှီး မြှုပ်နှံသူများအား ဖိတ်ခေါ်အပ်ပါသည်-

သဘာဝဓာတ်ငွေ့

နည်းလမ်း- Liquefied Natural Gas (LNG)အားတင်သွင်း၍ Floating Storage and Regasification Unit (FSRU) အသုံးပြုပြီး သဘာဝဓာတ်ငွေ့အဖြစ် ပေးသွင်းရန်

ပမာဏ- တစ်ရက်လျှင် ကုဗပေသန်း ၁၅၀ မှ ၂၀၀ အထိအား ၂၀၁၄ခုနှစ် မတ်လမတိုင်မီလည်းကောင်း၊ ၂၀၁၄ခုနှစ်နောက်ပိုင်းတွင် တစ်ရက် လျှင် ကုဗပေသန်း ၅၀၀ မှ ၆၀၀ အထိအား ၅ နှစ်မှ ၁၀ နှစ် ကာလအထိလည်းကောင်း ပေးသွင်းရန်

၂။ အဆိုပြုလွှာနှင့်ဈေးနှုန်းများအား ၃၁-၇-၂၀၁၃ရက် မွန်းတည့် ၁၂း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ ပေးသွင်းရမည့်သဘာဝဓာတ်ငွေ့နှင့်ပတ်သက်၍ စံချိန်စံညွှန်းများကိုလည်းကောင်း၊ အသေးစိတ်သိရှိလိုသည့်အချက်အလက်များကိုလည်းကောင်း၊ ယခုကြော်ငြာသည့် ရက်မှစ၍ ရုံးချိန်အတွင်း အောက်ပါဌာနများတွင် လာရောက်စုံစမ်း ဆွေးနွေးနိုင်ပါသည်-

(က) အင်ဂျင်နီယာချုပ်ရုံး
ဓာတ်ငွေ့နှင့်ရေနွေးငွေ့စက်ရုံများဌာန၊
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ် ၃၈၊ နေပြည်တော်
ဖုန်း-၉၅၆၇၄၁၁၀၇၀၊ ၄၁၁၁၈၀

(ခ) အင်ဂျင်နီယာချုပ်ရုံး၊
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
အမှတ်(၁၉၇/၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊
အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၉၅၁၂၁၄၆၄၁

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

လမ်းမတော်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ် သရုပ်ပြ

ရန်ကုန် ဇူလိုင် ၂

ရန်ကုန်တိုင်းဒေသကြီးလမ်းမတော်မြို့နယ် (၃) ရပ်ကွက်အတွင်း လမ်းသန့်ရှင်းရေးနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဟောပြောသရုပ်ပြခြင်း၊ ဆေးဖျန်းခြင်းများကို ဇွန် ၂၉ ရက် နံနက်ပိုင်းက ၇ လမ်းဓမ္မာရုံနှင့် ၇ လမ်းအတွင်း ပြုလုပ်ရာ လမ်းမတော်မြို့နယ်မှ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူးများ၊ လမ်းမတော်မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ (၃)ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ၇လမ်း သာယာရေး ကော်မတီဝင်များ၊ လမ်းအတွင်း နေထိုင်သူများ တက်ရောက်ကြကြောင်း သိရသည်။

ပြုလုပ်ပေး

လမ်းအတွင်းနှင့် ရေကြောင်းများမှ အမှိုက်သရိုက်များကို စည်ပင်ဝန်ထမ်း ၁၀၀ ဝန်းကျင်နှင့် အမှိုက်သယ်ကား သုံးစီးဖြင့် သန့်ရှင်းရေးဆောင်ရွက်ကြကြောင်း၊ ကျန်းမာရေးဟောပြောပွဲအပြီး လမ်းအတွင်း ဖုံး၊ သွန်၊ လဲ၊ စစ် သရုပ်ပြခြင်း၊ ဆိုင်ခန်းအချို့ရေကန်များတွင် အဘိတ်ဆေးခတ်ခြင်း၊ လမ်းအတွင်း ခြင်ဆေးဖျန်းခြင်းများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

စီစဉ်

ကိုယ်ထူကိုယ်ထစနစ်ဖြင့် သန့်ရှင်းရေး လုပ်ဆောင်ထားသောနောက်ဖေးလမ်းကြားများကိုပါ ခြင်ဆေးဖျန်းပေးခြင်း၊ အိမ်ရှေ့နှင့် အိမ်နောက်ပါ တစ်လတစ်ကြိမ် ဖျန်းပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးနိုင်ပါက သွေးလွန်တုပ်ကွေးဖြစ်စေသောခြင်ကျားအန္တရာယ် ပိုမိုကင်းဝေးစေမည်ဖြစ်ကြောင်း လမ်းအတွင်း နေထိုင်သူများက ဆိုသည်။

အမှိုက်သိမ်းချိန် မရောက်သေးသော်လည်း လမ်းသူလမ်းသားများ အလွယ်တကူစွန့်ပစ်နိုင်ရန် အမှိုက်ပုံးကြီးများ လမ်းအတွင်း ရွှေ့လျားပုံးများဖြင့်ထားပေးသော်လည်း လမ်းအတွင်းအလွယ်တကူ စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ ခွေးလေခွေးလွင့်များ အုပ်စုလိုက် သွားလာခြင်းများကို ၇ လမ်းအတွင်း မြင်တွေ့နေရဆဲဖြစ်သည်ဟု လမ်းအတွင်း နေထိုင်သူများက ဆိုသည်။

ခင်ဆိုင်

ဘုရင့်နောင်မင်းတရားကြီးရုပ်တုရင်ပြင် သန့်ရှင်းရေးပြုလုပ်

တာချီလိတ် ဇူလိုင် ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်တွင် ၁၉၉၆ ခုနှစ်က တည်ဆောက်ခဲ့သော ဘုရင့်နောင်မင်းတရားကြီးရုပ်တု ရင်ပြင်ကို ၂၀၀၁ခုနှစ်မှ စတင်ကာ အကြောင်းမျိုးမျိုးကြောင့် ပိတ်သိမ်းထားခဲ့ရသည်မှာ ယခုအခါ ဆယ်စုနှစ်တစ်စုပင်ကျော်လွန်ခဲ့ပြီဖြစ်သည်။ အဆိုပါ ဘုရင့်နောင်မင်းတရားကြီးရုပ်တုရင်ပြင်ကို ပြန်လည်ဖွင့်လှစ်ပေးစေလိုကြောင်း သတင်းကို မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြပါရှိပြီးနောက် တာချီလိတ်မြို့ခံပြည်သူများကလည်း မြို့ဂုဏ်ဆောင် အထိမ်းအမှတ်အဖြစ် ပြန်လည်ဖွင့်လှစ်စေလိုသောဆန္ဒများရှိကြသကဲ့သို့ အိမ်နီးချင်း ထိုင်းနိုင်ငံမှ ပြည်သူများကလည်း တာချီလိတ်မြို့၏ အမှတ်တရနေရာအဖြစ် လာရောက်လည်ပတ်လိုကြောင်း သဘောထားများပေးပို့လာကြသည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ **(အပေါ်ပုံ)** ဇွန် ၂၉ ရက် နံနက်ပိုင်းမှစတင်ကာ တာချီလိတ်နယ်စပ်ကုန်သည်များအသင်း၊ သတ္တုလုပ်ငန်းရှင်များအသင်း၊ သတင်းမီဒီယာများ၊ မဖ္ဖိမလူမှုကူညီရေးအသင်းတို့က လုပ်အားရှင်များသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းပြီး သန့်ရှင်းရေး လုပ်အားပေး ဆောင်ရွက်ကြသည်။ **မောင်ယဉ်ကျေး**

မြန်မာအမျိုးသမီးများနေ့ ကြိုဆိုဂုဏ်ပြု သစ်ပင်စိုက်ပျိုးပွဲ ပုဏ္ဏားကျွန်း၌ ဆင်နွှဲ

ပုဏ္ဏားကျွန်း ဇူလိုင် ၂

စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၉ ရက် နံနက် ၈ နာရီက ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းဆုံ၌ ကျင်းပသည်။

အစီအစဉ်အရ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ရေသင်းဝင်၊ ကုက္ကို စသည့် ပျိုးပင်များကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မိုးမိုးနှင့် တက်ရောက်ကြသူများအား ပေးအပ်ရာ စုစုပေါင်း အပင် ၁၂၅၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

သူ(ပုဏ္ဏားမြီ)

စာပေရေချမ်းစင်များ ရန်ကုန်တောင်ပိုင်းခရိုင်၌ ဖွင့်ပြီ

ရန်ကုန် ဇူလိုင် ၂

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူကို ဗဟိုပြုသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့် ပြည်သူများ အသိပညာ ဗဟုသုတများ တိုးပွားစေရေးအတွက် ကျေးရွာစာကြည့်တိုက်များထူထောင်ဖွင့်လှစ်ပေးသကဲ့သို့ ပြည်သူများလက်လှမ်းတမီ စာပေဖတ်ရှုလေ့လာနိုင်ရေးအတွက် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၅၁ နေရာတွင် ဇူလိုင် ၁ ရက်မှစ၍ စာပေရေချမ်းစင်များကို ကားဂိတ်များ၊ တက္ကသိုလ်၊ ကောလိပ်များ၊ ကျန်းမာရေးဌာနများ၊ စုပေါင်းရုံးများ၊ လူစည်ကားရာနေရာများတွင် ဗဟုသုတရရှိစေမည့် စာအုပ်စာစောင်များကို ခင်းကျင်းဖွင့်လှစ်ပေးလျက်ရှိရာ ပြည်သူများ စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာလျက်ရှိပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(ဝ၄၉)**

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ အောက်ဖော်ပြပါ ဓာတ်အားခွဲရုံများအတွက် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(၁) ဗန်းမော်ဓာတ်အားခွဲရုံတွင် 66kV Switch Bay (1)No Extension
(၂) 66/11kV, 2MVA မြို့သစ်ဓာတ်အားခွဲရုံ
(၃) 66/11kV, 2MVA ဒေါ်ဖုန်းယန် ဓာတ်အားခွဲရုံ

တင်ဒါပုံစံရောင်းချမည့်ရက် - ၁-၇-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၃၁-၇-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄:၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်
ပစ္စည်းများဝယ်ယူရန်လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် လုပ်ငန်းရှင်များ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမည်	မှတ်ချက်
၁။	ပရိဘောဂ ပစ္စည်းများ	
၂။	ဓာတ်ခွဲခန်းသုံးပစ္စည်းများ	
၃။	ရုံးသုံးကွန်ပျူတာ၊ ပရင်တာ၊ မိတ္တူကူးစက်များ	
၄။	မော်တော်ဆိုင်ကယ်	
၅။	ထွန်စက်	
၆။	မြက်ဖြတ်စက်(ကိုင်းလွယ်)	
၇။	မြက်ဖြတ်စက်(4 Stroke)	
၈။	လေအေးပေးစက်	
၉။	ခေါက်လှေကား	
၁၀။	မီးဆိုင်း	
၁၁။	Compact Rice Mill	

၂။ တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၂၉-၇-၂၀၁၃ရက် ၁၆:၀၀နာရီဖြစ်ပါသည်။
၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၁၆၅၁၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အထူးစီမံကိန်းကြီးအဖွဲ့(၃)
ညောင်ဦးမြို့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
တင်ဒါအမှတ်-၂(၂၀၁၃-၂၀၁၄)

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့(၃)မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် မကွေးတိုင်းဒေသကြီးအတွင်း အမှတ်(၁) ပေါက်(အုန်းတော)တံတားနှင့် အမှတ်(၂) ပေါက်(ရေပြာ)တံတားများ တည်ဆောက်ရန်လိုအပ်သည့်ပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

ပေးသွင်းရမည့်ပစ္စည်း	အရေအတွက်	ပေးသွင်းရမည့်နေရာ
၁။ မြစ်ကျောက်စရစ်	၄၀၀၀ကျင်း	အမှတ်(၁)ပေါက်(အုန်းတော)
၂။ မြစ်သဲ	၂၀၀၀ကျင်း	တံတားနှင့်အမှတ်(၂)ပေါက်
၃။ Bentonite(မြေဖယောင်း)	၆၀၀ တန်	(ရေပြာ)တံတား၊ ပေါက်မြို့

တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၅-၇-၂၀၁၃ ရက် ၁၀:၀၀ နာရီ
တင်ဒါဖွင့်မည့်နေရာ - အထူးစီမံကိန်းကြီးအဖွဲ့(၃) လက်ပန်ခြေပေါ်၊ ညောင်ဦးမြို့
တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၅-၇-၂၀၁၃ ရက် ၁၂:၀၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို ၃-၇-၂၀၁၃ရက်မှစ၍ အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
အထူးစီမံကိန်းကြီးအဖွဲ့(၃)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
လက်ပန်ခြေပေါ်၊ ညောင်ဦးမြို့
ဖုန်း-၀၉-၈၃၀၄၅၉၃

စက်မှုဝန်ကြီးဌာန
အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား CIF(Yangon) နိုင်ငံခြားငွေ (USD)ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါအမှတ်
(က)	Diesel Engine & Alternator Coupling Accessories for 16 V 170ZC (Zichai)	၄မျိုး	03/No(1) HIE/2013-2014/CP
(ခ)	Spare Parts for 16V 170ZC Diesel Engine(Zichai)	၅၆မျိုး	04/No(1) HIE/2013-2014/CP

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏(Technical Specification)များ၊ အသေးစိတ်အချက်အလက်များအား ၁-၇-၂၀၁၃ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်-

ပစ္စည်းစီမံရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်၃၀၊ နေပြည်တော်
ဖုန်း-၀၆၇ -၄၀၅၀၅၃၊ ၀၆၇-၄၀၅၀၅၄

၃။ တင်ဒါများ နောက်ဆုံးထားတင်သွင်းရမည့်ရက်မှာ ၁၅-၇-၂၀၁၃ရက် ၁၆:၀၀နာရီ ဖြစ်ပါသည်။

ကမ္ဘာ့အဖိုးတန်သစ်မွှေး/ညြင်နံ့စ်သစ်မွှေး
စိုက်နည်း၊ ပျိုးနည်း စာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူနိုင်ပါသည်။
သစ်မွှေး၊ နံ့သာနီ/ဖြူ ကျွန်း၊ လျှော်ဖြူ ပျဉ်းကတိုး၊ မျိုးစေ့နှင့်
ပျိုးပင်များဖြန့်ဖြူးပေးနေပါသည်။
သစ်မွှေး ၁ ပင်လျှင် ၄၀၀/- **ဝင်းသစ်မွှေး 09-5117226**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ်ဌာနမှ မဟာဓာတ်အားလိုင်းများတွင် လိုင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက်Line maintenance ပစ္စည်းများနှင့်ကွန်ကရစ်ကျောက်တိုင်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၁-၇-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၃၁-၇-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄:၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ရေအားလျှပ်စစ်စီမံကိန်းများအတွက် အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P (Paung Laung/ Hlaw Gar)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	H-Beam (ဆိုဒ်စုံ)	382 Tons
2.	Pipe Clip	5000 Pcs
3.	Steel Fiber	2 Tons
4.	GI Pipe & Socket	508 Sets
5.	Water Stop (500mm)	600 Meter
6.	Quick Hardering Agent (powder)	30 Ton
7.	Four Core, Two Core, Single Core Cable (ဆိုဒ်စုံ)	2550 Meter

၂။ ပစ္စည်းများ၏ (Technical Specification) များအား ၁၈-၇-၂၀၁၃ရက် မွန်းတည့် ၁၂:၀၀နာရီတွင် နောက်ဆုံးထား၍ ကြိုတင်တင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် ဩဂုတ် ၅ရက် မွန်းတည့် ၁၂:၀၀ဖြစ်ပြီး ၁၃:၀၀နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ် ၃၈၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ် -၄၁၁၀၈၁

သတင်းဆောင်းပါးနှင့်နယ်သတင်း

ကျွန်တော် မြို့နယ်သတင်းထောက်တစ်ယောက် ပီတိကိုစား အားရှိခဲ့၏

မြို့နယ်သတင်းထောက် တစ်ယောက်ဘဝကို ပြေးလိုက်၊ လွှားလိုက်၊ ရရှိလာသည့်သတင်းလေး ရေးလိုက်၊ တင်ပြလိုက်၊ သတင်းစာတွင် အချိန်နှင့်တစ်ပြေးညီ ပါရှိလာပါက အနည်းငယ်သော စာမူခလေးကနောက်ထား၊ သတင်းပါရှိလာမှုအပေါ် အမောတွေ ပြေခဲ့ရသည်။

ယနေ့ နိုင်ငံပိုင်သတင်းစာများ၏ သတင်းဖော်ပြမှုပုံစံက သိသာထင်ရှားစွာ ပြောင်းလဲလာခဲ့သည်။ ပြည်သူလူထုကို အကျိုးပြုမည့်သတင်း၊ အများပြည်သူတို့သိသင့်သိထိုက်သည့်သတင်းများကို အဓိကထား ဖော်ပြပေးနေမှုများကို မြင်ရဖတ်နေရပြီ ဖြစ်သည်။

ယခင်ခေတ်ကဲ့သို့ဖိတ်သတင်း "လက်ဆောင်ပေးသော သတင်း" များကို ဦးစားပေးမဖော်ပြတော့. . .။ "လိုက်သတင်း" မိမိအိတ်ထဲက ခရီးစရိတ်ကအစ အကုန်အကျခံ၍ သွားရောက်ရယူသော သတင်း တို့ကိုသာ ထင်ထင်ရှားရှား သိသာမြင်သာစွာ ဖော်ပြပေးလာခြင်းဖြစ်သည်။

သည်အခါ မြို့နယ်သတင်းထောက်သည် သတင်းစာနှင့်ပြည်သူအကြား အကျိုးတော်ဆောင်ဖြစ်လာသည်။ တစ်ဖန် ဌာနဆိုင်ရာနှင့်ပြည်သူများအကြား "သံတမန်" တစ်ဦး ဖြစ်လာသည်။

ယနေ့တိုင် အချို့အချို့သောဌာနဆိုင်ရာများက နောက်မဆုတ်၊ ရှေ့မတိုး၊ အလယ်တွင် တန့်နေကြသည်။ "ဟုတ်ကဲ့ပါခင်ဗျာ၊ အထက်ကို တင်ပြထားပါတယ်၊ လူကြီးကို ပြောထားပါတယ်"နှင့် လုပ်ငန်းတစ်ခု အချိန်နှင့်တစ်ပြေးညီဖြစ်မလာခဲ့၊ အချို့အချို့သော ဌာနတို့က ပြောင်းလဲလာသောနိုင်ငံတော်၏ခေတ်၊ စနစ်နှင့်အညီ တစ်ပါတည်း လိုက်ပါလာခဲ့ကြသည်။ မီဒီယာများမှတစ်ဆင့်တင်ပြလာသော ပြည်သူတို့၏ ဆန္ဒကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးကြသည်။

သည့်အတွက် ပြည်သူလူထုက သတင်းစာကိုအားကိုးလာကြသည်။ မြို့နယ်သတင်းထောက်များကို ပုဏ္ဏားတိုင်ဖြင့် တိုင်တည်လာကြသည်။ မြို့နယ်သတင်းထောက်ကလည်း တတ်စွမ်းသမျှ ကလောင်ကိုအားကိုး စာစီကုံး ကြရသည်။

စည်ပင်ကိစ္စ၊ ဆက်သွယ်ရေးကဏ္ဍ၊ လမ်းတံတားအပိုင်း၊ လျှပ်စစ်ရေးရာနှင့် ကိစ္စအဖြာဖြာစသည်စသည်တို့တွင် သက်ဆိုင်ရာဌာနများကလည်း ထင်သာမြင်သာ သတင်းစာတွင် ပါပြီးသည်နှင့် ရက်ပိုင်းအတွင်း တတ်စွမ်းသမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလာကြသည်ကိုတွေ့ရသည်။ ပြည်သူအများစုစိတ်လက်ချမ်းသာလာခဲ့ကြသည်။ သည့်ထက်တိကျစွာ ဆိုရသော် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ စမ်းချောင်းမြို့နယ်နှင့်ကမာရွတ်မြို့နယ်တို့ကပင် သတင်းစာတွင်ပါလာသည့် ထင်သာမြင်သာ ပြည်သူတို့၏ အာသီသကိုမိတ္တူကူး၍ အပေါ်စာစီကာ တိုင်းဒေသကြီးဝန်ကြီးချုပ်အထိ ဆက်လက်တင်ပြပေးမှုကို လက်တွေ့ မျက်မြင်ဖော်ပြလာသည့်

အန္တရာယ်ရှိသော မှို့ပင်ကို ပန်းဥယျာဉ်နှင့် အားကစားကွင်းဌာနမှ လာရောက်ခုတ်လှဲပေးစဉ်။

အတွက်၊ မိမိပျိုးခဲ့ရသော အပင်မှ အသီး၊ အပွင့်လေးများကို မြင်တွေ့လိုက်ရသည့် ဥယျာဉ်မှူးပမာ ဖော်မပြနိုင်သော ပီတိစွမ်းဖြင့် အားများပြည့်ခဲ့ရသည်။

နောက်ဆုံး ဇွန် ၂၂ရက်က မြန်မာ့အလင်းသတင်းစာ ထင်သာမြင်သာကဏ္ဍတွင် ဖော်ပြပေးနိုင်ခဲ့သော "မှို့ပင်ခြောက် အမြန်ခုတ်လှဲပေးဖို့လို" ပြည်သူ့ဆန္ဒသတင်းကြောင့် ဇွန် ၂၇ရက်က မြို့တော်စည်ပင် ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ တာဝန်ရှိသူများ ကိုယ်တိုင်ကြီးကြပ်၍လာရောက်ခုတ်လှဲပေးပြီး နေ့ခင်းကျောင်းအဆင်း မြေးဖြစ်သူအား သွားရောက်ကြိုနှင့်နေသော စာရေးသူ သတင်းထောက်တစ်ဦး မှန်းသိသည့် အဘွားတစ်ဦးက လက်ကလေးကိုဆွဲကာ "ကျေးဇူးတင်လိုက်တာ ငါ့တူရယ်. . . တစ်နေ့တစ်နေ့ ဒီအပင်ကြီးကို မော့မော့ကြည့်ပြီး ကလေးတွေအတွက် စိတ်ပူခဲ့ရတာ၊ အခုတော့ရင်အေးသွားရပါပြီ၊ အပင်လာခုတ်ပေးတဲ့သူတွေရော၊ သတင်းစာမှာရေးပေးတဲ့ ငါ့တူကြီးကိုရော အများကြီးကျေးဇူးတင်ပါတယ်။ အားလုံးကျန်းမာကြပါစေ၊ ချမ်းသာကြပါစေကွယ်"ဟု ရုတ်တရက်ဆိုလာသည့်စကား နားစည်မှသည် နှလုံးသည်းပွတ်တိုင်စီးဝင်လာသည့်အတွက် မီဒီယာသမားတစ်ယောက် ဖြစ်ရခြင်း သို့မဟုတ် ပြည်သူတို့၏ ဆန္ဒကိုထင်ဟပ်ဖော်ပြပေးနိုင်သည့် သတင်းထောက်တစ်ယောက်ဖြစ်ရခြင်း၏ဂုဏ်၊ပီတိအဟုန်က မြို့နယ်သတင်းထောက် တစ်ယောက်အဖြစ် ဘဝဆုံးတိုင်ရပ်တည်နိုင်မှု အင်အားများဟုပင် ခံယူမိပါသည်။**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

ညောင်လေးပင်မြို့နယ်ရှိ ကျေးရွာအချို့ မိုးအခြေအနေကြောင့် စပါးစိုက်ပျိုးမှု နောက်ကျနေ

ညောင်လေးပင် ဇူလိုင် ၂

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်ရှိ ပိန်းဇလုပ်၊ ကံကလေး၊ ထော်နွတ်၊ ထိန်တပင်၊ ကလိန်ခင် ကျေးရွာများတွင် မိုးရရှိမှု နည်းပါးသဖြင့် မိုးစပါးသီးနှံများ စိုက်ပျိုးနိုင်မှုမရှိသေးကြောင်း ဒေသခံအချို့ကပြောကြားသည်။

"အခုအချိန်ထိတော့ မိုးက ရွာသာရွာနေတာ မိုးကြီးမပါသေးတော့ လယ်ထဲရေမဝင်သေးဘူး။ ဒီမိုးနဲ့ ဆိုရင်တော့ စပါးစိုက်နောက်ကျနိုင်တယ်။ တချို့ ရွာတွေဘက်မှာတော့ အခုအချိန်ထိ ပျိုးမထောင်နိုင်သေးဘူး။ ဒီဘက်ရွာတွေက ကိုယ့်လယ်အတွက် ကိုယ်ပျိုးထောင်ကြတာများတယ်။ ပျိုးဝယ်စိုက်တဲ့ဓလေ့ မရှိကြဘူး။ မနှစ်ကတော့ စပါးအရမဆိုးဘူး"ဟု ဒေသတွင်း စပါးစိုက်တောင်သူတစ်ဦးက ပြောကြားသည်။

"ကျွန်တော်တို့ရွာကတော့ အခြောက်ပျိုးကြတဲ့ တောင်သူများတယ်၊ ပျိုးတွေကစိုက်လို့ရနေပြီ။ အခုအချိန်ထိလယ်ထဲရေမရှိသေးလို့ စိုက်လို့မရသေးဘူး။ ၂၅ရက် ညနေခင်းက ရွာတဲ့မိုးကတော့ ရေပါတယ်။ အဲဒီလို ရေပါတော့ အနိမ့်ပိုင်းကျတဲ့လယ်မြေရေတင်လို့စိုက်လို့ရပြီ။ ကုန်းပိုင်းလယ်ကွက်တွေ ရေမတင်လို့ စိုက်လို့မရသေးဘူး။ အရင်နှစ်ကဆို ဒီအချိန်စိုက်ပြီးပြီ"ဟု ကလိန်ခင်ကျေးရွာမှ တောင်သူဦးတင်ဝင်းက ပြောကြားသည်။

အဆိုပါဒေသကျေးရွာများတွင် မိုးစပါးကို ဇွန်လအတွင်း၌ စတင်စိုက်ပျိုးပြီးစီးလေ့ရှိပြီး စက်တင်ဘာလ၊ အောက်တိုဘာလများတွင် ရိတ်သိမ်းလေ့ရှိကြောင်း သိရသည်။ **ပိန်းဇလုပ်-သိန်းညွန့်**

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-001(2013-2014)	9 5/8" Seamless Casing	(1) Lot	US $
(၂)	IFB-002(2013-2014)	5 1/2" Seamless Casing	(1)Lot	US $
(၃)	IFB-003(2013-2014)	20"& 13 3/8" Seamless Casing	(1)Lot	US $
(၄)	IFB-004(2013-2014)	Skit Mounted Three 1 Phase Separator	(1)Lot	US $
(၅)	IFB-005(2013-2014)	Steel Wire Rope	(1)Lot	US $
(၆)	IFB-006(2013-2014)	2 7/8"& 2 3/8" Tubings	(1)Lot	US $
(၇)	IFB-007(2013-2014)	HPZ 820 Work Station	(1)Lot	US $
(၈)	IFB-008(2013-2014)	Land Sat 7 Images	(1)Lot	US $
(၉)	IFB-009(2013-2014)	Windows CE GPS With ARCPAD	(1)Lot	US $
(၁၀)	IFB-010(2013-2014)	2900 Series Well Head	(1)Lot	US $
(၁၁)	DMP/L-001(2013-2014)	Spares For CAT-D 3406 B Truck Engine	(2) Items	Kyat
(၁၂)	DMP/L-002(2013-2014)	1 1/4" Pitch Quardruble Chain & Offset Link	(2) Items	Kyat
(၁၃)	DMP/L-003(2013-2014)	Foam Liquid Solution (မီးသတ်ဆေးရည်)	(650) Gals	Kyat
(၁၄)	DMP/L-004 (2013-2014)	(a) Caustic Soda (Flake) (b) Caustic Soda (Solid)	(650)M/T (8)M/T	Kyat
(၁၅)	DMP/L-005 (2013-2014)	(a) 12V 13 Plate Battery (b)12V 17 Plate Battery	(150) Nos (100)Nos	Kyat

၂။ အိတ်ဖွင့်တင်ဒါများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၃၁-၇-၂၀၁၃ရက် ၁၃း၀၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်
တည်ဆောက်ရေးလုပ်ငန်းများအတွက်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန် ရှိပါသဖြင့် လုပ်ငန်းရှင်များ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	လုပ်ငန်းတည်နေရာ	လုပ်ငန်းအမည်	အရေအတွက်
	(က)တည်ဆောက်ရေးလုပ်ငန်းများ		
၁။	ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊နေပြည်တော်	(၁) လေးခန်းတွဲဝန်ထမ်းအိမ်ယာ ၃ထပ် (ရေမီးအပါအဝင်) (RCC) (၈၈' x ၅၆')	(၂)လုံး
၂။	။	(၂) စိုက်ကွင်းစပါးမျိုးစေ့အအေးခန်း သိုလှောင်ရုံ(၄၀'x ၃၀' x ၂၀') (RCC) (အအေးခန်း၊လျှပ်စစ်လုပ်ငန်းအပါအဝင်)	(၁)လုံး
၃။	။	(၃) စိုက်ကွင်းနှင့်ဥယျာဉ်ခြံ ၂ခန်းတွဲ အိမ်သာ (ရေမီးအပါအဝင်) (၁၀'x၅'x၇') (RCC)	(၄)လုံး
၄။	**(ခ)လျှပ်စစ်မီးရရှိရေးလုပ်ငန်း**		
	ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊နေပြည်တော်	(၁)11/0.4 KV 200 KVATransformer နှင့် 11 K V လိုင်းတည်ဆောက်ခြင်း	(၁)လုံး
၅။	။	(၂) 33 /11 KV 1000 KVA Transformer နှင့် Protection တည်ဆောက်ခြင်း	(၁)လုံး

၂။တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၂၉-၇-၂၀၁၃ ရက် ၁၆း၀၀ နာရီ ဖြစ်ပါသည်။
၃။တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါကရုံးချိန်အတွင်း ဖုန်း၀၆၇ ၄၁၆၅၁၂ သို့ဆက်သွယ် စုံစမ်း နိုင်ပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ဂ/၂၉၉၅၊ အမျိုးအမည် Suzuki WagonR+ ၊ အမျိုးအစား S/W (4x2)၊ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အယ်လ်ခွန်းရီ ၁၄/လပတ(နိုင်)၀၀၂၇၇၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

လယ်တီစံမဟာစည်သာသနာ့ရိပ်သာ ဝါတွင်း(တစ်လ) အထူးတရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မဟာညောင်ကုန်းကျောင်းတိုက်၊ လယ်တီစံမဟာစည်သာသနာ့ရိပ်သာတွင် ဝါဆိုလပြည့်နေ့ (၂၂-၇-၂၀၁၃ရက်)မှ ဝါခေါင်လပြည့်နေ့ (၂၁-၈-၂၀၁၃ရက်)ထိ ဝါတွင်း(တစ်လ) အထူးတရားစခန်းပွဲကြီးကို ကမ္ဘာ့သာသနာပြုအကျော် မဟာစည်ဆရာတော်ကြီး၏ ဥပနိသယအတိုင်း မဟာသတိပဋ္ဌာန်တရားတော်များကို မဟာစည်နာယကဆရာတော်ကြီးများနှင့် လယ်တီစံဆရာတော်များမှ ဟောကြားပြသပါမည်။

တရားစခန်းဝင်ရောက်အားထုတ်လိုကြသော ယောဂီသူတော်စင်များသည် ကြိုတင်စာရင်းပေးသွင်းနိုင်ကြပါပြီ။ မိမိတို့စွမ်းနိုင်သမျှ အားလပ်သည့်ရက်များတွင် ဝင်ရောက်အားထုတ်နိုင်ပါသည်။ ဝါဆိုလဆန်း ၁၄ရက် (၂၁-၇-၂၀၁၃ရက်) ညနေ ၄နာရီအရောက် ကြွရောက်ပါရန် အသိပေးအပ်ပါသည်။

ယခုလို (သီလ·သမာဓိ·ပညာ)ကုသိုလ်ပွဲကြီးတွင် သဒ္ဓါကြည်လင်ပါရမီကုသိုလ်ရှင်များသည် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ အအေးများကို ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြပါသည်။

အကျိုးတော်ဆောင်အဖွဲ့
လယ်တီစံမဟာစည်သာသနာ့ရိပ်သာ၊ ပုဇွန်တောင်
ဖုန်း-၀၁-၂၀၁၆၃၄

တရားမအထွေထွေအယူခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့်

အကြောင်းကြားစာ

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
၂၀၁၂ ခုနှစ် တရားမအထွေထွေအယူခံမှုအမှတ်-၂၆

ဒေါ်ထွေး(ခ)မတာပိုး **နှင့်** ဒေါ်မြအေး
အမှတ် ၁၄၊ မင်္ဂလာလမ်း၊ (၁)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။

အယူခံတရားလို **အယူခံတရားပြိုင်**

၂၀၁၂ခုနှစ် ဖေဖော်ဝါရီ ၆ ရက်စွဲပါ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမအယူခံမှုအမှတ်-၁၁၆/၂၀၁၁ ၏စီရင်ချက်နှင့် ဒီကရီကို တရားမအထွေထွေအယူခံမှုတင်သွင်းခြင်း။

အထက်အမည်ပါအမှုမှ အယူခံတရားပြိုင် ဒေါ်မြအေး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်ပေးသည့်အမိန့်ကို အယူခံ တရားလိုက တရားမအထွေထွေအယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ဤတရားမအထွေထွေအယူခံမှုကို ၂၀၁၃ခုနှစ် ဇူလိုင် ၂၃ရက် (၁၃၇၅ခုနှစ် ဝါဆိုလပြည့်ကျော် ၁ရက်)တွင်ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ တရားမအထွေထွေအယူခံမှုတွင် သင့်အတွက်ရှက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးသို့မလာမရောက်ရှိခဲ့လျှင် ၄င်းတရားမအထွေထွေအယူခံမှုကို သင်၏မျက်ကွယ်တွင် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် ဇွန် ၂၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်အရ-
(ကျော်စွာငြိမ်း)
ဒုတိယညွှန်ကြားရေးမှူး
တိုင်းဒေသကြီးတရားလွှတ်တော်

မှုခင်းသတင်းနှင့်ကြော်ငြာ

လှိုင်ကော်နှင့် ဒီမောဆိုမြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀ကျော် သိမ်းဆည်းရမိ

လှိုင်ကော် ဇူလိုင် ၂

ကယားပြည်နယ် လှိုင်ကော်ခရိုင် လှိုင်ကော်နှင့်ဒီမောဆိုမြို့တို့တွင် ဇွန် ၂၈ရက် နံနက်က စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀ကျော် ရှာဖွေသိမ်းဆည်းရမိခဲ့ပြီး အမျိုးသားလေးဦးနှင့် အမျိုးသမီး နှစ်ဦးတို့အား ဖမ်းဆီးစစ်ဆေးခဲ့ကြောင်း သိရသည်။

တောင်ကြီးမူးယစ်(အထူး)အဖွဲ့၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ လှိုင်ကော်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ လှိုင်ကော်နှင့်ဒီမော့ဆိုမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊လှိုင်ကော်နှင့်ဒီမောဆိုရဲစခန်းတို့မှ ရဲတပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ ဒီမောဆိုမြို့နေ ကျော်သိန်း၏ နေအိမ်ကို ဇွန် ၂၈ရက် နံနက် ၆ နာရီခွဲက ဝင်ရောက်ရှာဖွေရာ အိမ်တံခါးပေါက်ပေါင်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား လေးပြား သိမ်းဆည်းရမိခဲ့သည်။

ယင်းနောက် အဆိုပါနေ့ နံနက် ၇နာရီခွဲက လှိုင်ကော်မြို့နယ် ပန်ကန်ကျေးရွာအုပ်စု စိုက်ကွင်း(၃)ကျေးရွာနေ ဒေါ်ချော(ခ) ဒေါ်ရိုစီတာမူလော၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဒေါ်ချော(ခ)ဒေါ်ရိုစီတာမူလော၏ အင်္ကျီအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀ ကို လည်းကောင်း၊ ဒေါ်ချော(ခ) ဒေါ်ရိုစီတာမူလော၏သမီးဖြစ်သူ မမီးမီး(ခ)မဂရေစီဦး၏ အင်္ကျီရင်ဘတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ပြားကိုလည်းကောင်း ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး အဆိုပါနေအိမ်အနီးရှိ အောင်နိုင်၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ သေတ္တာအတွင်း အဝတ်ခေါက်ကြားမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။ ယင်းနောက် ဒေါ်ချော(ခ)ဒေါ်ရိုစီတာမူလော၏ နေအိမ်သို့ စိတ်ကြွရူးသွပ်ဆေးပြားများ လာရောက်ပို့ဆောင်သည်ဟု ယူဆရသည့် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နေ ခွန်ထွန်းရင်နှင့် ကယားပြည်နယ် ဒီမောဆိုမြို့နေ အာဖောင်းရှိုတို့ကို ငွေကျပ် ၁၀ သိန်းနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထိုဖြစ်ရပ်များတွင် စိတ်ကြွရူးသွပ်ဆေးပြားပေါင်း ၅၃၆ပြား ရှာဖွေသိမ်းဆည်းရမိခဲ့ပြီး ကျော်သိန်း (၅၀ နှစ်)၊ဒေါ်ချော(ခ)ဒေါ်ရိုစီတာမူလော (၄၁နှစ်)၊ မမီးမီး(ခ)မဂရေစီဦး (၂၀ နှစ်)၊ အောင်နိုင် (၃၃နှစ်)၊ခွန်ထွန်းရင် (၃၀နှစ်)နှင့်အာဖောင်းရှို(၃၀နှစ်)တို့အား လှိုင်ကော်နှင့်ဒီမောဆို ရဲစခန်းက တရားဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

ဆိုင်ကယ်နှင့်၁၀ဘီးကား ယာဉ်တိုက်မှုဖြစ်ပွား

ထီးလင်း ဇူလိုင် ၂

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ဆက်သွယ်ရေးရုံးနှင့် အမှတ်(၇၀) အမက ထီးလင်း(၂)ရပ်ကွက်အနီး လမ်းအကွေ့၌ ဇွန် ၂၇ ရက် နံနက် ၉နာရီခွဲက ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ထီးလင်းမြို့ ဆက်သွယ်ရေးရုံးအနီး၌ ကျောက်ထုဘက်အရှေ့မှ အနောက်သို့ ဇော်ဇော်ဦး(၂၅နှစ်) ဘူတောင်းရွာနှင့်တစ်ရွာတည်း အတူနေထိုင်ကြသောကျော်မင်းဦး(၂၉နှစ်)တို့နှစ်ဦးအားတင်ဆောင်၍ အောင်သူဝင်း(၂၂နှစ်)က ၂၁ယ/. . . ကန်ဘို ၁၂၅ဖြင့် အရှိန်ဖြင့်မောင်းနှင်လာစဉ် ထီးလင်းမြို့ ဈေးကုန်းဘက်မှ မြောက်မှတောင်သို့ အောင်ဆန်းထွေး(၂၃နှစ်) အင်းနားရွာ ထီးလင်းမြို့နယ်နေသူ မောင်းနှင်သော ၁ခ/. . . ၁၀ဘီး မော်တော်ယာဉ်ကို အဆိုပါလမ်းအကွေ့၌ကား၏ဘယ်ဘက်ခြမ်း ကားရှေ့ဘီးနှင့်နောက်ဘီး တန်းကြားရှိ ဆီတိုင်ကီကို ဝင်ရောက်တိုက်မိရာ ဆိုင်ကယ်မှာ ကျိုးပဲ့ကြေမွ၍ ဆိုင်ကယ်စီးသူသုံးဦးမှာ ပြင်းထန်ဒဏ်ရာများရရှိကာ ထီးလင်းဆေးရုံသို့တင်ပို့ခဲ့ရသဖြင့် အောင်သူဝင်းနှင့်အောင်ဆန်းထွေးတို့အား ထီးလင်းမြို့မရဲစခန်းက အမှုဖွင့်ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။**ဖိုးသားလေး(ယောမြေ)**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်း၌ ဆိုင်ကယ်များ မကြာခဏ အခိုးခံနေရသဖြင့် နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်မြင့်ကံနှင့်အဖွဲ့၏ စုံစမ်းဖော်ထုတ်မှုကြောင့် တပ်ကုန်းမြို့ သစ်စိမ့်ပင် တောင်ရွာနေ အောင်နိုင်ဝင်း(၂၄နှစ်)အား ခိုးယူထားသော ဆိုင်ကယ်ခြောက်စီးနှင့်အတူ ဇွန် ၂၂ ရက်က ဖမ်းဆီးရမိစဉ်။ (ဝ၂၁)

လိုင်စင်မဲ့ကားတစ်စီး သိမ်းဆည်းရမိ

မြိတ် ဇူလိုင် ၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အမှတ်(၅၂)ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ် မောင်မျိုးနှင့်အဖွဲ့သည် သတင်းအရ မြိတ်မြို့ ကန်ဖျားရပ် ကရာနီလမ်းဆုံမီးပွိုင့်၌ ဇွန် ၂၈ ရက်က သက်သေများနှင့်အတူ ယာဉ်မောင်းသိန်းဝင်း မောင်းနှင်လာသော ၄ဂ/. . . ခဲရောင် MITSUBISHI အမျိုးအစား မော်တော်ယာဉ်ကို စစ်ဆေးခဲ့ရာ ယာဉ်နှင့်ပတ်သက်၍ ခိုင်လုံသောအထောက်အထားများ ပြသနိုင်ခြင်းမရှိသဖြင့် ယာဉ်ထိန်းအဖွဲ့ရုံးသို့ ခေါ်ဆောင်၍ သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းယူခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ တရားဝင်လိုင်စင်အထောက်အထား မရှိသဖြင့် ယာဉ်ပိုင်ရှင် သိန်းဝင်း (၄၂နှစ်)ကို မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးဟိန်း(မြိတ်)

ဘီးလင်းမြို့နယ်တွင် ဘုန်းကြီးကျောင်းမှ ဘုရားဆင်းတုတော် ပျောက်ဆုံး

မော်လမြိုင် ဇူလိုင် ၂

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဒေါက်ရပ်ကျေးရွာ ဒေါက်ရပ်ဘုန်းကြီးကျောင်း၌ ဇွန် ၂၇ ရက် ည ၈ နာရီခန့်က ကျွန်းသစ်ဖြင့် ထုလုပ်၍ ရွှေနှစ် ၁၂၀ ခန့်မှ စတင်ကိုးကွယ်ခဲ့သည့် ဉာဏ်တော် ၄ ဒသမ ၅ ပေခန့်ရှိ ရွှေရည်သုတ်ဆင်းတုတော်တစ်ဆူ ပျောက်ဆုံးခဲ့ကြောင်း၊ အဆိုပါ ဆင်းတုတော်သည် ဝဲလက်တော်က သင်္ကန်းကိုင်၍ ယာလက်တော်က သရက်သီးကိုင်ဆောင်ထားသည့်ပုံသဏ္ဌာန်ထုလုပ်ထားကြောင်း၊ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဘီးလင်းမြို့ မြို့မရဲစခန်းက အမှုဖွင့်၍ တရားခံကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(လ/ဝ၁၂)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ အောက်ဖော်ပြပါ ဓာတ်အားခွဲရုံများအတွက် လိုအပ်သော ပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်-

(၁) 132/66/11kV,60MVA တောင်ကြီးဓာတ်အားခွဲရုံ
(၂) တောင်တွင်းကြီးဓာတ်အားခွဲရုံတွင် 230kV Switch Bay(2)Nos တိုးချဲ့ခြင်း
(၃) ရွှေတောင်ဓာတ်အားခွဲရုံတွင် 230kV Switch Bay(2)Nos တိုးချဲ့ခြင်း
(၄) ရွာမဓာတ်အားခွဲရုံတွင် 230kV Switch Bay(2)Nos တိုးချဲ့ခြင်း
(၅) လှိုင်သာယာဓာတ်အားခွဲရုံတွင်230kV Switch Bay(2)Nos တိုးချဲ့ခြင်း

တင်ဒါပုံစံရောင်းချမည့်ရက် - ၁-၇-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၃၁-၇-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း၏ စက်ရုံများအတွက် ပြည်ပဝါဂွမ်း (A)နှင့် (C)အဆင့်များကို နိုင်ငံခြားငွေ(USD)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၈-၆-၂၀၁၃ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၂၉-၇-၂၀၁၃ရက်
(ဂ) **ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၄၀၈၃၃၈၊ ၄၀၈၁၈၅

အထည်အလိပ်လုပ်ငန်း(ပစ္စည်းစီမံရေး)နေပြည်တော်၊ ရုံး(၃၇)

ကနောင်အသင်း (ရန်ကုန်) ၏ ဒသမကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲဖိတ်ကြားခြင်း

ကနောင်အသင်း (ရန်ကုန်) သည် ဆုထူးပန်ပရိယတ္တိ ရွှေကျင်ကျောင်းတိုက် ပဓါန နာယကဆရာတော် ဘဒ္ဒန္တသုစိတ္တ (မဟာဂန္ထဝါစကပဏ္ဍိတ) ကို အမှူးထား၍ ကျောင်းရှိသံဃာတော်များအား ဆွမ်းကပ်ခြင်းနှင့် ဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူခြင်း အခမ်းအနားကို ၁၃၇၅ ခုနှစ်၊ ဝါဆို လဆန်း (၁၃)ရက်၊ (၂၀-၇-၂၀၁၃) (စနေနေ့) နေ့လယ် (၁)နာရီ တိတိအချိန်တွင် အမှတ် (၁၅)၊ နတ်မောက်ရိပ်သာလမ်း၊ ဆုထူးပန်း ကျောင်းတိုက်၊ တာမွေမြို့နယ်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်နှင့် မိသားစုများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့.

နှစ်ဖက်မြင်စာအုပ်တိုက် ဖုန်း - ၀၉၅၀၅၀၆၄၁

မင်းတုန်းမင်းကြီးလက်ထက်မှသည် တတိယညွှန့်ပေါင်း အစိုးရခေတ်ခေါ် ဂျူနီဦးစော နန်းရင်းဝန်လက်ထက်တိုင် နှစ်ပေါင်း (၁၀၀) အတွင်း ဖြစ်ပျက်ပြောင်းလဲလာသော ဗမာ့အခြေအနေများကို ပုဂ္ဂိုလ်တစ်ဦးချင်းအား လေ့လာထားရာမှ ရာဇဝင်အထောက်အထားများကို ထုတ်နုတ်ပြထားသည့်. . .

ခေတ်စမ်းရာဇဝင်ရေးများ
သိပ္ပံမောင်ဝ

ထွက်ပြီ

ဆိုင်တိုင်းတွင်ဝယ်ပါ။

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးမြို့နေ ဦးကိုကိုလေး(လ/ထ ညွှန်မှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)နှင့် ဒေါက်တာမေသန်းနွဲ့(ကျောင်းကျန်းမာရေးဦးစီးဌာန-ငြိမ်း)တို့၏သား၊ ဒေါက်တာစုမွန်မြတ်(ကျောင်းကျန်းမာရေးဦးစီးဌာန)၏မောင်၊ ဗိုလ်ကြီးဇင်လင်း(ဆလအခွဲ၊ ၉၅၅)၏အစ်ကို

ဗိုလ်ကြီးခိုင်လင်း B.E(Electronics)
M.E(Power)(BMSTU Russia)

နှင့်

ရန်ကုန်မြို့နေ ဦးတင်ဝင်းနှင့် ဒေါ်ကြည်တင်(မူအုပ်-ငြိမ်း) (ထည်ဝါစိန် အန်တီသောင်းအထည်ဆိုင် အဆင့်မြင့်မင်္ဂလာဈေး)တို့၏ သမီးငယ်၊ ဗိုလ်မှူးကံဇော်နိုင်စိုး-မဝင်းဥမ္မာ (လ/ထ ညွှန်မှူး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန)၊ ဗိုလ်ကြီးကျော်မိုးဟန်(လ/ထ ကထိက DSTA)တို့၏မောင်၊ မောင်ဇော်မင်းထက်၏ အစ်မ

မခိုင်ဆုဝေ (LL.B,D.B.L,D.I.L)

တို့သည် ၂၉-၆-၂၀၁၃ရက် (စနေနေ့)တွင် ရန်ကုန်မြို့ Sedona Hotel (အလုံခန်းမ)၌ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း၊ စေ့စပ်လက်စွပ်ဆင်မြန်းပေးပါသော ဦးနိုင်ဝင်း (ညွှန်ကြားရေးမှူး-ငြိမ်း၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန)နှင့်ဇနီး ဒေါ်ခင်ဝင်းတင့်တို့အား အထူးကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးခိုင်လင်း-မခိုင်ဆုဝေ

မြန်မာအဘိဓမ္မာကျမ်းရင်း ကုသိုလ်ဖြစ်အခမဲ့သင်တန်း

အပြည်ပြည်ဆိုင်ရာ အဘိဓမ္မတက္ကသိုလ်၏ **မြန်မာဘာသာဖြင့် အဘိဓမ္မာကျမ်းရင်း ကုသိုလ်ဖြစ် အခမဲ့သင်တန်း**ကို အောက်ပါအစီအစဉ်အတိုင်း သင်ကြားပို့ချသွားပါမည်။ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါသည်။

ပို့ချမည့်အချိန် - အပတ်စဉ် (စနေ-တနင်္ဂနွေနေ့တိုင်း)
နံနက်(၀၈း၀၀-၁၂း၀၀၊ ၁၃း၃၀-၁၆း၃၀)နာရီ
ဇူလိုင်လ ၂၀-၇-၂၀၁၃ရက်မှ အောက်တိုဘာလ ၂၇-၁၀-၂၀၁၃ရက်အထိ။
ပို့ချမည့်နေရာ - အပြည်ပြည်ဆိုင်ရာ အဘိဓမ္မတက္ကသိုလ်၊ ကမ္ဘာအေးဘုရားဝင်းအတွင်း (ယခင်သမဝါယမတန်ဆောင်း)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

အပြည်ပြည်ဆိုင်ရာအဘိဓမ္မတက္ကသိုလ်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ရွှေသံလွင်အိမ်ရာ၊တိုက်အမှတ်(A)၊ အခန်းအမှတ် ၉၀၄၊ အကျယ်အဝန်းစတုရန်းပေ ၃၆၀၀ ရှိ ကိုးလွှာကွန်ဒို တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ အမည်ပေါက် ဦးကျော်လင်းသိန်း ၁၂/ကမရ(နိုင်)၀၀၀၈၉၆ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤနို့တစ်စာထုတ်သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှု မရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ရီနွယ်ထွန်း (စဉ်-၃၆၈၉၉)
LL.B, D.B.L, D.M.L
အထက်တန်းရှေ့နေ
အမှတ်(G-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၆၀၄၅၊ ၃၉၄၀၈၀

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေပုဒ်မအမိန့်-၅၊ နည်းဥပဒေ-၂၀)

ဗဟန်းမြို့နယ်တရားရုံးတော်၌

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၉

ဦးကျော်နိုင် **နှင့်** ဦးခီအီလျောင်(ခ)ဦးအီလျောင်
၎င်း၏အထွေထွေကိုယ်စားလှယ်
ဒေါ်အေးပိတောက်

တရားလို **တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင် ဦးခီအီလျောင်(ခ)ဦးအီလျောင် အမှတ် ၈၊ ၁၃၂ လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးကျော်နိုင်က ယာယီမှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၅၇၃/၇၆)အရ မြေနှင့် အဆောက်အအုံဥပစာအား မှတ်ပုံတင်စာချုပ် ဆက်လက်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေကဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇူလိုင် ၂၄ရက် (၁၃၇၅ခုနှစ် ဝါဆိုလပြည့်ကျော် ၂ရက်)နံနက် ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇွန် ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်နီလာထွန်း)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ဗဟန်းမြို့နယ်တရားရုံး

မိုးရာသီ စိုက်ပျိုးစရိတ်ထုတ်ချေး

ပဲခူး ဇူလိုင် ၂

၂၀၁၃ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ပဲခူးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲများတွင် ဇွန် ၁၇ရက်မှစတင်၍ ချေးငွေများထုတ်ပေးလျက်ရှိသည်။ အဆိုပါ ပဲခူးမြို့နယ်ဘဏ်ခွဲမှ ထုတ်ချေးရန် ဧက ၈၀၅၀၀ အတွက် ထုတ်ချေးငွေသိန်း ၈၀၅၀၀ ဖြစ်ပြီး တစ်မြို့နယ်လုံးထုတ်ချေးရန် ကျေးရွာအုပ်စုပေါင်း (၆၈)အုပ်စုဖြစ်ပြီး ဇွန် ၂၇ရက်ထိ ထုတ်ချေးပြီးစီးမှုမှာ ကျေးရွာ အုပ်စု(၁၄)အုပ်စု၊ တောင်သူဦးရေ ၁၈၄၂ဦး ၁၂၂၄၇ဧကအတွက် ချေးငွေစုစုပေါင်း ၁၂၂၄၇သိန်းဖြစ်သည်။ ဆက်လက်ထုတ်ချေးရန် ကျေးရွာအုပ်စု(၅၄)အုပ်စုကျန်ရှိနေသေးသဖြင့် ဇူလိုင်လကုန်အပြီး ထုတ်ချေးပေးသွားမည်ဟု ပဲခူးမြို့နယ် ဘဏ်ခွဲမန်နေဂျာ ဒေါ်ခင်မာကြူက ပြောကြားသွားကြောင်း သိရသည်။ **(အပေါ်ပုံ)** **သုလင်း(ဟံသာမြေ)**

တရားမဝင်ဆိုင်ကယ်နှင့် မောင်းနှင်သူများအား ဖမ်းဆီး

ရန်ကုန် ဇူလိုင် ၂

အင်းစိန်မြို့နယ်အတွင်း တရားမဝင် မော်တော်ဆိုင်ကယ်စီးနင်းသူများကို ဖမ်းဆီးအရေးယူရန်အတွက် ပူးပေါင်းအဖွဲ့ဖြင့် ဇွန်၂၈ရက် ညနေ၅နာရီကျော်ခန့်က အင်းစိန်မီးရထားခုံးကျော်တံတားအဆင်း ပန်းခြံဂိတ်တွင် တရားဝင်စီးနင်းခွင့်မရှိသော ဆိုင်ကယ်နှစ်စီးကိုဖမ်းဆီးခဲ့ပြီး **(ယာပုံ)** အမှတ် (၁၄)နယ်မြေ(၁) ယာဉ်ထိန်းတပ်ဖွဲ့က ဥပဒေနှင့်အညီ အရေးယူထားသည်။ အင်းစိန်မြို့နယ်အတွင်း ယခုရက်သတ္တတစ်ပတ်အတွင်း တရားမဝင် ဆိုင်ကယ်အစီးရေ ၁၁ စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **မြင့်ဦး(အင်းစိန်)**

ကူးသန်းသွားလာရေးလွယ်ကူစေရန် ကွန်ကရစ်တံတား တည်ဆောက်

နောင်ချို ဇူလိုင် ၂

နောင်ချိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကျောက်မဲသျှမ်းထမ်းတံတားအမှတ်(၃)ကွန်ကရစ်တံတား တည်ဆောက်လျက်ရှိရာ ဇွန် ၂၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်သီတာအေးက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းပြောကြားသည်။ အဆိုပါတံတားသည် မြို့နယ်စည်ပင်သာယာရေး ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခြင်းဖြစ်ပြီး ကွန်ကရစ်တံတားပြီးစီးသွားပါက မြို့ပေါ်ရပ်ကွက်ဒေသခံပြည်သူများ ကူးသန်းသွားလာမှု ယခင်ကထက် လွယ်ကူမြန်ဆန်လာတော့မည်ဖြစ်ကြောင်း သိရသည်။ **(ဝ၆၁)**

ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပွဲ ကန်ပက်လက်၌ ကျင်းပ

ကန်ပက်လက် ဇူလိုင် ၂

ထူးဖောင်ဒေးရှင်းမှ သိန်းငါးရာကျပ်ဖြင့် ဆောက်လုပ်လှူဒါန်းသော ကန်ပက်လက်မြို့ မြို့မရပ်ကွက် (၂) ၁၀ မိုင်ကုန်း အခြေခံပညာမူလတန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် အဆောက်အအုံလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၈ရက် မွန်းလွဲ ၂နာရီကကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာဘမောင်နှင့် အလှူရှင် ထူးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးကျော်သီဟတို့က ဖွင့်လှစ်ပေးကြသည်။

အဆိုပါကျောင်းသို့ နတ်မတောင်အမျိုးသားဥယျာဉ်အတွင်းကျရောက်သည့်ကျေးရွာများမှ ပြောင်းရွှေ့လာသူအိမ်ထောင်စု ၅၀ ကျော်၏ သားသမီးများ ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်းနှင့် ကျောင်းဆောင်သစ်အား အလှူရှင် ဦးကျော်သီဟမှ ပညာရေးဌာနသို့ စာရွက်စာတမ်းနှင့်အတူ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကံကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်

ဗန်းမော် ဇူလိုင် ၂

ဗန်းမော်မြို့နယ် ကံကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်လှစ်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၀ ရက်က ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ဝင်း၊ ခရိုင်ပညာရေးမှူး ဦးနိုင်းဟိုကွန်း၊ Plus ONe(+1) အဖွဲ့မှ အလှူရှင် ဦးညီညီဖေတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါကျောင်းမှာ အလျားပေ ၉၀၊ အနံ ၂၆ ပေ၊ တစ်ထပ်ကျောင်းဖြစ်ပြီး ငွေကျပ်သိန်း ၃၂၀ အကုန်အကျခံတည်ဆောက်ထားကာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ကျောင်းသားကျောင်းသူ ၉၃ ဦး၊ ဆရာမလေးဦးရှိ၍ ကံကြီးရွာမှ ကျောင်းသားကျောင်းသူများတက်ရောက်၍ ပညာသင်ယူနေကြကြောင်း သိရသည်။ **ခင်မောင်ရီ**

မကွေး၌ ဆိုင်ကယ်တိုက်သေဆုံး

မကွေး ဇူလိုင် ၂

မကွေးမြို့ မြသလွန်ဘုရားကုန်းတော်အဆင်းလမ်း မြသော်တာလက်ဖက်ရည်ဆိုင်ရှေ့၌ ဇွန် ၂၂ရက် ည၈နာရီက ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာနေ ဝေဖြိုးဇော်(၁၇နှစ်)စီးနင်းလာသောဆိုင်ကယ်၂၀ယ/---YND 110 ကျောက်စိမ်းရောင်သည် ဘုရားလမ်းအဆင်းအတိုင်း အရှိန်ပြင်းစွာမောင်းနှင်လာပြီး မကွေးမြို့ အေးမြသာယာနေ ရဲမင်းဝင်း (၁၄ နှစ်) စီးနင်းလာသော ၂၉ယ/--- ANBO အမျိုးအစား 125 အနက်ရောင်နှင့် ပြင်းထန်စွာတိုက်မိခဲ့ကြောင်း သိရသည်။ ဆိုင်ကယ်ချင်းအရှိန်ပြင်းစွာတိုက်မိကြသဖြင့် ဝေဖြိုးဇော်မှာ ဦးခေါင်းတွင်ရရှိသော ပြင်းထန်ဒဏ်ရာဖြင့် မကွေးမြို့တိုင်းဒေသကြီးဆေးရုံ၌ ည ၉နာရီခွဲက သေဆုံးသွားခဲ့ကြောင်း သိရသည်။ တစ်ဖက် ဆိုင်ကယ်စီးနင်းသူ ရဲမင်းဝင်းမှာ ဘယ်ဘက်မျက်လုံးမှာ ဖူးရောင်ဒဏ်ရာပြင်းထန်စွာရရှိပြီး နှာခေါင်းသွေးများ အဆက်မပြတ်ယိုစီးနေ၍ မကွေးတိုင်းဒေသကြီးဆေးရုံတွင် ဆေးကုသမှုခံယူနေကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်အတွက် မကွေးမြို့မ ရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ပိုင်ဇေ(မကွေး)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ယဉ်ကျေးမှုဝန်ကြီးဌာန
အနုပညာဦးစီးဌာန
လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)

MCC.*i* School of Multimedia & Creative Arts

အနုပညာကွန်ပျူတာ ဒီပလိုမာသင်တန်း
DIPLOMA IN COMPUTER ARTS (Dip.CA)
လျှောက်လွှာခေါ်ယူခြင်း

၁။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)နှင့် MCC.*i* School of Multimedia & Creative Arts တို့ ပူးပေါင်း ဖွင့်လှစ်သည့် အနုပညာကွန်ပျူတာဒီပလိုမာသင်တန်း ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တက်ရောက်ရန် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်။
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အခြေခံပညာအထက်တန်းစာမေးပွဲကို (က) အဆင့် (သို့မဟုတ်) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူ (သို့) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ ထောက်ခံချက်တင်ပြရမည်။

၂။ သင်တန်းများ
Specialized in "Character Animation & Advanced Media"
Semester (1,2)
- Graphic Production for Exporting any Media
- Video/Audio Production, Motion Graphics & Visual Effects
- Character Animation & Advanced Media

Specialized in "Multimedia & Infocom Technology"
Semester (1,2)
- Graphic Production for Exporting any Media
- Rich Media Content Creation, Interactive TV & Streaming Video
- Multimedia & Information Communication Technology

ဒီပလိုမာသင်တန်းကာလ စုစုပေါင်း(၁၀)လ ကြာမြင့်မည်ဖြစ်ပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ဒီပလိုမာလက်မှတ် ချီးမြှင့်မည်ဖြစ်ပါသည်။

၃။ သင်တန်းတည်နေရာ
ကုမုဒြာခန်းမ (ယခင်ပန်းချီပန်းပုကျောင်းဝင်းအတွင်း)
အမှတ်(ဂ)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၂၅၃၂၃၁၊ ၀၉-၇၃၄၉၀၁၂၂

၄။ သင်တန်းများကို (၂၉.၆.၂၀၁၃) နေ့တွင် စတင်ဖွင့်လှစ်နေပါမည်။

၅။ လျှောက်ထားသူများသည် သတ်မှတ်လျှောက်လွှာပုံစံတွင် ပြည့်စုံစွာ ဖြည့်စွက်ပြီး ဘွဲ့လက်မှတ်မူရင်း၊ မိတ္တူ (သို့) (၁၀)တန်းအောင်လက်မှတ်မူရင်း(သို့) အမှတ်စာရင်းမူရင်းနှင့်အတူ (၂၄.၆.၂၀၁၃) ရက်နေ့မှစ၍ ကုမုဒြာခန်းမ (ယခင်ပန်းချီပန်းပုကျောင်းဝင်း)သို့ တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)
အောင်ဇေယျလမ်း၊ (၂၆)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
ရန်ကုန်အရှေ့ပိုင်းခရိုင် နယ်တရားမရုံးတော်၌
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၂၁၀

ဦးဂျမား(ခ)ဦးစိုးသိန်း **နှင့်** ဦးမြတ်ထွန်း

တရားလို **တရားပြိုင်**

အမှတ်(၅/က)၊ ပျန်တျာလမ်း၊ ၈/ခ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် (ယခုလိပ်စာမသိ)နေ ဦးမြတ်ထွန်း သိစေရမည်။

တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် ဇူလိုင် ၃၀ရက် (၁၃၇၅ ခုနှစ် ဝါဆိုလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဇွန် ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်စိမ်းဝင်း)
ဒုတိယခရိုင်တရားသူကြီး (၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
လှိုင်မြို့နယ်တရားရုံးတော်၌
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၂၀

ဒေါ်ရင်နု (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးနိုင်ဝင်း) **နှင့်** ၁။ ဦးထွန်းကြည် ၂။ ဒေါ်ခင်သိန်း ၃။ ဒေါ်ခင်လှ ၄။ ဒေါ်ထားညွန့် ၅။ ဦးကျင်သိန်း ၆။ ဒေါ်အုံးကြည် ၇။ ဦးဝင်းခင် ၈။ ဒေါ်သန်းမြင့် ၉။ ဒေါ်ဝင်းကြည်

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင် ၁၀လမ်း၊ အမှတ် ၁၉၁ တွင် နေထိုင်ခဲ့သူများဖြစ်သော (၁)ဦးထွန်းကြည်၊ (၂)ဒေါ်ခင်သိန်း၊ (၃)ဒေါ်ခင်လှ၊ (၄)ဒေါ်ထားညွန့်၊ (၅)ဦးကျင်သိန်း၊ (၆)ဒေါ်အုံးကြည်၊ (၇)ဦးဝင်းခင်၊ (၈)ဒေါ်သန်းမြင့်၊ (၉)ဒေါ်ဝင်းကြည် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဩဂုတ် ၁ရက် (၁၃၇၅ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူများ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းနှင့် သင်တို့ကထုချေတင်ပြလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။

၂၀၁၃ ခုနှစ် ဇွန် ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မူမူအေး
တွဲဖက်မြို့နယ်တရားသူကြီး
လှိုင်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/မြောက်၊ မြေကွက်အမှတ် ၁၃၉/ ခ၊ မြေကွက်တည်နေရာအမှတ် ၁၃၉/ခ၊ မြို့မ ၁၅လမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးအောင်တင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအောင်တင် (ခင်မွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်သောင်းဝင်း ၁၂/သကတ(နိုင်)၀၁၀၇၅၄ က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂/သမိုင်း၊ မြေကွက်အမှတ် ၁၂/၃ +၁၃/၃၊ မြေကွက်တည်နေရာအမှတ် ၄၂၊ ယိုးဒယားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဒေါ်တင်တင်ရီအမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် မိခင်ဒေါ်တင်တင်ရီနှင့် ဖခင်ဦးခင်ညိမ်းတို့ကွယ်လွန်သဖြင့် ဒေါ်မာလာဖြူ ၁၂/လမန(နိုင်)၀၅၁၀၇၄ နှင့် ဒေါ်အေးအေးငြိမ်း ၁၂/မဂဒ(နိုင်)၀၁၇၄၉၀ တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၇၀၁၁၀ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခွန်နော် ၁/မကန(နိုင်) ၀၃၃၉၂၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(ပြည်နယ်ရုံး)၊မြစ်ကြီးနား

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သမီး မအိအိသန်း ၁၂/တမန(နိုင်)၁၀၀၅၅၅ သည် မိဘများ၏ဆုံးမမှုကို မခံယူပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို မိသားစုက လုံးဝတာဝန်မယူပါ။

ဖခင်-ဦးသန်းရွှေ ၁၂/တမန(နိုင်)၀၀၉၅၂၇
မိခင်-ဒေါ်ခင်လှ ၁၂/တမန(နိုင်)၀၃၇၃၆၈

စီးပွားရေးကြော်ငြာများ

ဝန်ထမ်းအလိုရှိသည်

ချင်းတွင်းစွမ်းအားညီအစ်ကိုများဆောက်လုပ်ရေးကုမ္ပဏီမှ အောက်ဖော်ပြပါ ဝန်ထမ်းငါးဦး အလိုရှိသည်။

(က) - Q.S Engineer **(ကျား/မ)**
- A.G.T.I(Civil), B.Tech(Civil), B.E(Civil)
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။
- AutoCad (2D, 3D) ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- Estimate ကျွမ်းကျင်ပိုင်နိုင်စွာ တွက်ချက်နိုင်ရမည်။

(ခ) - Site Engineer **(ကျား/မ)**
- A.G.T.I(Civil), B.Tech(Civil), B.E(Civil)
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။
- Site တစ်ခုလုံးအား ကျွမ်းကျင်စွာ ဦးစီးနိုင်ရမည်။

လျှောက်ထားလိုသူများသည် အလုပ်လျှောက်လွှာမူရင်းနှင့်အတူ ပညာအရည်အချင်းအတွက် အထောက်အထားလက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံချက်မူရင်း၊ အလုပ်သမားမှတ်ပုံတင်မူရင်းနှင့်အတူ လျှောက်လွှာခေါ်ယူသည့်ရက်မှစ၍ တစ်ပတ်အတွင်း အမှတ် ၂၇၈၊ သရဖီလမ်း၊ နန္ဒဝန်ရပ်၊ မုံရွာမြို့သို့ လာရောက်လျှောက်ထားနိုင်သည်။

ဆက်သွယ်ရန်-ချင်းတွင်းစွမ်းအားညီအစ်ကိုများဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
ဖုန်း-၀၇၁-၂၄၇၁၇

ဖျော်ရည်၊ ဂျယ်လီ၊ ရေခဲမုန့်၊ ယိုစုံ၊ နိုင်ငံခြားမုန့်ဖုတ်သင်တန်း

အသီးဖျော်ရည်၊ ဂျယ်လီမာ/ပျော့၊ Jelly Candy၊ DeeDo၊ Aloe Vera အချိုရည်၊ ရေခဲမုန့်၊ ပုလဲမစ်ရှိတ်၊ အအေးဆိုင်ဖွင့်နည်း၊ ယိုမျိုးစုံ၊ တော်ဖီ၊ ဝိုင်မျိုးစုံ၊ sauce၊ ကိတ်၊ ပေါင်မုန့်မျိုးစုံ နှင့် မုန့်ဖုတ်နည်းသင်တန်း

1	(4.7.13) မှ (9.7.13)	3	(10.7.13) မှ (15.7.13)
2	(7.7.13) မှ (12.7.13)	4	(13.7.13) မှ (18.7.13)

MASTER အရောင်းဆိုင် အမှတ်(၁၂၅) ၂၇လမ်း (အလယ်ဘလောက်) 01-248014 09-73181875 09-49306938 ကုန်ကြမ်း ပစ္စည်းနှင့်စက်မျိုးစုံ ဝယ်ယူရရှိနိုင်ပါသည်။ VCD ၊ စာအုပ်၊ ရေခဲမုန့်စက်ဝယ်ယူရရှိနိုင်ပါသည်။

MASTER စားသောက်ကုန်သင်တန်း
အမှတ် (၁၁၂)၊ ၂၇-လမ်း(လယ်)ရန်ကုန်၊ ဖုန်း 01-251927, 09-49222177

အယူတော်ခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
ပုသိမ်ခရိုင်တရားမရုံးတော်၌
၂၀၁၃ ခုနှစ် တရားမအယူခံမှုအမှတ်-၅

ဒေါ်မြမြဝေ **နှင့်** ၁။ ဒေါ်မြင့်မြင့်
၂။ ဒေါ်ခင်မာအေး
အယူခံတရားလို **အယူခံတရားပြိုင်များ**

၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၁ရက်စွဲပါ ပုသိမ်မြို့နယ်တရားမရုံးတော်မှ တရားမကြီး ၈/၁၂ အမိန့်နှင့်ဒီကရီကို အယူတော်ခံမှု၊

အမှတ်(၂)အယူတော်ခံတရားပြိုင် ဒေါ်ခင်မာအေး၊ အားကစားရွာ၊ ကိုးသိန်းကွင်း၊ ပုသိမ်မြို့ (ယခုနေရပ်လိပ်စာမသိ)နေသူ သိစေရမည်။

ယခုအမှုတွင် ပုသိမ်မြို့နယ် တရားမရုံးတော်ကချပေးသည့်ဒီကရီကို အယူခံတရားလို ဒေါ်မြမြဝေက အယူတော်ခံရာ ဤရုံးတော်တွင် မှတ်ပုံစာရင်းတင်သွင်း ထိုအယူခံမှုကို ၂၀၁၃ ခုနှစ် ဇူလိုင် ၃၁ရက် (၁၃၇၅ ခုနှစ် ဝါဆိုလပြည့်ကျော် ၉ရက်)တွင်ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ရှုက်ဆောင်ရန် တရားဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာ သွင်းရမည်။

၂၀၁၃ ခုနှစ် ဇွန် ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကြူကြူစန်း)
ဒုတိယခရိုင်တရားသူကြီး (၂)၊ ပုသိမ်ခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရတနာလမ်း၊ အမှတ် (၆)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၇ကံအဲ့ +၃၂)၊ လူနေရပ်ကွက်အမှတ် မိကျောင်းကန်၊ မြေကွက်အမှတ် (၆)၊ မြေဧရိယာ ၀ ဒသမ ၁၀၂ဧကရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မာရစ်ထူ ၁၃/ကတန(နိုင်)၀၁၂၄၅၁က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေ ပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့်အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်းအသိပေး အကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေး အကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ LL.B — **တရားလွှတ်တော်ရှေ့နေ (၄၃၇၃)**
ဒေါ်လှလှခိုင် LL.B — **တရားလွှတ်တော်ရှေ့နေ (၅၄၁၀)**
အမှတ် (၉/၁၁)၊ အခန်းအမှတ် (၂၀၁A) ဒုတိယထပ်၊ ၃၆လမ်း (အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးခရိုင်တရားရုံးတော်
၂၀၁၁ ခုနှစ် တရားမဇာရီမှုအမှတ်-၁၅၇

ဒေါ်ခင်သန်းနွဲ့(ခ)ဒေါ်သန်းသန်း ပါ(၁၃) **နှင့်** ဒေါ်မြသွင် ပါ(၂)
တရားနိုင်များ **တရားရှုံးများ**

ယခင်မန္တလေးတိုင်းတရားရုံး ၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ်-၂၃၃တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၁၃ခုနှစ် ဩဂုတ် ၁၆ရက် (၁၃၇၅ခုနှစ် ဝါခေါင်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

၁။ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ် (၅၇၁)၊ ဦးပိုင်(၃၈)၊ ၃၁×၃၂လမ်းကြား၊ ၈၁×၈၂လမ်းကြား၊ ပဒေသာပင်ဝင်း၊ ဒေါ်ခင်သန်းနွဲ့(ခ) ဒေါ်သန်းသန်း ပါ(၃) အမည်ပေါက် ဘိုးဘွားပိုင်မြေကွက်။

(ကြမ်းခင်းဈေးကျပ်သိန်း ၁၈၀၀)

၂။ ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ် (၄၇၁/၇)၊ ထရံကာသွပ်မိုး၊ အုတ်ခင်း(၂×၃)ခန်း၊ တစ်ထပ်အဆောက်အအုံတစ်လုံး။

(ကြမ်းခင်းဈေးကျပ်သိန်း ၂၀၀)

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ ခုနှစ် ဇွန် ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်စောဝင်း)
ဒုတိယခရိုင်တရားသူကြီး (၂)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(၁)
ကျောက်ဖြူမြို့နယ်တရားမရုံး၌
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၁၃

၁။ ဒေါ်ခင်စောရွှေ **နှင့်** ၁။ ဦးမောင်ကျော်ဝင်း
၂။ ဦးခင်ရွှေ ၂။ ဒေါ်မအောင်ဝင်း
၃။ ဒေါ်မခင်ပု ၃။ ဒေါ်မမထွန်း
(၎င်းတို့၏အခွင့်ရကိုယ်စားလှယ် ဒေါ်မခင်ပု)
တရားလိုများ **တရားပြိုင်များ**

ကျောက်ဖြူမြို့၊ မြို့ချောင်းကျေးရွာနေ ဦးမောင်ကျော်ဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်ခင်စောရွှေ ပါ(၃)ဦးက အမွေပုံစီမံခန့်ခွဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဩဂုတ် ၁၉ ရက် မွန်းမတည့်မီ အချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဇွန် ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းဇော်ဦး)
ဒုတိယမြို့နယ်တရားသူကြီး၊ ကျောက်ဖြူမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၇၇)ရပ်ကွက်၊ ရွှေလီလမ်း၊ အမှတ် ၂၂၂၊ အကျယ်အဝန်းပေ(၄၀×၆၀)ခန့်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်သန်းသန်းဌေး ၁၂/လမတ(နိုင်)၀၁၆၆၇၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ချို (စဉ်-၈၄၇၈)
LEGAL CONSULTANT
ပြည်တော်သစ်အိမ်ခြံမြေနှင့် ဥပဒေအကြံပေးလုပ်ငန်း
အမှတ် ၁၂၉/၄၊ ဦးချစ်မောင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၄၀၁၂၉၄၊ ၀၉-၇၃၂၃၆၇၁၇၊ ၀၉-၇၃၂၄၃၉၈၂၊ ၀၉-၅၄၀၃၁၄၈

အယူတော်ခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
ပုသိမ်ခရိုင်တရားမရုံးတော်၌
၂၀၁၃ ခုနှစ် တရားမအယူခံမှုအမှတ်-၄

ဒေါ်မြမြဝေ **နှင့်** ၁။ ဒေါ်မြင့်မြင့်
၂။ ဒေါ်ခင်မာအေး
အယူခံတရားလို **အယူခံတရားပြိုင်များ**

၂၀၁၂ခုနှစ် ဒီဇင်ဘာ ၁၁ ရက်စွဲပါ ပုသိမ်မြို့နယ်တရားမရုံးတော်မှ တရားမကြီး ၁၀၂/၁၀ အမိန့်နှင့်ဒီကရီကို အယူတော်ခံမှု၊

အမှတ်(၂) အယူတော်ခံတရားပြိုင် ဒေါ်ခင်မာအေး အားကစားရွာ၊ ကိုးသိန်းကွင်း၊ ပုသိမ်မြို့ (ယခုနေရပ်လိပ်စာမသိ)နေသူ သိစေရမည်။

ယခုအမှုတွင် ပုသိမ်မြို့နယ်တရားမရုံးတော်က ချပေးသည့်ဒီကရီကို အယူခံတရားလို ဒေါ်မြမြဝေက အယူတော်ခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၊ ထိုအယူခံမှုကို ၂၀၁၃ ခုနှစ် ဇူလိုင် ၃၁ရက် (၁၃၇၅ ခုနှစ် ဝါဆိုလပြည့်ကျော် ၉ ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ရှုက်ဆောင်ရန် တရားဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက် ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ချိန်းထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာ သွင်းရမည်။

၂၀၁၃ ခုနှစ် ဇွန် ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကြူကြူစန်း)
ဒုတိယခရိုင်တရားသူကြီး (၂)၊ ပုသိမ်ခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ အနောက်တောင်မြို့နယ်၊ ပြည်ကြီးပျော်ဘွယ်ရပ်၊ ဦးပိုင်အမှတ်(၁၈/၁၉)၊ မြေကွက်အမှတ် ၂၅၆၊ ဧရိယာ ၀ ဒသမ ၃၁၇ ဧကမြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အဆောက်အအုံနှင့်တကွ တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ရှင် ဦးညီညီလွင် ၉/မမန(နိုင်)၀၀၀၈၆၆ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ ၁၀ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)
LL.B, D.B.L, D.M.L, D.I.L, D.L.P, WIPO (Switzerland)
ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)
B.Sc, Hon (IC), H.G.P, R.L, D.B.L
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၂၇၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၉၄၈၆၆၊ ၂၉၄၇၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏အမှုသည်များဖြစ်ကြသော ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မြလေးရုံလမ်း၊ တိုက်အမှတ်(၄၇၁/၄၇၃)၊ အခန်းအမှတ်-၀၀၃(မြေညီထပ်)၊ အခန်းအမှတ်-၁၀၃(ပထမထပ်)နေ ဦးမောင်အေး၊ (ဒေါ်သိန်းလှ-ကွယ်လွန်)တို့၏ သားသမီးများဖြစ်ကြသည့် (၁) ဒေါ်ရီရီတင့် ၁၂/တမန(နိုင်)၀၁၉၇၆၄၊ (၂) ဒေါ်သန်းသန်းရီ ၁၂/တမန(နိုင်)၀၅၉၅၆၊ (၃) ဒေါ်ထားထားရီ ၁၂/တမန(နိုင်)၀၀၂၁၈၈၊ (၄) ဦးမျိုးထွန်း ၁၂/တမန(နိုင်)၀၀၂၈၈၈၊ (၅) ဦးလင်းထွန်း ၁၂/တမန(နိုင်)၀၉၉၆၄၅၊ (၆) ဦးဇော်နိုင်ဝင်း ၁၂/တမန(နိုင်)၁၀၅၂၃၇တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါပစ္စည်းများနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ၎င်းမောင်နှမခြောက်ဦးတို့၏ အမွေမခွဲဝေရသေးသည့်ပစ္စည်းများဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၁။ မွန်ပြည်နယ်၊ မုတ္တမမြို့နယ်၊ ကျုံကကျေးရွာ၊ ကျုံကတောင်၊ ဦးပိုင်အမှတ် (၁၃၃)၊ ခြံအမှတ် (၈၉၅)ဟုခေါ်တွင်သော (ဒသမ၇၁)ဧကအကျယ်အဝန်းရှိ ဥယျာဉ်ခြံမြေ။
၂။ မွန်ပြည်နယ်၊ မုတ္တမမြို့နယ်၊ ကျုံကကျေးရွာ၊ ကျုံကတောင်၊ ဦးပိုင်အမှတ် (၁၂၀/၄)၊ ခြံအမှတ် (၈၉၅)ဟုခေါ်တွင်သော ဧရိယာ(ဒသမ၆၈)ဧက အကျယ်အဝန်းရှိ ဥယျာဉ်ခြံမြေ။
၃။ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ နတ္တိကျေးရွာ၊ ကျွဲဆွဲအင်း၊ ဦးပိုင်အမှတ် (N-၂၃)၊ ကွင်းအမှတ် (၉၅၀)ဟု ခေါ်တွင်သော(၄ဒသမ၃)ဧက အကျယ်အဝန်းရှိ ဥယျာဉ်ခြံမြေ။
၄။ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မြလေးရုံလမ်း၊ တိုက်အမှတ်-၄၇၁/၄၇၃၊ အခန်းအမှတ်-၀၀၃(မြေညီထပ်)နှင့်အခန်းအမှတ်-၁၀၃ (ပထမထပ်)။
၅။ ဒိုင်ဟတ်ဆု ပစ်ကပ်(အဖြူရောင်)ယာဉ်အမှတ်-အ/၇၈၀၆

အထက်ပါပစ္စည်းများနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏အမှုသည် မောင်နှမခြောက်ဦးတို့၏ အတိအလင်းသဘောတူညီချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်မှ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်း၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ ငှားရမ်းခြင်းအပါအဝင် အခြားနည်းဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ရန် သတိပေးတားမြစ်ပါသည်။ အကယ်၍ တားမြစ်ချက်ကိုမလိုက်နာပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလေးမြင့် (၂၈၃၅) M.A., H.G.P., R.L., D.B.L, D.I.L
ဒေါ်မျိုးဝဏ္ဏစမ်း LL.B (၈၁၁၇)
ဒေါ်အေးကလျာဦး (၉၁၈၃) LL.B, D.B.L
တရားလွှတ်တော်ရှေ့နေများ
အမှတ် (၅၀)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်
ဖုန်း-၀၉-၅၁၂၀၀၄၀၊ ၀၉-၅၁၈၃၈၈၂၊ ၀၉-၇၃၀၁၈၉၇၅



အညောင်းထိုင်ခြင်းသည် ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။
လမ်းလျှောက်ပါ ဆဝန္ဒမုန် သောက်ပါ
ဆီးဝမ်းလေမှန် ပေါ့ပါးကျန်းမာမည်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -2012(YR)004586 ကြော်ငြာခွင့်ပြုချက်အမှတ် -တဆဝဏ(စာနယ်ဇင်း)၁၄၀/၀၁၁၃

ဗောဓိထူး
ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

မြတ်ဗုဒ္ဓ၏(ဖွားးပွင့်၊ဟောစံ)၊အာဂရာ၊တပ်ချ်မဟာ၊နယူးဒေလီ၊ကိုးလ်ကတ္တား (၁၄ည/၁၅ရက်)ခရီးစဉ်အား ၂၀၁၃စက်တင်ဘာလမှ၂၀၁၄ဧပြီလအထိ လစဉ်စီစဉ်ထားပါသည်။ ရပ်ဝေး ရပ်နီးမှ လိုက်ပါမည့် မိဘပြည်သူများ မိမိနှစ်သက်ရာခရီးစဉ်တွင် လိုက်ပါနိုင်ရန် စရံငွေ(၁)သိန်း ပေးသွင်း၍ ကြိုတင် စာရင်းပေးနိုင်ပါသည်။ နိုင်ငံကူးလက်မှတ်သက်တမ်း (၆) လအထက်ရှိသူများ (၅၀၀၀၀) ကျပ်လျှော့ပေးပါမည်။ မိသားစုလိုက်၊အဖွဲ့လိုက်သွားလိုပါက အထူးစီစဉ်ပေးပါသည်။ ဗုဒ္ဓဂယာခရီးစဉ်တွင် အဖွဲ့လိုက် (၁၆)ဦး ပြည့်လျှင် (၁)ဦး အခမဲ့ပို့ဆောင်ပေးပါသည်။ ဝန်ဆောင်မှုများအတွက် စိတ်ပူစရာများမရှိစေရန်နှင့် စိတ်လက်ကြည်နူးစွာ ဘုရားဖူးနိုင်ရန် စီစဉ်ထားပါသည်။

သာသနာ့ဝန်ထမ်းများအား(၅၀၀၀၀)ကျပ်လျှော့ပေးပြီး ကုသိုလ်ဖြစ် ပို့ဆောင်ပေးလျက်ရှိပါသည်။

(၇ည/၈ရက်) ခရီး (၇.၅) သိန်းကျပ် ၊ (၁၄ည/၁၅ရက်) ခရီး (၉.၅) သိန်းကျပ် ။

၂၀၁၃-၂၀၁၄ ဗုဒ္ဓဂယာခရီးစဉ်ထွက်ခွာမည့်ရက်များ- Oct (18), Nov (11 ,17), Dec (13 , 29) , Jan (10 , 24), Feb (9 , 21), Mar (9), April (11 , 13 , 14)

ရန်ကုန်ရုံးချုပ် - အမှတ်(၂၆၄)၊ပန်းဆိုးတန်းလမ်း(ခုံးတံတားအနီး)၊ကျောက်တံတားမြို့နယ်။ ဖုန်း-၀၁-၃၇၇၈၁၄။ ၀၁-၃၇၈၄၆၅ ။
မန္တလေးမြို့ - အမှတ်(၁၃၅)၊၈၅လမ်း၊၃၃× ၃၄လမ်းကြား၊ ဖုန်း-၀၂-၆၄၉၅၉ ၊ ၀၉-၄၃၁၁၅၅၉၈။
အုန်းချော - ၀၉-၉၁၀၃၉၀၀၂။ မော်လမြိုင်မြို့- ဖုန်း-၀၉-၇၃၇၆၀၉၁၁။ လှိုင်းဘွဲ့မြို့ -ဖုန်း-၀၉-၅၆၆၁၇၁၄။
ပဲခူးမြို့ - ဖုန်း-၀၉-၅၃၀၀၁၇၁။ ဘားအံမြို့ - ဖုန်း-၀၉-၇၃၇၆၀၈၂၉။

'ဖွားးပွင့် ၊ဟောစံ'
သကြံန်အထူးခရီးစဉ်
(၇ည/၈ရက်) ခရီး
(၁၃ည/၁၄ရက်)ခရီး

စီးပွားရေးကြော်ငြာများ

ဦးနိုင်ဝင်း၊ ဦးကိုကိုစိုး
အားသစ် ဒုရဲအုပ် ဝင်ခွင့်
L.O(4) ဝင်ခွင့်
တစ်လပြတ် တန်းခွဲ
ဇူလိုင် (၆) စမည်
Daily-12:30-4:00(pm)
အနီးကပ် (၁၀)ရက်ပြတ်တန်းခွဲ
ဇူလိုင် (၄) ရက်စမည်
Daily - 9:00-12:00(am)
ဥပဒေအရာရှိ L.O(4) ဝင်ခွင့်နှင့်
ဒုရဲအုပ်ဝင်ခွင့် ရောသမမွှေ မသင်ပါ
၁၄၈(၄လွှာ)ဆိပ်ကမ်းသာလမ်း(အောက်)ပန်းဆိုးတန်းမှတ်တိုင်
09 450017415,09 500 1599, 09 8632973, 0973172556

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ ဆည်မြောင်းလမ်း၊ မြေကွက်အမှတ် ၆၈၂၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ ဦးရဲမြင့် CD-၀၁၅၁၅၄ အမည်ပေါက် နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ် တစ်ထပ်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ကြောင်း ဝန်ခံပြောဆိုသူ ဦးဖေတင် EC-၀၄၂၈၅၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းဇော်ထက် ၇/ကဝန(နိုင်)၀၈၆၂၅၄က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ပါမြေပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား အပြည့်အစုံနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသန်းဇော်ထက်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယဉ်ယဉ်ကြည် LL.B၊ အထက်တန်းရှေ့နေ(စဉ်-၃၀၀၂၂)
အမှတ် ၅၄၄၊ ဓမ္မာရုံလမ်း၂၀၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၃၁၁၄၆၅၄

☎:01-512443, 09-73017656
သန့်ရှင်းပြီး ပွဲတော်အုပ် အရောက်ပို့
မုသိမ်ပေါ်ဆန်းမွှေး
ကောင်းကောင်းလေးနော်
Ks . 33000

မိန်ရတနာ Riso မိတ္တူ၊ ကွန်ပျူတာ
-ကျပ် ၁သိန်း ဖိုးအထက်အားပေးသူများအား
5% discount အပြင်အိမ်တိုင်ရာရောက်ပို့ပေးပါသည်။
-ကျပ် ၅သောင်း ဖိုးအထက် အားပေးသူများအား 5% discount
၇၆၊ ၃၂လမ်း(အောက်)၊ ၃၈၈၁၁၅၊ ၀၉ ၅၁၀ ၂၇၅၀၊ ၀၉ ၇၃၀ ၂၉၉၆၉
အစုံ(၂၀၀)နှင့်အထက် A4ကျောကပ်(၁)မျက်နှာ ၅.၅ ကျပ်
အစုံ(၁၀၀)နှင့်အထက် A4ကျောကပ်(၁)မျက်နှာ ၆ကျပ်
Print 70gsm = 25ks
စာစီနှုန်း တစ်မျက်နှာ ၂၅၀ကျပ်

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ ကြွံခိုင်ရေးရပ်ကွက်၊ စကားဝါလမ်း၊ အမှတ် ၂၈နေ ကျွန်တော် ဦးထွန်းဝေနှင့် ကျွန်မ ဒေါ်မြင့်တို့၏သမီး မသဇင်အေး ၁၀/သဖရ(နိုင်)၁၀၆၀၀၉ သည် မိဘ၏ဆိုဆုံးမမှုကို မလိုက်နာသည့်အပြင် ကိုယ်စိတ်နှစ်ပါးစိတ်ဆင်းရဲအောင် ပြုလုပ်သွားပါသဖြင့် ၁၄-၆-၂၀၁၃ ရက်မှစ၍ ၎င်းကို သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပြီးဖြစ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝကိုလည်း မည်သို့မျှ တာဝန်ယူဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

(ဦးထွန်းဝေ) **(ဒေါ်မြင့်)**
၁၀/သဖရ(နိုင်)၀၀၅၁၀၈ **၁၀/သဖရ(နိုင်)၀၀၅၁၀၆**
အမှတ် ၂၈၊ စကားဝါလမ်း၊ ကြွံခိုင်ရေးရပ်ကွက်၊ သံဖြူဇရပ်မြို့၊ မွန်ပြည်နယ်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၁၆၀(ခ)၊ အကျယ်အဝန်းပေ၂၀×ပေ၆၀ ရှိ နှစ် ၆၀ ဂရန်မြေသည် ဒေါ်ခင်ကြည် ၁၂/ဥကတ(နိုင်) ၀၂၉၅၀၄ အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၆၀(ခ)၊ သူရ ၅လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်အမွေဆက်ခံပိုင်ဆိုင်နေထိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ကြေညာသူများဖြစ်သော (၁)ဒေါ်ကျင်ကျင်လှ၊ (၂)ဦးတင်စိုးတို့ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထွန်းလင်းအောင် LL.B.,D.B.L.,D.M.L **ဒေါ်ဖြူဖြူနိုင် LL.B.,D.B.L.,D.M.L**
တရားလွှတ်တော်ရှေ့နေများ
အမှတ်-၂၇/ဘီ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ် ၁၂၅၇ဂ်ီ၊ မြေကွက်တည်နေရာအမှတ်-၁၂၅၇ဂ်ီ၊ ဒေဝဒဟလမ်း၊ ၁၃ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ကြည် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ကြည်နှင့် ခင်ပွန်း ဦးဘသော်ကွယ်လွန်သဖြင့် ဦးစိန်ထွန်း ၁၂/ဥကမ(နိုင်) ၀၇၆၃၀၄က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ်-၆၄၆၂ (၂၆-၄-၁၃)ဖြင့် အထွေထွေကိုယ်စားလှယ် ဒေါ်ဖြူဖြူဝင်းဆွေ ၆/မအရ(နိုင်) ၀၀၀၂၁၅ က မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် သကမ-၁၆၊ မြေကွက်အမှတ် ၁၁၉၂/ခ၊ မြေကွက်တည်နေရာအမှတ် ၁၁၉၂/ခ၊ ဗိုလ်အောင်ကျော်လမ်း၊ ၁၈ ရပ်ကွက်၊ လှိုင်သာယာမြို့နယ် ဦးအောင်ဟန် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဖခင် ဦးအောင်ဟန်နှင့် မိခင်ဒေါ်မြင့်မြင့်ဝင်း ကွယ်လွန်သဖြင့် ဦးသက်ထိုက်အောင် ၁၂/လသယ (နိုင်)၀၃၈၀၈၄က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇ဒီ၊ မြေကွက်အမှတ် ၆၅၊ မြေကွက်တည်နေရာအမှတ် ၄၆-ဘီ၊ အကျယ်အဝန်း ၀ ဒသမ ၀၄၀ ဧက၊ ဦးရွှေဥွန်းလမ်း၊ (၇)ရပ်ကွက်၊ မတင်ကြည်နှင့် မစိန်ခင် အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား ဒေါ်ချိုချိုမှ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၈/၂၀၁၃ဖြင့် ဒေါ်အေးသန်း၊ ဒေါ်သန်းသန်းဦးတို့အား မြေကွက်၏ ထက်ဝက်တိတိနှင့် မြေပေါ်ရှိ အဆောက်အအုံအား ပဋိညာဉ်ပါအတိုင်း မြေနှင့်အိမ်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုရာ ယင်းရုံး၏ ၄-၂-၂၀၁၃ စီရင်ချက်နှင့် အနိုင်ဒီကရီ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ တရားမဇာရီမှုအမှတ် ၂၄/၂၀၁၃(၂၅-၂-၂၀၁၃) ရက်စွဲပါအမိန့်တို့ကိုတင်ပြ၍ တရားရှုံးများ(ဒေါ်အေးသန်း၊ ဒေါ်သန်းသန်းဦး)တို့ကိုယ်စား ဘီလစ်ဒေါ်နှင်းဝင့်ဝင့်ဖြူမှ မြေဧရိယာ ၀ ဒသမ ၀၄၀ ဧက၏ ထက်ဝက်တိတိ(Portion)အား ဂရန်မူရင်းတင်ပြပြီး အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း(ရှိုးမရိပ်သာလမ်း)၊ အမှတ် ၆၂၁/က ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၇၇၊ မြေကွက်အမှတ် ၅ဘီ/၂၊ မြေဧရိယာ ၀ ဒသမ ၄၀၀၈ဧကရှိ မြေပိုင်မြေ၊ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသည့် ဒေါက်တာဦးလှအောင် ၁/မကန(နိုင်) ၀၁၄၄၃၆နှင့် ဒေါက်တာဒေါ်တင်အေး ၁၂/ကမရ(နိုင်)၀၂၃၉၅၄တို့က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးရီ LL.B **ဒေါ်လှလှနိုင် LL.B**
တရားလွှတ်တော်ရှေ့နေ(၄၃၇၃) **တရားလွှတ်တော်ရှေ့နေ(၅၄၁၀)**
အမှတ်(၉/၁၁)၊ အခန်းအမှတ် ၂၀၁A၊ ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အထွေထွေကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်းခွင့်မရှိကြောင်း ဦးသိန်းထွန်းနောင် ၉/ဝတန(နိုင်)၀၀၀၅၃၅ သိစေရန် တုံ့ပြန်ကြေညာခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့၊ ဝမ်းတွင်း(၃)ရပ်ကွက်၊ ကွင်းအမှတ် ၁၄၆၇၊ ဦးပိုင်အမှတ် (၃၃၂/၂)၊ မြေကွက်အမှတ် ၁၃၂၊ ဧရိယာ ၀ ဒသမ ၃၂ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်များအားလုံး၊ ဦးပိုင်အမှတ် (၃၃၁/၃)၊ မြေကွက်အမှတ် ၁၂၉၊ ဧရိယာ ၀ ဒသမ ၅၉ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို မေတ္တာဖြင့် အိမ်ဝိုင်းမြေအပြီးအပိုင်ပေးကမ်းခြင်း စာချုပ်အမှတ်(၈၂/၂၀၁၂)နှင့် ၈၃/၂၀၁၂တို့အရ ပိုင်ဆိုင်သူ ဦးသိန်းထွန်းနောင်ထံမှ ၎င်းပိုင်ဆိုင်ရရှိထားသော မြေနှစ်ကွက်နှင့် အဆောက်အအုံများကို ၁၀-၁၁-၂၀၁၂ရက်တွင် **မြေကွက်နှစ်ကွက်နှင့် အဆောက်အအုံများ အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်**ချုပ်ဆို၍ ဒေါ်ခိုင်ဇင်ဝင့်ရှိန်က အပြီးအပိုင်ဝယ်ယူခဲ့ပြီး အဆိုပါမြေနှစ်ကွက်နှင့် အဆောက်အအုံများနှင့်တကွ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများကို လက်ရောက်ရယူခဲ့ပြီး ဖြစ်ပါသည်။

၂။ ဦးသိန်းထွန်းနောင်က အထက်အပိုဒ်(၁)ပါ မြေကွက်နှစ်ကွက်နှင့် အဆောက်အအုံများကို ဒေါ်ခိုင်ဇင်ဝင့်ရှိန်သို့ အပြီးအပိုင်ရောင်းချခြင်းနှင့်စပ်လျဉ်းပြီး ဝမ်းတွင်းမြို့၊ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဦးစီးဌာန၌ မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်ကိစ္စအပါအဝင် ဒေါ်ခိုင်ဇင်ဝင့်ရှိန်က အဆိုပါပစ္စည်းများအပေါ် အမည်ပေါက်စေရန်အတွက် သက်ဆိုင်ရာရုံးဌာနများတွင် ဆောင်ရွက်ရန်ရှိသောကိစ္စအရပ်ရပ်တို့ကို ရောင်းချသူ ဦးသိန်းထွန်းနောင်၏ ကိုယ်စားဆောင်ရွက်နိုင်ရန် ဒေါ်ခိုင်ဇင်ဝင့်ရှိန်၏ ခင်ပွန်းဖြစ်သူ ဦးကိုကိုလင်းမောင်အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်၌ မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၁၈၀၃၅/၁၂)ဖြင့် ၉-၁၁-၂၀၁၂ရက်က ကိုယ်စားလှယ်လွှဲအပ်ခဲ့ခြင်း ဖြစ်ပါသည်။

၃။ ဦးကိုကိုလင်းမောင်က အဆိုပါ ဦးသိန်းထွန်းနောင်လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာဖြင့် အထက်ပိုဒ်(၁)ပါပစ္စည်းများအား ဒေါ်ခိုင်ဇင်ဝင့်ရှိန်သို့ ရောင်းချသည့် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန်အတွက် ၁၄-၆-၂၀၁၃ရက်တွင် ဝမ်းတွင်းမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဦးစီးဌာန၌ ဝင်စာအမှတ် ၂၃၈ ဖြင့် ဆောင်ရွက်လျက်ရှိစဉ် ဦးသိန်းထွန်းနောင်က အဆိုပါအထွေထွေကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်းကြောင်းဖြင့် ၂၇-၆-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၌ ထည့်သွင်းကြေညာခြင်းဖြစ်ပါသည်။

၄။ ဦးကိုကိုလင်းမောင်သည် ဇနီးဖြစ်သူ ဒေါ်ခိုင်ဇင်ဝင့်ရှိန်က အထက်ပိုဒ်(၁)ပါ ပစ္စည်းများကို ဦးသိန်းထွန်းနောင်ထံမှ ဝယ်ယူခဲ့ရာ၌ ထိုပစ္စည်းများအပေါ် အကျိုးသက်ဆိုင်မှုရှိနေသည့်အပြင် ဦးသိန်းထွန်းနောင်က ထိုအထွေထွေကိုယ်စားလှယ်လွှဲစာကို ၎င်းရောင်းချသော အထက်ပိုဒ်(၁)ပါ ပစ္စည်းများနှင့်စပ်လျဉ်းပြီး မှတ်ပုံတင်စာချုပ်ချုပ်ရန်ကိစ္စအပါအဝင် အခြားလိုအပ်သည့်ကိစ္စများ ဆောင်ရွက်နိုင်ရန်အလို့ငှာ လွှဲအပ်ခြင်းဖြစ်ပါသဖြင့် ထိုကိုယ်စားလှယ်လုပ်ငန်းမပြီးဆုံးမီ တစ်နည်းအားဖြင့် ဒေါ်ခိုင်ဇင်ဝင့်ရှိန်သို့ ယင်းအပိုဒ်(၁)ပါ ပစ္စည်းများရောင်းချသည့် မှတ်ပုံတင်စာချုပ်ချုပ်ဆိုခြင်း၊ အမည်ပေါက်ဆောင်ရွက်ခြင်းများ မပြီးပြတ်မီ ဦးကိုကိုလင်းမောင်သို့ လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာကို ဦးသိန်းထွန်းနောင်အနေဖြင့် **ပဋိညာဉ်အက်ဥပဒေပုဒ်မ-၂၀၂ အရ ပြန်လည်ရုပ်သိမ်းခွင့်မရှိကြောင်း** တုံ့ပြန်ကြေညာအပ်ပါသည်။

ဦးကိုကိုလင်းမောင် **ဒေါ်ခိုင်ဇင်ဝင့်ရှိန်**
၉/ဝတန(နိုင်)၀၀၀၂၁၅ **၁၂/လမတ(နိုင်)၀၂၅၆၉၃**
တိုက်(H)၊ အခန်း(၁၀၁)၊
မနော်ဟရီရိပ်သာ၊ ဗဟိုလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သက်ဆိုင်သူများသိစေရန်

ရန်ကုန်မြို့၊ အမှတ် ၆၊ သစ်တောလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်ရှိ (၁၅×၅၀)ပေ အကျယ်အဝန်းရှိ သုံး/လေးလွှာ(ညာဘက်ခြမ်း)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိသူ ဦးအောင်အောင် ၁၀/ကထန(နိုင်)၀၉၂၅၉၄ ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှဝေ(စဉ်-၇၁၂၄) **ဒေါ်ဖြိုးဖြိုးမြင့်(စဉ်-၂၉၈၁၂)**
ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဉ်-၈၇၉၁) **အထက်တန်းရှေ့နေ**
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၀၅၄၃၄၊ ၀၉-၇၃၂၀၃၂၆၀၊ ၀၉-၄၃၁၁၅၄၃၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၈/၁၂ရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ် ၂၉၆၊ နှစ် ၆၀ဂရန်မြေကွက်၏ အမည်ပေါက်ပိုင်ရှင် ဦးချစ်ဆွေ ၁၂/သကတ(နိုင်) ၀၃၅၇၂၂ ထံမှ တရားဝင်ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်လျက်ရှိသူ ဦးကျော်ဝင်းမောင် ၁၄/မအပ(နိုင်)၁၆၆၁၆၈ ထံမှ ဦးအောင်စွာ ၁၂/လမန(နိုင်)၀၀၂၅၄၇ က ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ရာ ပိုင်ဆိုင်မှုနှင့်ပတ်သက်သူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကြော်ငြာစာပါပြီး တစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ခင်မာလာ LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)
တိုက် ၅၊ အခန်း ၀၀၈၊ အေးရိပ်မွန် ၉ လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်
ဖုန်း-၀၉-၅၁၈၁၈၂၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၈၊ မြေကွက်အမှတ် ၃၀၊ ဧရိယာ ၀ ဒသမ ၀၅၈ဧက၊ နှစ် ၆၀ဂရန်မြေပေါ်ရှိ အမှတ် ၁၇၊ အောင်ရတနာလမ်း၊ (၂၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အမည်ပေါက်ပိုင်ရှင် ဒေါ်အေးမာလာစန်း ၁၂/ဗဟန(နိုင်)၀၅၃၇၄၂မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကောင်းမြတ်ဇော် **ဦးသန့်ဇော်**
အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅) **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ နီလာ ၁လမ်း၊ အမှတ် ၆၇၅ နေ ဒေါ်နှင်းသူဇာထူး ၁၂/တမန(နိုင်)၀၀၀၃၀၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေပိုင်ဆိုင်သော ယာဉ်အမှတ် ကက/၆၀၃၂၊ ယာဉ်အမျိုးအစား (တိုယိုတာကိုရိုနာ)၏ ယာဉ်မှတ်ပုံတင်စာအုပ်မူရင်း၊ ယာဉ်နှင့်ပတ်သက်သော အခြားအရေးကြီး စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် ကျွန်ုပ်မိတ်ဆွေက သက်ဆိုင်ရာရုံးများ၌ ယာဉ်မှတ်ပုံတင်စာအုပ်ကို ပြန်လည်လျှောက်ထားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်မိတ်ဆွေထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်နွယ်နီအေး LL.B
အထက်တန်းရှေ့နေ
ဖုန်း-၀၉-၇၃၁၈၈၀၇၂၊ အမှတ် ၃/၂၀၆၊ ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၃၊ မြေကွက်အမှတ် ၂၆၁၊ မြေကွက်တည်နေရာအမှတ် ၂၆၁၊ ၁၃၃ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ ဒေါ်မြတင်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်မြတင်ထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးအောင်အောင်လှိုင် ၁၂/ဒဂရ(နိုင်)၀၀၃၇၁၃ က ပါမစ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် (၂၅၆/ခ)၊ မြေကွက်တည်နေရာအမှတ်(၂၅၆/ခ)၊သိင်္ဂီ၂လမ်း/တောင်၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးခင်မောင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်အေးသန့် ၁၂/သကတ(နိုင်) ၀၀၆၄၄၄ က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်၊ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စီးပွားရေးကြော်ငြာများ

ဇေရာဝတီဒဏ္ဍာရီခရီးသွားလုပ်ငန်းကုမ္ပဏီနှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ဒေါ်အိမြမြတ်ဖြိုး(ဘ)ဦးမင်းအောင် ၁၂/မရက(နိုင်)၁၃၄၆၅၈ အမှတ် ၂၂/က၊ ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၏ လွှဲအပ်ညွှန်ကြားချက်အရ ဇေရာဝတီဒဏ္ဍာရီခရီးသွားလုပ်ငန်းကုမ္ပဏီနှင့် အများသိရှိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

၁။ ဇေရာဝတီဒဏ္ဍာရီခရီးသွားလုပ်ငန်းကုမ္ပဏီ၏ လွှဲအပ်ညွှန်ကြားချက်အရ ဇေရာဝတီဒဏ္ဍာရီခရီးသွားလုပ်ငန်းကုမ္ပဏီ၏အကျိုးဆောင်ရှေ့နေများက ၁၆-၆-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ အသိပေးကြေညာချက်များသည် လုံးဝမမှန်ကန်ပါ။

၂။ ဒေါ်အိမြမြတ်ဖြိုးသည် ဇေရာဝတီဒဏ္ဍာရီခရီးသွားလုပ်ငန်းကုမ္ပဏီ၏ လက်ထောက်စာရင်းကိုင်ဝန်ထမ်းငယ်တစ်ဦးသာဖြစ်ပါသည်။ စာရင်းကိုင်၊ စာရင်းကိုင်ချုပ်တို့၏ ကြီးကြပ်တာဝန်ယူမှုဖြင့်သာ စာရင်းကိုင်၊ စာရင်းကိုင်ချုပ်တို့၏ တာဝန်ပေးစေခိုင်းသည့် စာရင်းဇယားကိစ္စများကိုသာ တာဝန်ယူလုပ်ဆောင်ရပါသည်။ ငွေကြေးကိစ္စများကို ကိုင်တွယ်သုံးစွဲလုပ်ဆောင်ရန် တာဝန်မရှိပါ။

၃။ ကုမ္ပဏီ၏ တာဝန်ပေးစေခိုင်းမှုကြောင့် ရံဖန်ရံခါ ကူညီလုပ်ဆောင်ပေးရသည့် လေယာဉ်လက်မှတ်ဝယ်ယူခြင်းကိုလည်း ကုမ္ပဏီဝန်ထမ်းများနှင့်အဖွဲ့လိုက်လုပ်ဆောင်ပြီး တစ်နေ့ချင်း၊ လုပ်ငန်းတစ်ခုချင်းအလိုက် စာရင်းကိုင်၊ ငွေကိုင်များသို့ ရှင်းလင်းတင်ပြပြီး ပိုငွေများကိုလည်း ပြန်လည်အပ်နှံခဲ့ပါသည်။ စာရင်းကိုင်၊ ငွေကိုင်တို့၏ ကြီးကြပ်မှုဖြင့် အဖွဲ့လိုက်ဆောင်ရွက်ရသောကိစ္စဖြစ်သည့်အပြင် တစ်နေ့ချင်းအလိုက် စာရင်းရှင်းလင်းတင်ပြရသောကိစ္စဖြစ်ပါသည်။ ကာလအလိုက်၊ လုပ်ငန်းအလိုက် စာရင်းစစ် စစ်ဆေးပြီးဖြစ်၍ ငွေစာရင်းကွာဟမှုမဖြစ်ပါ။ ထို့ကြောင့် သတင်းစာပါဒေါ်အိမြမြတ်ဖြိုးတာဝန်ယူခဲ့သည့် ၁-၇-၂၀၁၀မှ ၃၀-၄-၂၀၁၃ရက်အထိ ကာလတစ်လျှောက် ငွေစာရင်းကွာဟမှုများဖြစ်ပေါ်နေသည်ဟူသော ဖော်ပြချက်မှာ လုံးဝမမှန်ကန်ပါ။

၄။ ဒေါ်အိမြမြတ်ဖြိုးသည် ကျန်းမာရေးအခြေအနေကြောင့် ကုမ္ပဏီဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ရန်မဖြစ်နိုင်သောကြောင့် ၃၀-၄-၂၀၁၃ ရက်တွင် နုတ်ထွက်စာတင်ပြီး ကုမ္ပဏီက နုတ်ထွက်ခွင့်ပြု၍ စာရင်းကိုင်ချုပ်ညွှန်ကြားချက်အတိုင်း အဆင့်တူလက်ထောက်စာရင်းကိုင်တစ်ဦးသို့ လုပ်ငန်းတာဝန်များနှင့် စာရင်းဇယားများကို စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ကာ ကုမ္ပဏီမှ နုတ်ထွက်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် သတင်းစာပါ နောက်ပိုင်းတွင် ကျန်းမာရေးကို အကြောင်းပြု၍ ကုမ္ပဏီရုံးခန်းသို့ လာရောက်ခြင်းမရှိတော့ပါ ဟူသောဖော်ပြချက်မှာ လုံးဝမမှန်ကန်ပါ။

၅။ ဇေရာဝတီဒဏ္ဍာရီခရီးသွားလုပ်ငန်းကုမ္ပဏီသည် ဒေါ်အိမြမြတ်ဖြိုး၏ နေရပ်လိပ်စာကို သိရှိပါလျက် ကုမ္ပဏီမန်နေဂျာ ကိုယ်တိုင်ဒေါ်အိမြမြတ်ဖြိုး၏နေအိမ်သို့ ဝင်ထွက်သွားလာခြင်း ပြုနေပါလျက် ဒေါ်အိမြမြတ်ဖြိုးအား ဆက်သွယ်ရေးနည်းလမ်းမျိုးစုံဖြင့် ဆက်သွယ်ခေါ်ယူနိုင်ပါလျက် ထွက်ပြေးတိမ်းရှောင်နေသည့် လိပ်စာပျောက်ဝန်ထမ်းတစ်ဦးသဖွယ် သတင်းစာမှ ကြော်ငြာခေါ်ယူခြင်းမှာ ဒေါ်အိမြမြတ်ဖြိုး၏ဂုဏ်သိက္ခာကို ကျဆင်းညှိုးနွမ်းစေပါသည်။ အသရေပျက်စေပါသည်။

၆။ သတင်းစာပါ ကြော်ငြာတွေ့ရှိသူတစ်ဦးမှ ဒေါ်အိမြမြတ်ဖြိုးထံ အကြောင်းကြားချက်အရ ၂၄-၆-၂၀၁၃ ရက်တွင် ကုမ္ပဏီသို့သွားရောက်ဖြေရှင်းခဲ့သော်လည်း ၂၆-၆-၂၀၁၃ ရက်သို့ ပြန်လည်ချိန်းဆိုခဲ့ပါသည်။ ၂၆-၆-၂၀၁၃ ရက်တွင် ကုမ္ပဏီမှ မန်နေဂျာ၊ စာရင်းကိုင်ချုပ်၊ ငွေကိုင်၊ ကုမ္ပဏီရှေ့နေတို့ကို အသင့်စီစဉ်ထားရှိပြီး ဒေါ်အိမြမြတ်ဖြိုးအပေါ် ငွေကြေးကွာဟသည်ဟု စွပ်စွဲမှုသာပြုပါသည်။ ဒေါ်အိမြမြတ်ဖြိုးက ထိုစဉ်မှ အတူတာဝန်ယူသည့် ဝန်ထမ်းများကို ခေါ်ယူပေးရန်နှင့် ထိုဝန်ထမ်းများစုံညီရှိမှသာ ဖြေရှင်းနိုင်မည်ဖြစ်ကြောင်းနှင့် လိုအပ်သည့်စာရွက်စာတမ်းအထောက်အထားအပြည့်အစုံတောင်းဆိုခဲ့သော်လည်း မဆောင်ရွက်ပေးခဲ့ပါ။ ထို့ပြင် ၎င်းတို့၏စွပ်စွဲမှုကို ခုခံငြင်းဆန်နေလျှင် ရှိသည့်အထောက်အထားဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆/၄၀၈ဖြင့် တရားစွဲဆိုမည်ဖြစ်ကြောင်း ကုမ္ပဏီရှေ့နေမှ ပြောခဲ့ပါသည်။

၇။ ငွေစာရင်းကွာဟနေသည်ဟူသော ကုမ္ပဏီ၏ တစ်ဖက်သတ်စွပ်စွဲချက်အပေါ် အမှန်တကယ်ငွေကွာဟခြင်း ဟုတ်/မဟုတ်မပေါ်လွင်သေးမီကွာဟကြောင်း ပေါ်လွင်လျှင်လည်း ကွာဟငွေနှင့်ပတ်သက်၍ ဒေါ်အိမြမြတ်ဖြိုး ဥပဒေအရ တာဝန်ရှိကြောင်း ပေါ်လွင်ထင်ရှားခြင်းမရှိသေးမီ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၄၀၆/၄၀၈ဖြင့် တရားစွဲဆိုမည်ဖြစ်ကြောင်း ပြောဆိုခြင်းသည် ဥပဒေနှင့်ညီညွတ်မှုတမှန်ကန်မှုမရှိပါ။ ဥပဒေနှင့် ဆန့်ကျင်နေပါသည်။

၈။ ဒေါ်အိမြမြတ်ဖြိုး ကုမ္ပဏီဝန်ထမ်းအဖြစ် တာဝန်ယူခဲ့စဉ်ကာလအတွင်း အတူလုပ်ဆောင်သည့်ဝန်ထမ်းများကို ကုမ္ပဏီမှခေါ်ယူပေးပြီး ထိုဝန်ထမ်းများနှင့်အတူ စာရွက်စာတမ်းအပြည့်အစုံဖြင့် သက်ဆိုင်ရာလူကြီးများရှေ့တွင် အစိုးရလက်မှတ်ရ စာရင်းကိုင်၊ စာရင်းစစ်များ၏ စစ်ဆေးမှုဖြင့် ထိုစာရင်းများကို တာဝန်ယူဖြေရှင်းပေးရန် အဆင်သင့်ရှိကြောင်း၊ ကုမ္ပဏီမှငွေများကွာဟသည်ဟူသော စွပ်စွဲဖော်ပြချက်မှာ ဖြေရှင်းမှုမပြုရသေးမီ ဒေါ်အိမြမြတ်ဖြိုးဥပဒေအရ တာဝန်ရှိကြောင်း မပေါ်လွင်သေးမီ ဥပဒေအရ တရားစွဲဆိုရန် အကြောင်းလုံးဝမပေါ်ပေါက်ကြောင်း အသိပေးရှင်းလင်းအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ခနေဖြူ ဦးသန်းဆွေ
LL.B, H.G.P, ADVOCATE
တရားလွှတ်တော်ရှေ့နေကြီး (စဉ်-၂၈၆၈)
အမှတ် ၁၆/က၊ နတ်မောက်လမ်း (ကန်တော်ကြီးကန်ပတ်လမ်း)၊
တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၈၅၃၄၅၃၆၊ ၀၉-၄၂၅၂၇၇၅၂၄

အသိပေးအကြောင်းကြားခြင်းနှင့် ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့၊ ခမေကြီးကျေးရွာရှိ အရှေ့ဘက်တွင် ဦးအေးလွင် အိမ်ခြံ၊ အနောက်ဘက်တွင် ဒေါ်အေးမြင့် အိမ်ခြံ၊ မြောက်ဘက်တွင် လူသွားလမ်း၊ တောင်ဘက်တွင် လှည်းလမ်း အလား(၄)ရပ်အတွင်းရှိ မျက်နှာဝအကျယ်၇၆ ပေ ×ပေ ၁၃၀ အကျယ်ရှိ ကြခတ်ပင်နှင့် ကုက္ကိုပင်ထိပ်တို့ကြားရှိ မြေကွက်အား ၂၄-၃-၂၀၀၆ (၁၃၆၇ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ရက်)တွင် သက်သေများရှေ့၌ ငွေ၅၀၀၀၀၀ိ/-(ကျပ်ငါးသိန်းတိတိ)ပေးချေ၍ ဦးသန်းငြိမ်း(ဘ)ဦးဘမောင်က တစ်ရွာတည်းနေ ဒေါ်အေးမြင့်(ဘ)ဦးထွန်းရှင်ထံမှ ဝယ်ယူပြီး လက်ရောက်ရယူ၍ အခိုင်အမာအိမ်ဆောက်လုပ်ပြီး လက်ရှိတစ်ဆက်တည်းနေထိုင်ခဲ့ပါသည်။ ကျွန်ုပ်အမှုသည် ဦးသန်းငြိမ်း မိသားစုလုံခြုံရေးအတွက် လက်ရှိနေထိုင်ဝယ်ယူ ပိုင်ဆိုင်ထားသော မြေနေရာအား ခြံစည်းရိုးခတ်မည်ဖြစ်ပါသည်။ကန့်ကွက်လိုပါကဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ဦးသန်းငြိမ်းမိသားစုအခိုင်အမာ အခြေတကျ တည်ဆောက်ထားသော အဆောက်အအုံအား ထိခိုက်နစ်နာမှုများဖြစ်အောင် ပြုလုပ်ပါက ပြုလုပ်သူသည် ကျွန်ုပ်အမှုသည် နစ်နာမှုအတွက် ပေးလျော်ရမည်ဖြစ်ကြောင်း ဒေါ်အေးမြင့်နှင့်အမွေစား၊ အမွေခံသက်ဆိုင်သူများအပြင် အများသိရှိနိုင်ရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဒေါ်အေးယုနိုင်
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၁၂)
အမှတ်(၁၂)၊ ကမ်းနားလမ်း၊ ကော့ပြတ်ပိုင်း၊ သနပ်ပင်မြို့၊ ပဲခူးတိုင်းဒေသကြီး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၂၅/က၊ မြေကွက်အမှတ်(၇၆/က A-၁)(၇၅/၁)(၇၆/၁ B)နှင့် မြေတိုင်းရပ်ကွက်အမှတ် (၅၂၅/က)၊ မြေကွက်အမှတ် (၂)(၃)(၄)၊ မြေကွက်တည်နေရာ ရန်ကုန်-ပြည်လမ်း၊ မင်္ဂလာဒုံမြို့နယ် Bမြေ ၃(ခ)ရပြီးမြေအား အမည်ဒေါက်တာစိုင်းဆမ်ထွန်း ၁၃/လရန(နိုင်)၀၁၃၃၈၄ ကိုယ်တိုင် အရောင်းအဝယ်စာချုပ်အမှတ် ၈၆၄(၃-၃-၂၀၀၃)၊ ၂၆၈၁(၁၂-၉-၂၀၀၁)၊ ၄၈၀(၂၅-၂-၁၉၉၉)၊၅၃၃၁(၂၇-၁၀-၉၇)တို့၏မိတ္တူမှန်တင်ပြ၍ ဌာနဆိုင်ရာတင်ပြရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၅၊ မြေကွက်အမှတ် ၁၀၈၊မြေကွက်တည်နေရာအမှတ်-၁၀၈၊ သုဓမ္မာလမ်း၊ (၄၅)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဒေါ်အေးအေး ၁၂/ဥကမ(နိုင်)၀၉၄၁၁၄ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်အေးအေးက ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အမှတ် ၁၂၆၊ စိမ်းလဲ့သာယာလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ မြေကွက်အမှတ် ၁၂၆၊ ဧရိယာ ၀.၀၃၁ ဧက ၀၅၅ ဧကရှိ နှစ် ၆၀ဂရန်မြေသည် ဦးထွန်းရင် CD-၀၁၆၈၀၃ အမည်ပေါက်ဖြစ်ပါသည်။ အမည်ပေါက်ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ ဇနီးဒေါ်တင်ရွှေ ၁၂/ကတတ(နိုင်)၀၁၁၉၂၀ထံမှ အဆိုပါမြေနှင့်မြေပေါ်ရှိ နှစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှဝေ(စဉ်-၇၁၂၄) **ဒေါ်ဖြိုးဖြိုးမြင့်(စဉ်-၂၉၈၁၂)**
ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဉ်-၈၇၉၁) **အထက်တန်းရှေ့နေ**
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၀၅၄၃၄၊ ၀၉-၇၃၂၀၃၂၆၀၊ ၀၉-၄၃၁၁၅၄၃၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အမှတ် ၆၉၉၊ သမိန်ဗရမ်းလမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် ၃၆၊ မြေကွက်အမှတ် ၆၉၉၊ ဧရိယာ ၀.၀၃၁ ဧက ၀၅၉ဧကရှိ နှစ် ၆၀ဂရန်မြေသည် ဦးသောင်းလွင်အမည်ပေါက်ဖြစ်ပါသည်။ အမည်ပေါက်ကွယ်လွန်သဖြင့်ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်မှတ်ပုံတင်အမှတ် ၆၉၇၄/၂၀၁၁နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်-၁၁၁၅/၂၀၁၂ တို့ဖြင့် အဆိုပါမြေနှင့်မြေပေါ်ရှိ နှစ်ထပ်တိုက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိသူ ဦးနေမျိုးဝင်း ၁၂/ကတတ(နိုင်)၀၂၆၃၉၀ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုး၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှဝေ(စဉ်-၇၁၂၄) **ဒေါ်ဖြိုးဖြိုးမြင့်(စဉ်-၂၉၈၁၂)**
ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဉ်-၈၇၉၁) **အထက်တန်းရှေ့နေ**
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၀၅၄၃၄၊ ၀၉-၇၃၂၀၃၂၆၀၊ ၀၉-၄၃၁၁၅၄၃၂

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၈၇)၊ မြေကွက်အမှတ် (၉၀၁/က) အမည်ပေါက်ဦးချစ်သိန်း အိုင်အက်စ်အန်-၄၆၇၈၄၅ ၏ မြေကွက်အား ဦးမောင်မောင်အေး ၁၂/လသန(နိုင်) ၀၂၀၃၈၉က မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမှုရင်းတင်ပြ၍ ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါကမြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကလေးနာမည်ပေး
ကွန်ပျူတာပုရောဟိတ်
ကြိုစကတ္တစာတာအားအပြည့်အစုံစစ်ဆေးပေးနိုင်
ယောစာတမ်း(၃၄)မျက်နှာ/ကလေးနာမည်(၁၅၀)ကျော်
0931079394 095179128
၂၂၀(ပ)ထပ်၃၇လမ်း(ထက်)ရန်ကုန်

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ် ၁၆၉ အမည်ပေါက် ဗိုလ်ကြီးအောင်ဇော်ထိုက် ၇/မခန(နိုင်)၀၁၈၂၃၃သည် မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမှုရင်းတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်ခြင်းမရှိပါကမြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊တာမွေမြို့နယ်၊တာမွေကြီး(ခ)ရပ်ကွက်၊ကျိုက္ကဆံလမ်း၊ကျိုက္ကဆံအိမ်ရာ၊စုပေါင်းအဆောက် အအုံတိုက်အမှတ်(၃)၊ဒုတိယထပ်၊အခန်းအမှတ်(၂၀၃)အားပိုင်ဆိုင်ထားသည့်နိုင်ငံသားစိစစ်ရေးကတ် အမှတ် ၁၂/ဥကတ(နိုင်)၁၀၃၄၉၈ ကိုကိုင်ဆောင်သူ ဒေါ်ခင်ကျော့ကျော့လှိုင်ထံမှနိုင်ငံသားစိစစ်ရေးကတ်အမှတ်၁၂/အဂန(နိုင်)၀၀၄၃၃၁ ကိုကိုင်ဆောင်သူ ဦးကျော်တင့်မှ ဝယ်ယူရန် စရန်ငွေချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့် ကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် ကန့်ကွက်သူမရှိပါက ဆက်လက် ဆောင်ရွက်ပါမည်။

ဦးကျော်တင့် တိုက်(၆/၃၃၅)၊ကျိုက္ကဆံအိမ်ရာ၊ တာမွေမြို့နယ်၊ ဖုန်း ၀၉၅၀၀၃၆၁၈/ ၄၀၁၁၂၂/၄၀၁၁၂၇/၄၀၁၁၂၈/လိုင်းခွဲ ၃၄၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၇၀၉၊ အမည်ပေါက် ဗိုလ်မှူးစိုင်းဖုန်း ၁၁/ရစန(နိုင်)၀၁၀၇၁၆ က မြေချပါမစ် ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့်ကန့်ကွက်ရန်ရှိပါကဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထား မှုရင်းတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/၃၊ မြေကွက်အမှတ် ၁၂၀/၁၊ မြေကွက်တည်နေရာ အမှတ် ၁၂၀/၁၊(၁၄/၃)ရပ်ကွက်၊တောင်ဥက္ကလာပ ဦးချစ်ရွှေ၊ ဒေါ်မြတ်သန္တာဝင်း အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးချစ်ရွှေ ၁၂/ဒလန (နိုင်)၀၀၀၃၈၄၊ ဒေါ်မြတ်သန္တာဝင်း ၁၂/ဗတထ(နိုင်)၀၃၁၇၄၁တို့က ၎င်းတို့၏ မှတ်ပုံတင်မူရင်းနှစ်ခု၊အိမ်ထောင်စုလူဦးရေစာရင်းတစ်စောင်၊ဤဌာနမှထုတ်ပေးထားသော အရောင်းအဝယ်စာချုပ်ရန်မြေပုံနှင့် မြေရာဇဝင်မူရင်းတစ်စုံ၊၎င်းတို့၏အမည်ပေါက်ဂရန်မူရင်း(၁)အုပ်ပျောက်ဆုံးကြောင်း တရားရုံး ကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ မြို့နယ်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်တို့တင်ပြ၍ နှစ်၆၀ မြေငှားစာချုပ်(ဂရန်)မိတ္တူလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သင့်သွေးဖြင့် အသက်ကယ်ပါ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်တင်လှိုင်
အသက်(၆၃)နှစ်

ဖျာပုံပြည်သူ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေသော လက်ထောက်ဆရာဝန် ဒေါက်တာ ဆုမြတ်ဝေ၏မွေးမိခင် ဒေါ်တင်တင်လှိုင်သည် ၂၇-၆-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဆရာဝန်၊ ဆရာမများ
ခွဲစိတ်ကုသဆောင်၊ ဖျာပုံပြည်သူ့ဆေးရုံကြီး

အထူးကျေးဇူးတင်ရှိခြင်း

ဒေါက်တာမောင်မောင်(ခ)စာရေးဆရာဒေါက်တာမိုလာ နာမကျန်းဖြစ်စဉ်က ကူညီစောင့်ရှောက်ကုသပေးသော ရန်ကုန်ဆေးရုံကြီး အသည်းရောဂါဌာနမှ ဆရာဝန်ကြီး ဦးဝင်းနိုင်နှင့်တကွ ဆရာဝန်များအားလုံး၊ Sisterကြီး ဒေါ်စန်းစန်းအေးနှင့် သူနာပြု ဆရာမများအားလုံး၊ မကျန်းမာစဉ် ကူညီစောင့်ရှောက်အားပေးသော မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း(ဗဟို)၊ ရန်ကုန်တိုင်းအသင်းခွဲမှ ဆရာဝန်များအားလုံး၊ 17နှင့် 18 Batch (B.D.S) မှ သူငယ်ချင်းများအားလုံး၊ စာနယ်ဇင်းမှ စာရေးဆရာမိတ်ဆွေများ၊ ကျောက်ပန်းတောင်းမြို့နယ်အသင်းမှ တာဝန်ရှိသူများ၊ ရပ်ဝေးရပ်နီးမှ ဖုန်းနှင့်တစ်မျိုး၊ လူကိုယ်တိုင်လာရောက်အားပေးသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ပျောက်ဆုံး

ကျွန်တော် မောင်ဇော်သက်နိုင် ၁၁/ရသတ(နိုင်)၀၇၇၀၂၈၏နိုင်ငံကူးလက်မှတ် PassPort စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၆၄၂၄၅၉

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၃၅အီး၊ မြေကွက်အမှတ် ၄၅အီး/၄ဒီ၊မြေကွက်တည်နေရာအမှတ် ၅၃/က၊ သာသနာ့ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ဒေါ်မေစီသင်းအမည်ပေါက်မြေပိုင်မြေအား အမည်ပေါက် ဒေါ်မေစီသင်း ၁၂/ဗဟန(နိုင်)၀၃၂၅၄၉ က ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၁၃၃၄/၂၄-၉-၁၉၉၁)မှာစာချုပ်စာတမ်းမှတ်ပုံတင်ရုံး လက်ခံအမှန်တင်ပြ၍ အပိုင်ပေးစာချုပ်ချုပ်ဆိုရန်နှင့် မြေကွက်ခွဲစိတ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး ဦးခင်စိုး

တပ်ကြပ်(ငြိမ်း)၊ ကပစ(၄)
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေး/ငြိမ်းရပ်ကွက်၊ အင်လမ်းနေ (ဦးကျော်စိန်-ဒေါ်ခင်မြ)တို့၏သားကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၈)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊အမှတ်၄၁၄နေဒေါ်ခင်လှိုင် (ကစလ၊ငြိမ်း)၏ခင်ပွန်း(ဦးလှမြင့်)၊ (ဦးစံသိန်း)-ဒေါ်လှလှတို့၏ညီ/မောင်၊ ဦးလှဦး-ဒေါ်တင်နွဲ့၊ (ဦးခင်ထွေး)၊ (ဒေါ်အေးအေး) တို့၏အစ်ကို၊ ဦးသန်းလှ-ဒေါ်အေးအေးမြင့် တို့၏ညီ/မောင်၊ ဦးသန်းအောင်-ဒေါ်ခင်ဌေးဝင်း၊ ဦးအေးသန်း-ဒေါ်သီသီတင့်၊ ဦးမင်းအောင်-ဒေါ်တင်တင်ဝင်းတို့၏အစ်ကိုသည် ၃၀-၆-၂၀၁၃ရက် နံနက် ၀၅း၅၀ နာရီတွင် ရန်ကုန်မြို့ ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့်၄-၇-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၈၊မြေကွက်အမှတ်၉၁/ခ၊ မြေကွက်တည်နေရာအမှတ်(၉၁/ခ)နဝရတ်၁၁လမ်း၊(၈)ရပ်ကွက်၊ သာကေတမြို့နယ် ဦးသိန်းမောင် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးသိန်းမောင်(ဖခင်)နှင့် ဒေါ်တင်ညို(မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ဒေါ်ဌေးဝင်း ၂။ဒေါ်ကြည်ကြည်အေး၊ ၃။ဒေါ်စုကြည်၊ ၄။ဒေါ်နွဲ့နွဲ့ကြည်၊ ၅။ဒေါ်သန်းသန်းကြူတို့မှ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၁၆၇၈/၂၀၀၆ ၁၀-၅-၂၀၀၆ အရပိုင်ဆိုင်ခဲ့ပြီး အမှတ်စဉ်(၁)မှ (၄)အထိသည် စွန့်လွှတ်စာချုပ်အမှတ် ၁၆၇၉/၂၀၀၆ ၁၀-၅-၂၀၀၆ အရ ဒေါ်သန်းသန်းကြူအား စွန့်လွှတ်ခဲ့ကြပြီး ၎င်းကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ဦးထွန်းထွန်းဦး ၁၂/သကတ(နိုင်)၀၁၉၃၃၅ က သေစာရင်းနှင့် ကျမ်းကျိန်လွှာများ တင်ပြပြီး ပိုင်ဆိုင်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်အယ်လ်-၁၈/၆၁၊ မြေကွက်အမှတ်(၂၅၈၄) အမည်ပေါက် ဦးသန်းညွန့် ၁၂/ဗတထ(နိုင်)၀၀၃၈၅၇ထံမှ ဝယ်ယူထားသူ ဦးမြင့်သိန်း ၁၂/ကမန(နိုင်)၀၈၆၅၇၅သည် မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမှုရင်းတင်ပြ၍ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ မြေကွက်အမှတ်(၁၅၄၂/က)အမည်ပေါက် ဒေါ်တင် AG-၀၀၂၅၀၅ထံမှ အဆင့်ဆင့်ဝယ်ယူထားသူ ဦးစိန်သန်းဝင်း ၁၂/ဗဟန(နိုင်)၀၃၈၁၇၀ သည်မြေချပါမစ်ပြုလုပ်ပေးရန်လျှောက်ထားလာပါသဖြင့်ကန့်ကွက်ရန်ရှိပါကဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမှုရင်းတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကိုဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၈၉)၊ မြေကွက်အမှတ်(၇၆၄) အမည်ပေါက်ဦးလှကြည်၁၂/လကန(နိုင်)၀၆၁၃၉၄သည် မြေချပါမစ်ပြုလုပ်ပေးရန်လျှောက်ထားလာပါသဖြင့်ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမှုရင်းတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဦးကျင်ခဲ(ခ)လောင်ဦးချင်

(ရွှေလီစိန်ရွှေရတနာဆိုင်)

အသက်(၈၉)နှစ်

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ(၂) ဦးမောင်မောင်ထွေး၏ကျေးဇူးရှင်ဖခင်ကြီး ဦးကျင်ခဲ(ခ)လောင်ဦးချင်သည် ၂၈-၆-၂၀၁၃ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း
အလုပ်အမှုဆောင်အဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း

ဦးတင်ဝ(ဒု-ရေကြောင်းဌာနမှူးချုပ်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး)၏မိခင် ဒေါ်ကြန် အသက်(၇၄)နှစ် (ဝမ်းဘဲအင်း)သည် ၁-၇-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

I.M.T- CD (16) မှ
သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ချစ်သူငယ်ချင်း ဒေါက်တာမိုးစန္ဒာမြင့်-ဦးရန်မင်း ဒါရိုက်တာ First Top Group တို့၏ချစ်လှစွာသောမိခင် ဒေါ်ယဉ်ယဉ်မြင့်(ခ)ဝမ်ဟိုက်ကြူး (ဒိုက်ဦးမြို့)သည် ၂၈-၆-၂၀၁၃ရက်က ကွယ်လွန်သွားပါသဖြင့် သူငယ်ချင်းမိသားစုနှင့် အတူ ဝမ်းနည်းကြေကွဲရပါသည်။ အန်တီ ကောင်းရာသုဂတိလားပါစေ။

ပါမောက္ခ ဒေါက်တာဦးသီဝတင်-ဒေါက်တာစိမ်းမြမြအေး
ဒေါက်တာမနှင်းဦး
ဒေါက်တာတင်အောင်နိုင်-ဒေါက်တာစံပယ်တင်
ဒေါက်တာသန်းထွတ်-ဒေါက်တာတင်နိုင်မင်း
ဦးဇော်မင်းဦး-ဒေါက်တာချိုမာလွင်

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဇော်မင်း

(တရားလွှတ်တော်ရှေ့နေ)

အသက်(၆၀)

ကိုမျိုးဇော်ဦး-မနှင်းမာလွင် (Power Electronic) တို့၏ဖခင် ဦးဇော်မင်းသည် ၁-၇-၂၀၁၃ရက် နံနက် ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

MD, Director များနှင့်ဝန်ထမ်းများ
AKAI Electronic
Golden Drizzle Trading Co., Ltd.

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ရီရီမြင့်

အသက်(၅၆)နှစ်

ကချင်ပြည်နယ် စာရင်းစစ်ရုံး၏ရုံးအဖွဲ့မှူး ဦးမောင်ညို (ဒုတိယညွှန်ကြားရေးမှူး)၏ဇနီး၊ ပြည်မြို့နယ် စာရင်းစစ်ရုံးမှ စာရင်းစစ်မှူး ဒေါ်ရီရီမြင့် အသက်(၅၆)နှစ်သည် ၂၆-၆-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးသန့်ဇင် (ပြည်တွင်းအခွန်များ ဦးစီးဌာန)
ဦးစိုးလှိုင်မြင့်(ငါးလုပ်ငန်းဦးစီးဌာန)
ဦးကျော်ဇင်ဦး (ထွေ/အုပ် ဦးစီးဌာန)
ဦးစန်းလွင်(စည်ပင်)

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်စန္ဒာအောင်

92-Civil ချောက်မြို့
ဆောက်လုပ်ရေးဝန်ကြီးဌာန
အသက်(၄၅)နှစ်

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၊ အနောက်အရပ်၊တောင်ပိုင်း၊ လှည်းတန်းလမ်း၊ အမှတ် ၁၂၇နေ ဦးအောင်ဆန်းကြည်-ဒေါ်တင်တင်ထွေးတို့၏သမီးကြီး ဒေါ်စန္ဒာအောင်သည် ၁-၇-၂၀၁၃ရက်(တနင်္လာနေ့)ည ၇း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

C.G.T.I ကျောင်းဆင်းသူငယ်ချင်းများ

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကိုမေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ကြည်

အသက်(၈၂)နှစ်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နေ (ဦးအောင်ကြီး-ဒေါ်ဖွားညွန့်)တို့၏သမီး၊ ဦးသန်းချိန်-ဒေါ်ခင်ရီတို့၏ညီမ၊ ရန်ကုန်မြို့၊ ကမ္ဘာအေး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၁၁(A)၊ ဓနသိဒ္ဓိလမ်းနေ (ဦးကျော်ဒင်)၏ဇနီး၊ ဒေါ်ရင်ရင်မြ(လ/ထ ညွှန်ကြားရေးမှူး၊ ယခင်ကျန်းမာရေးစီမံကိန်းဦးစီးဌာန)၊ ဒေါ်စန်းစန်းရင်(ဒု-လ/ထ ညွှန်ကြားရေးမှူး၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန)၊ ဒေါ်စန်းစန်းနွဲ့(ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့)၊ ဦးအောင်အောင်(NSSPL)၊ ဒေါ်စိန်မမ (ဒုတိယညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)၊ ဒေါ်အေးအေးမာ(လ/ထညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၊ ဦးမျိုးမြတ်ကျော်(ခေတ္တ-မလေးရှား)တို့၏မိခင်သည် ၂-၇-၂၀၁၃ရက် နံနက် ၀၁း၅၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၃ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ဝင်းဝင်းမြင့် (မော်လမြိုင်)

အသက်(၇၃)နှစ်

(ဦးသောင်းညွန့်-ဒေါ်သန်းရှင်)တို့၏သမီး၊ (ဦးသက်-ဒေါ်သန်းရှင်)တို့၏ချွေးမ၊ [ဦးတင်လှိုင်၊ အင်ဂျင်နီယာမှူးကြီး၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း]၏ဇနီး၊ (ဦးလှအောင်)-ဒေါ်အေးအေးညွန့်တို့၏ညီမ၊ (ဦးလှဒင်)-ဒေါ်ထွန်း၊ ဒေါ်စန်းစန်းမြင့်၊ ဦးစံမြင့်-(ဒေါ်သန်းသန်းဆွေ)၊ ဦးစိုးမြင့်-ဒေါ်တင်ရွှေ၊ (ဦးစိုးဝင်း)-ဒေါ်မြင့်မြင့်ဦးတို့၏အစ်မသည် ၂-၇-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၄-၇-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဒေါ်နုနုရီ

လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ်
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လက်ပန်လမ်း၊ အမှတ် ၅နေ ဦးလှမြင့် [ဒုတိယအမှုဆောင်၊ ညွှန်ကြားရေးမှူး၊ (ငြိမ်း)၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ်]၏ဇနီးသည် ၁-၇-၂၀၁၃ရက် (တနင်္လာနေ့)တွင် ဆာကူရာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ပန်းရောင်(ခ)ဒေါ်သန်းသန်းအေး

အသက်(၅၆)နှစ်

ပြင်ဦးလွင်မြို့မှ ဆရာဦးတင်မောင်ငြိမ်း၏ ချစ်လှစွာသောဇနီး ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဒေါ်ပန်းရောင်(ခ)ဒေါ်သန်းသန်းအေးသည် ၁-၇-၂၀၁၃ရက် (တနင်္လာနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အတန်းဖော် ငယ်သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ပန်းရောင်(ခ)ဒေါ်သန်းသန်းအေး

အသက်(၅၆)နှစ်

ပြင်ဦးလွင်မြို့မှ ဆရာ ဦးတင်မောင်ငြိမ်း၏ ချစ်လှစွာသောဇနီး ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဒေါ်ပန်းရောင်(ခ)ဒေါ်သန်းသန်းအေးသည် ၁-၇-၂၀၁၃ရက် (တနင်္လာနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အထက(၄)ပြင်ဦးလွင်
ကျောင်းသားဟောင်းများအဖွဲ့

ဒေါ်မေသန်းရီ(မုံရွာ) B.Ag (၁၉၈၆)

ဒုတိယညွှန်ကြားရေးမှူး၊ စက်မှုသီးနှံဖွံ့ဖြိုးမှုဦးစီးဌာန
အသက်(၅၀)

မုံရွာမြို့၊ ဒေါနခြံရပ်၊ လယ်တီလမ်းနေ (ဦးစိန်ထွန်း-ဒေါ်ငွေးကြည်)တို့၏သမီး၊ ဒေါက်တာထွန်းညို-ဒေါ်မေသန်းကြည်၊ ဦးနိုင်ဝင်း-ဒေါ်အေးအေးသန်း၊ ဦးသင်းစိန်တို့၏ညီမ၊ ဒေါ်အေးအေးသန်း(မုံရွာပြည်သူ့ဆေးရုံကြီး)၊ ဒေါ်ယဉ်မိုးထွေးတို့၏အစ်မ၊ ဒေါ်အေးအေးသက်ထွန်း(အထပြ၊ အထက-၄)၊ ဒေါက်တာကျော်ဇောလင်း၊ ဗိုလ်ကြီးထက်နေအောင် [အရိုးအထူးကုဆရာဝန်၊ တပ်မ(၇၇) ဆေးမှူး]တို့၏အဒေါ်သည် ၂-၇-၂၀၁၃ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၃း၃၀နာရီတွင် မုံရွာမြို့ မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မေသန်းရီ

အသက်(၅၀)

စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒေါ်မေသန်းရီ (ဒု-ညွှန်ကြားရေးမှူး) အသက်(၅၀)သည် ၁-၇-၂၀၁၃ရက် (တနင်္လာနေ့) ည ၁၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ
ဝါနှင့် ပိုးချည်ပညာပေးရေးနှင့်
နည်းပညာဖွံ့ဖြိုးရေးဌာနခွဲ
ရုံးအမှတ်(၅၀)၊ နေပြည်တော်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအောင်ကြွယ်(ခ)

ဦးအိန်မြိုင် (မော်လမြိုင်)

ဦးစီးအရာရှိ(ပ)ရေသန့်၊
ဆောက်လုပ်ရေးဝန်ကြီးဌာန(ငြိမ်း)
National Consultant Engineer (WHO) (Rtd)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာရံရိပ်သာ (၃)ရပ်ကွက်၊ အမှတ် ၂၈/F၊ ကြာပဒုမ္မာလမ်းနေ(ဦးဟုတ်ရှိန်-ဒေါ်ဖွားမေ)တို့၏သားထွေး၊(ဦးဘရွှန်း-ဒေါ်အမာ)တို့၏သားသမက်၊(ဒေါ်မေမေသိန်း)၏ခင်ပွန်း၊ (ဦးဘန်ဟို-ဒေါ်စိန်လွှမ်)၊ (ဒေါ်စိန်ဟွား)၊ (ဦးအိန်ဂွမ်း-ဒေါ်တွမ်)၊ (ဦးအိန်ဆိုင်-ဒေါ်ငွေးယဉ်)၊ (ဒေါ်ဝင်းစိန်)၊ [ဦးအိန်စွမ်း(ခ)ဦးအေးကျော်-ဒေါ်ကြည်ကြည်]၊ (ဒေါ်မာပု)၊ (ဦးဟောင်စိန်-ဒေါ်မာကြည်)တို့၏ညီ/မောင်၊ ဒေါက်တာဝင်းအောင်(ဗန်းမော်ဆေးရုံအုပ်ကြီး) - ဒေါက်တာအေးအေးသန်း၊ဦးညွန့်အောင်(A.K.S Trading)-ဒေါ်မော်မော်တို့၏ဖခင်၊ မောင်အောင်ကျော်လင်းချို (Uniteam Marine., Ltd.) - ဒေါက်တာစိမ့်စိမ့်စမ်းအောင် (United Pharmaceutical Co., Ltd.)၊ မောင်သူရိန်လင်းထွန်း (NCS Co., Ltd.) - မယုကလျာစမ်းအောင် (Cast Lab Co., Ltd.)၊ ဒေါက်တာမေသက်သက်ဇင်(လ/ထဆရာဝန်၊ မုံရွာဆေးရုံ)၊ မောင်စိုးမိုးနိုင် [ဦး/ရှိ၊ ထွေ/အုပ် (ရုံးချုပ်)] - မယဉ်နွယ်ဦးတို့၏အဘိုး၊ မောင်ဘုန်းပြည့်စုံအောင် (ခ) မြဲမြဲ၏ ဘိုးဘိုးကြီးသည် ၁-၇-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၅း၁၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်မာလာ(ခ)ဖလော်ရီ

(တယ်လီဖုန်းအော်ပရေတာ၊
သစ်လုပ်ငန်းရုံးချုပ်၊ ငြိမ်း)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ အိုးဘိုလမ်း၊ အမှတ် ၅နေ (ဦးအန်ထော်နီ)၏ဇနီး၊ (ဦးမိုးဇက်-ဒေါ်ဆူစန်မာရေး)တို့၏ ဒုတိယမြောက်သမီး၊ (ဦးဂျိုး)၏ညီမ၊ (ဒေါ်မေရီ)၊ ခရစ်စတီးနားမောရဇ် (ဩစတြေးလျ)တို့၏အစ်မ၊ (ပါပူးရဖီး)၊ မော်နာ၊ အယ်နား၊ ဘူကြီးတို့၏မိခင်သည် ၂-၇-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၆း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃-၇-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် စိန့်ဂျိုးဇက်ဘုရားကျောင်း သဃ်န်းကျွန်းမြို့နယ်၌ ဝတ်ပြုဆုတောင်းပြုပြီး ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (ဘုရားကျောင်းမှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ကိုကျော်ကျော်ဦး

၁၆၆လမ်း၊တာမွေကြီး(ခ)ရပ်ကွက်
အထက(၃)တာမွေ
ကျောင်းသားဟောင်း
အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၆လမ်း၊ အမှတ် ၄၃နေ ဦးအောင်ရွှေ-ဒေါ်မြင့်မြင့်တို့၏ သား၊ဦးစတီဗင်-ဒေါ်အေးအေးဟန်တို့၏ သားသမက်၊မခိုင်ဇာလင်း၏ခင်ပွန်း၊ဒေါ်မြင့်ရွှေ(အမက-၁၊ ဗဟန်း)၊ ဒေါက်တာအေးမြင့်ဦး၊ ဦးတင်မြင့်ဦး-ဒေါ်နီလာရွှေ၊ ဒေါ်မာမာဦးတို့၏မောင်၊ မမြတ်ဆုကျော်(G-3, A, အထက-၃၊ တာမွေ)၊ မောင်မင်းဉာဏ်အောင်တို့၏ ဖခင်သည် ၂-၇-၂၀၁၃ရက်(အင်္ဂါနေ့)နံနက် ၅နာရီတွင် အမှတ် ၄၅၊ ၁၆၆လမ်း၊ တာမွေကြီး(ခ)ရပ်ကွက်နေအိမ်၌ကွယ်လွန်သွားပါ၍ ၄-၇-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁း၁၅နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးရွှေ

အသက်(၈၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတတိုက်နယ်၊ ပေါက်တန်းလေးကျေးရွာနေ (ဦးမောင်မြင့်-ဒေါ်ဆိတ်)တို့၏သား၊ (ဦးချိုလေး-ဒေါ်ပု)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟလမ်းသွယ်(၃၃)လမ်း၊ အမှတ် ၁၂၄၀နေ ဒေါ်ကျင်၏ခင်ပွန်း၊ ဦးအောင်နိုင်-ဒေါ်ခင်အုန်းမြင့်၊ ဦးသန်းအေး-ဒေါ်မြင့်မြင့်စန်း၊ ဦးအေးချို-ဒေါ်မိုးစန္ဒာမြင့်၊ ဒေါ်နုနုထွေးတို့၏ဖခင်၊ မယဉ်ယဉ်သူ၊ မစုမြတ်လင်းတို့၏အဘိုးသည် ၁-၇-၂၀၁၃ရက် (တနင်္လာနေ့) ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းမောင် (လားရှိုး)

အသက်(၈၆)နှစ်

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ဓာတုဗေဒဌာနမှ ပါမောက္ခ ဒေါက်တာ ဒေါ်စန်းစန်းဦး၏ဖခင် ဦးသိန်းမောင်သည် ၂၇-၆-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခ(ဌာနမှူး) ဒေါက်တာဒေါ်ခင်ချိုတင်နှင့်
ဓာတုဗေဒဌာနမိသားစု
ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးသိန်းအေး

ဒုတိယစစ်ထောက်ချုပ်
အသက်(၅၇)နှစ်

ချစ်ခင်လေးစားရပါသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ထောက်ချုပ်ရုံးမှ ဒုတိယစစ်ထောက်ချုပ် ဗိုလ်မှူးကြီးသိန်းအေးသည် ၂၇-၆-၂၀၁၃ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဆရာ ကောင်းရာသုဂတိလားပါစေ။

ဗိုလ်မှူးကြီးတင်စိုးနှင့် ဇနီး ဒေါ်မေခိုင်ဦး မိသားစု

ဦးကြည်သိန်း

အထက်တန်းသုတေသနအရာရှိ(ငြိမ်း)
ဆေးသုတေသနဦးစီးဌာန
(အောက်မြန်မာပြည်)
အောင်ပညာသာသနာပြုအဖွဲ့(ဥက္ကဋ္ဌ)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကြို့ပွားရေးရပ်ကွက်၊ အောင်ရတနာလမ်း၊ အမှတ် ၄၃၅/ကနေ ဒေါ်တင်မြ၏ခင်ပွန်း၊ ဦးသိန်းထွန်းအောင်(ဖွဲ့မာန်ကားအလိုင်းမင်း) - ဒေါ်ကြူကြူစမ်း(ဆေးသုတေသန)၊ ဦးသိန်းထွန်းမောင်(ဘီကာကွယ်ဆေးစက်ရုံ)-ဒေါ်ခင်မိုးဖြူ(ဘီကာကွယ်ဆေးစက်ရုံ)၊ ဦးသိန်းထွန်းဆောင်၊ ဦးကျော်ဇင်သန့်-ဒေါ်ဇင်မီသိန်း(ဆေးသုတေသန)၊ဦးထွန်းထွန်းအောင်-ဒေါ်နိုင်မီသိန်း(ဘီကာကွယ်ဆေးစက်ရုံ)တို့၏ဖခင်၊ မပို့ပို့သိန်းအောင်(GTC ၊ သန်လျင်)၊ မသျှားနန္ဒီသိန်းအောင်(အထက-၄၊သဃ်န်းကျွန်း)၊ မောင်ဘုန်းမြင့်မိုရ်တို့၏အဘိုးသည် ၂-၇-၂၀၁၃ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၃ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်စန္ဒာအောင်

92-Civil ချောက်မြို့
ဆောက်လုပ်ရေးဝန်ကြီးဌာန
အသက်(၄၅)နှစ်

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၊ အနောက်အရပ်၊ တောင်ပိုင်း၊ လှည်းတန်းလမ်း၊ အမှတ် ၁၂၇နေ ဦးအောင်ဆန်းကြည်-ဒေါ်တင်တင်ထွေးတို့၏သမီးကြီးသည် ၁-၇-၂၀၁၃ရက် (တနင်္လာနေ့) ည ၇း၂၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ် ၇၀၄၊ ငါးလွှာ/ဘီ၊ ကမ္ဘောဇလမ်း၊ မေတ္တာညွန့်၊ တာမွေမြို့နယ်နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ဝင်းဝင်းမြင့်(မော်လမြိုင်)

အသက်(၇၃)နှစ်

(ဦးသောင်းညွန့်-ဒေါ်သန်းရှင်)တို့၏သမီး၊ (ဦးသက်-ဒေါ်သန်းရှင်)တို့၏ချွေးမ၊ [ဦးတင်လှိုင်၊ အင်ဂျင်နီယာမှူးကြီး၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း]၏ဇနီး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆဒ္ဒန်လမ်း၊ အမှတ် ၅၂၊ တတိယထပ်(ယာ)နေ ဦးတင်ဇော် (SELLY'S ART & MIRACO MARINE)-ဒေါ်မိုးမိုး၊ ဦးဝင်းဇော်-ဒေါ်သန္တာရှိန်၊ ဒုတိယဗိုလ်မှူးကြီးသောင်းအေး(တပ်မတော်-လေ)-ဒေါ်သီတာဇော် (MYANMAR - FAW Co., Ltd.)၊ ဦးကိုကိုနိုင်ဦး(မြန်မာ့စီးပွားရေးဦးပိုင်ကုမ္ပဏီလီမိတက်)-ဒေါ်ထွေးနုဇော်တို့၏မိခင်၊ မောင်နေဇလအောင်၊ မောင်ကိုကိုမင်းထန်၊ မချိုသစ္စာသောင်းအေး၊ မကေသရီကိုကိုနိုင်တို့၏အဘွားသည် ၂-၇-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

မောင်ဇင်ကိုထက်

အထက(၃)မုံရွာ
(ကျောင်းသားဟောင်း)
အသက်(၁၉)နှစ်

မုံရွာမြို့၊ နန္ဒဝန်အေးရိပ်သာလမ်းနေ ဒုရဲမှူးမြင့်သိန်း - ဒုလဝကမှူး မနွယ်နီသန်းတို့၏သားသည် ၁-၇-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ မုံရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၆နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

ပြည်သူ့လွှတ်တော်အစည်းအဝေး

ပြန်လည်ပေးဆပ်ရန်ကာလကို အနည်းဆုံး ခုနစ်လမှ ဆယ်လ(တစ်နှစ်)အထိ စောင့်ဆိုင်းကောက်ခံပေး

နေပြည်တော် ဇူလိုင် ၂

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး ပဉ္စမနေ့ကို အစီအစဉ် (၉)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး မေးခွန်း(၁၀)ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း (၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဇွန်လ ၂၅ ရက်တွင် နိုင်ငံတော်သမ္မတထံ ပေးပို့ခဲ့သည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး အမြန်ဆုံးခေါ်ယူပေးနိုင်ရေး သဝဏ်လွှာနှင့်ပတ်သက်၍ ဆောင်ရွက်ချက်

အောင်မြေသာစံ မဲဆန္ဒနယ်မှ ဦးကိုကြီး မေးမြန်းစဉ်။ (သတင်းစဉ်)

များကို လွှတ်တော်သို့ တင်ပြသည်။

ယင်းသို့တင်ပြရာတွင် မိမိ၏ သဝဏ်လွှာ၌ "အချို့သောငြိမ်းချမ်းရေး ဆွေးနွေးရမည့် ကိစ္စရပ်များတွင် မလိုလားအပ်သော ကိစ္စရပ်များနှင့် ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်ကြောင်းကို ပြည်သူများအတွင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ အတွင်းမှ တင်ပြလာမှုများ ရှိပါသည်"ဟူ၍ အပိုဒ် တစ်ပိုဒ်ပါရှိပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍

တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကို ဥပဒေကြမ်းတင်သွင်းစဉ်။ (သတင်းစဉ်)

ယမန်နေ့က ကျင်းပခဲ့သည့် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးတွင် ထပ်ဆင့်ဆွေးနွေးနိုင်ခဲ့ပြီးသက်ဆိုင်ရာ တာဝန်ရှိသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက မည်သို့ မည်ပုံဖြေရှင်းပေးနေသည်ကိုလည်း ကြားသိခဲ့ရပါကြောင်း။

ယင်းအစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်များသည်လည်း အများသိသင့်သည့်ကိစ္စများဖြစ်သည့်အတွက် ယခုတင်ပြလိုပါကြောင်း၊ ယင်းဆုံးဖြတ်ချက်များမှာ ငြိမ်းချမ်းရေးရရှိအောင် မဖြစ်မနေကြိုးစား

စာမျက်နှာ ၇ ကော်လံ ၁ ◆

အမျိုးသားလွှတ်တော်အစည်းအဝေး

ဆေးလိပ်သောက်သုံးမှုကြောင့် တစ်ကမ္ဘာလုံးတွင် လူခြောက်သန်းခန့် သေဆုံးလျက်ရှိ

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ပြန်လည်ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂

ပထမအကြိမ်အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့တွင် အစီအစဉ် (၁၅)ဖြင့်ကျင်းပပြီး မေးခွန်း(၃)ခုမေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း (၁)ခုတင်သွင်းခြင်း၊ အစီရင်ခံစာ (၁)ခု တင်သွင်းခြင်း၊ ဥပဒေကြမ်း (၁)ခုအတည်ပြုခြင်းနှင့် အဆို(၁)ခု ဆွေးနွေးအတည်ပြုကြသည်။

ရှေးဦးစွာ လွှတ်တော်ဥက္ကဋ္ဌက ဘဏ္ဍာရေးနှင့် ဥပဒေရေးရာ ကော်မရှင်တွင် တိုးချဲ့ဖွဲ့စည်းသည့် အဖွဲ့ဝင်များ၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြပြီး အတည်ပြုချက်ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်(၃)ဦးတို့၏ မေးမြန်းချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ပြန်လည်ဖြေကြားကြသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်၏ AEC အတွက် ရမှတ်ကို လက်တွေ့အကောင်အထည်ဖော်မှု ရာခိုင်နှုန်းကို သိရှိလိုခြင်းမေးမြန်းချက်နှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေကြမ်းအား တင်သွင်းပြီး ယင်းဥပဒေကြမ်းကို

စာမျက်နှာ ၇ ကော်လံ ၄ ❍

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဒေါက်တာမြဦး ဆွေးနွေးစဉ်။ (သတင်းစဉ်)

အရပ် ၇ ပေ၊ ၁၀ လက်မ ဝင်းဇော်ဦးရဲ့ လက်ရှိအခြေအနေ

ပါမောက္ခ ခင်မောင်ဝင်း

အရပ် ၇ ပေ၊ ၁၀ လက်မရှိတဲ့ ဝင်းဇော်ဦးနဲ့ပတ်သက်ပြီး (၂၆-၆-၂၀၁၃) နေ့ မြန်မာ့အလင်းသတင်းစာမှာ ဆောင်းပါးတစ်ပုဒ်ကို ရေးခဲ့ပါတယ်။ အခုဆက်လက်ပြီး လက်ရှိအခြေအနေ၊ ဝင်းဇော်ဦး နောင်ဘာတွေဆက်လုပ်မလဲ၊ ဘာတွေဆက်ဖြစ်လာနိုင်မလဲဆိုတာ ပြည်သူတွေသိဖို့ ဆက်ရေးလိုက်ပါတယ်။

ဝင်းဇော်ဦးဟာ သူ့ရဲ့ဇာတိဖြစ်တဲ့ နတ်မောက်မြို့နယ် ထုံးပေါက်ချိုင်းရွာကနေ သီးသန့်စီစဉ်ထားတဲ့ Light Truck ကားစီးပြီး ရန်ကုန်ကို စနေနေ့ (၂၉-၆-၂၀၁၃)မှာ ချောချောမောမော ရောက်ရှိလာပါတယ်။ ဘယ်ကားနဲ့မှ မဆံ့လို့ Light Truck ကားကို စီးရတာပါ။

ရောက်ရောက်ချင်းပဲ သူ့ကို Novel အစာအိမ်နဲ့ အူလမ်းကြောင်းဆေးရုံမှာ တင်ထားလိုက်ပါတယ်။ ရောက်ပြီး နောက်နေ့ တနင်္ဂနွေနေ့မှာ ပင်လုံဆေးရုံကိုသွားပြီး ခေါင်းကို CT ဓာတ်မှန်ရိုက်ပါတယ်။ အပြန်မှာ လမ်း (၃၀) ကိုဝင်ပြီး သွေးစစ်ပါတယ်။ အရိုးကို တိုင်းတာစစ်ဆေးမှုတွေလည်းလုပ်ပြီး ဓာတ်မှန်တွေလည်းရိုက်ပါတယ်။ မြန်မာနိုင်ငံမှာစစ်လို့မရတဲ့ IGF1 (ခန္ဓာကိုယ်ကြီးထွားမှု ဟော်မုန်း)ကို နိုင်ငံခြားပို့ စစ်ဆေးဖို့လည်း စီစဉ်ရပါတယ်။

ဝင်းဇော်ဦးဟာ စိတ်တွေလှုပ်ရှားပြီး ဝမ်းသာတာတစ်ပိုင်း၊ စိုးရိမ်စိတ်တွေတစ်မျိုးနဲ့ ဘယ်လိုဖော်ပြမှန်းမသိတဲ့ ခံစားမှုတွေရှိတယ်လို့ ပြောပါတယ်။ ချွေးတွေကလည်း ထွက်လိုက်တာ အလွန်ပဲ၊ အစားတွေကတော့ စားနိုင်ပါတယ်။

နောက်နေ့ တနင်္လာနေ့မှာတော့ ရန်ကုန်မြို့ M3 စားသောက်ဆိုင်မှာ စီစဉ်ထားတဲ့ သဘာဝလွန် အရပ်ရှည်တဲ့ ဝင်းဇော်ဦးအကြောင်း သတင်းစာရှင်းလင်းပွဲ ကျင်းပတဲ့နေရာကို ဝင်းဇော်ဦး ရောက်လာပါတယ်။ သတင်းစာရှင်းလင်းပွဲကတော့ တော်တော်ကြီးကို စည်စည်ကားကားပါပဲ။ ဝင်းဇော်ဦးအကြောင်း သိလိုတဲ့ သတင်းစာ၊ စာနယ်ဇင်း၊ တီဗွီ၊ မီဒီယာ စုစုပေါင်း ၂၇ ဖွဲ့ကျော် တက်ရောက်အားပေးပါတယ်။

စာမျက်နှာ ၅ ကော်လံ ၁ ●

ယနေ့
မာတိကာ

လက်ခုပ်ပင်ဘူတာတွင် စာပို့ရထားများ ပြန်လည် ရပ်နားပေး၍ ခရီးသွားများနှင့် ဒေသခံပြည်သူများပျော်ရွှင် စာ - ၂

အလုံမြို့နယ်တွင် အနုကြမ်းစီးမှုဖြစ်ပွား စာ - ၅

ပထမတန်းစား သဘောထား ဆောင်းပါး စာ - ၆

ဗိုလ်တထောင်မြို့နယ် ၅၁ လမ်း၌ ပြည်သူ့အိမ်ရာ ကွန်ဒိုနှစ်လုံး မကြာမီဆောက်မည် စာ - ၁၂

အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်

နေပြည်တော် ဇူလိုင် ၂

ယနေ့ မွန်းလွဲ ၂ နာရီ ၁၀ မိနစ် ၁၆ စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ တောင်ဘက် မိုင် ၈၅၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်ပ အင်ဒိုနီးရှားနိုင်ငံ (Northern Sumatra, Indonesia) ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင် တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာ ရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**